# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကိုမြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၁၀ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၉၂)


# တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မသွားစေရေးအတွက် တည့်မတ်ထိန်းကျောင်းမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထမ်းဆောင်လျက်ရှိ

**နေပြည်တော် မေ ၉**

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၁၂၄) သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့ရှိ အဆိုပါ ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် အောင်ဇော်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဗထူး တပ်နယ်နှင့် ကလောတပ်နယ်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းဆင်း ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းသည် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက အကောင်းဆုံး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ် ၇၇ ဗိုလ်လောင်း ဟန်ဇော်ဝင်းအား ငွေဓားဆုပေးအပ်ချီးမြှင့်စဉ်။

ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ် ၇၇ ဗိုလ်လောင်း ဟန်ဇော်ဝင်းအား ငွေဓားဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း က

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ နဝမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၉**

ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကိုဗစ် - ၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ကျင်းပသည်။

ယနေ့တွင် ရောင်းချပွဲ အဋ္ဌမနေ့က အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့သည့် ကျောက်စိမ်း အတွဲအမှတ် (၁၃၅၁) မှ အတွဲအမှတ် (၁၈၀၀) အထိ အတွဲပေါင်း(၄၅၀) တွင် ကျောက်စိမ်းအတွဲ ၄၄၃ တွဲကို မြန်မာငွေကျပ် ၇၆၄၇၈၇၂၉၄၃ ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။

ယခုရောင်းချပွဲ နဝမနေ့တွင် ကျောက်စိမ်းအတွဲ အမှတ် (၁၈၀၁) မှ အတွဲအမှတ် (၂၁၄၈) အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ရတနာကုန်သည်များက မဏိရတနာကျောက်စိမ်းခန်းမ



အတွင်း သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ နံနက် ၁၁ နာရီ နောက်ဆုံးထား၍ ထည့်သွင်းကြသည်။

ထို့နောက် ကျောက်စိမ်းအတွဲအမှတ် (၁၈၀၁) မှ အတွဲအမှတ် (၂၁၄၈) အထိတင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ

*စာမျက်နှာ ၂၅ ကော်လံ ၃* ▼

**အင်တာနက်လူမှုကွန်ရက်များပေါ်တွင် လူပုဂ္ဂိုလ်ဆိုင်ရာ စော်ကားအသရေဖျက်မှုများကို တရားစွဲ တိုင်တန်းနိုင်ကြောင်း အသိပေးထုတ်ပြန်ခြင်း**

စာ ၂၇

# ဗုဒ္ဓမြတ်စွာဟောကြား ကျင့်ဝတ်များနှင့်အညီ

လောက၌ ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ဗုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းခဲ့သည်။ လောက၌ ခပ်သိမ်းသော သတ္တဝါတို့၏ ချမ်းသာကြစေခြင်းအကျိုးငှာ တရားတော်မြတ်ပေါ်ထွန်းခဲ့သည်။ လောက၌ ခပ်သိမ်းသော သတ္တဝါတို့၏ ကောင်းမှုကုသိုလ်ရကြခြင်းအကျိုးငှာ သံဃာတော်တို့ ပွင့်ထွန်းခဲ့သည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံအဖြစ် ရာစုနှစ်ပေါင်းများစွာ ရပ်တည်လာခဲ့သည်။ မြန်မာတို့၏ ယဉ်ကျေးမှု၊ အတွေးအခေါ်၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းများတွင် ဗုဒ္ဓဘာသာ၏ အဆုံးအမတို့မှာ တစ်သားတည်းပင် ဖြစ်တည်လျက်ရှိနေသည်။ ဗုဒ္ဓဘာသာသာသနာ ထွန်းလင်းတောက်ပနေရန်မှာ သာသနာ့ဝန်ထမ်း ရဟန်းသံဃာများ၏ ပရိယတ္တိ၊ ပဋိပတ္တိ အားထုတ်မှုများနှင့် သာသနာ့ဒါယကာ ဒါယိကာမတို့၏ ပစ္စည်းလေးပါး လှူဒါန်းထောက်ပံ့မှုတို့က အဓိကကျသည်။ ဆရာဒကာ ညီညာသည်နှင့်အမျှ ကုသိုလ်အကျိုးတရားတို့ တိုးပွားဖြစ်ထွန်းသကဲ့သို့ ဘာသာ သာသနာသည်လည်း ရောင်ဝါတောက်ပလာရသည်-

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းကြကုန်သော ဒါယကာ ဒါယိကာမများ၏ ကုသိုလ်အကျိုးစီးပွားတို့သည် လယ်ယာမြေကောင်းတွင် ချအပ်သော မျိုးစေ့တို့ကဲ့သို့ တိုးပွားဖြစ်ထွန်းကြစေခြင်းအလို့ငှာ ရဟန်းတော်များ လိုက်နာစောင့်ထိန်းကြရမည့် "ရဟန်းကျင့်ဝတ် ခြောက်ပါး"ကို မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည် –

- မကောင်းမှု မပြုမိစေရန် တရားပြ၍ တားမြစ်ကုန်ရာ၏။
- ကောင်းမှုတရား၌ သက်ဝင်ယုံကြည်စေရန် တရားဖြင့်လမ်းညွှန်ရာ၏။
- ကောင်းသော မေတ္တာစိတ်ဖြင့် ဒါယကာ ဒါယိကာမတို့အား စောင့်ရှောက်ကုန်ရာ၏။
- မကြားဖူး၊ မသိဖူးသေးသော တရားစကားများကိုလည်း ဟောကြားရာ၏။
- ကြားဖူးသိဖူးသော တရားစကားများကိုလည်း အသိအမြင်ဖြူစင်သန့်ရှင်းစေရန် အဖန်ဖန် အထပ်ထပ် ဟောကြားရာ၏။
- နတ်ပြည်နိဗ္ဗာန်သို့ သွားရောက်မည့်ခရီးအား ညွှန်ပြကုန်ရာ၏ ဟူ၍ဖြစ်သည်။

တစ်ဖက်တွင်လည်း ဒါယကာ ဒါယိကာမများက ရဟန်းသံဃာတော်များအပေါ် ယုံကြည်အားထားကိုးကွယ်ကြရာတွင် တွယ်တာမှုလောဘကို အခြေခံ၍ ကိုးကွယ်ဆည်းကပ်မှုမျိုး မဖြစ်စေရန် နည်းလမ်းမှန်ကိုပြသကာ ဗုဒ္ဓမြတ်စွာဘုရားက "ဒါယကာကျင့်ဝတ်ငါးပါး" ကို သွန်သင်ညွှန်ပြခဲ့ရာ–

- ရဟန်းသံဃာတော်များအား ကိုးကွယ်ရာတွင် မေတ္တာနှင့်ယှဉ်ကာ ကာယကံမှုဖြင့် တရားတော်နှင့်အညီ ဆည်းကပ်ကိုးကွယ်ရမည်။
- မေတ္တာနှင့် ယှဉ်သော ဝစီကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်။
- မေတ္တာနှင့် ယှဉ်သော မနောကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်။
- အမြဲမပြတ် လှူဒါန်းလိုသော အလေ့အထစိတ် ထားရှိ၍ အလှူခံပုဂ္ဂိုလ်အား တံခါးဖွင့်ကာ မျှော်လင့်စောင့်ဆိုင်းနေသည့် စေတနာ သဒ္ဓါတရားမျိုးဖြစ်ရမည်။
- ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေး စသော အာမိသတို့ကို ပေးလှူခြင်းဖြင့် သံဃာတော်များကိုပြုစုစောင့်ရှောက်ကြရမည်ဟူ၍ ဟောကြားခဲ့သည်ကို သိင်္ဂါလောဝါဒ သုတ္တန်တွင် တွေ့ရှိနိုင်သည်။

ဗုဒ္ဓသာသနာတော် တည်တံ့စေရန်မှာ မြတ်စွာဘုရားဟောကြားတော်မူသည့် တရားတော်များကို ပရိယတ္တိစာပေဖြင့် ထိန်းသိမ်းခြင်းက အဓိကကျသည်။ ပရိယတ္တိစာပေကို ကြိုးပမ်းစောင့်ရှောက်မည့် ဂန္ထဓုရ တာဝန်များကို ထမ်းဆောင်မည့်သူများမှာ သံဃာတော်များသာလျှင်ဖြစ်ရာ ဆရာ ဒကာ ညီညာဖြိုးကြိုးပမ်းအားထုတ်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် နေရောင်၊ လရောင် သဖွယ် ထွန်းလင်းတောက်ပစေကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာမိုးသွယ် ဒုတိယညွှန်ကြားရေးမှူးချုပ် မူပိုင်ခွင့်ဦးစီးဌာန စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မူပိုင်ခွင့်ဦးစီးဌာန စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာန |
| (၂) | ဒေါက်တာမြတ်ညွန့် ဒုတိယပါမောက္ခချုပ် ကျိုင်းတုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် တောင်ငူတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာတင်ထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြား) ကျန်းမာရေးနှင့်လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

# တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၉**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ပြည်ထောင်စုဝန်ကြီးရုံး(စီမံကိန်း)၊ ဗဟိုစာရင်းအင်းအဖွဲ့ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့မှ အရာထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်း**

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းခဲ့ပြီး ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ စည်းစည်းလုံးလုံး တာဝန်ထမ်းဆောင်သွားကြရေး၊ COVID–19 ရောဂါကို မပေါ့ဆပဲ သတိပြုဆင်ခြင်နေထိုင်ရေးတို့ကို ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဒေါ်သန်းသန်းလင်းနှင့် ဦးကိုကိုလွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနရှိ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ၊ မှတ်တမ်းခန်းများ၊ မော်ကွန်းသိမ်းဆည်းခန်းများ၊ ရည်ညွှန်းစာဖတ်ခန်းများ၊ စက္ကူမဟုတ်သည့် မှတ်တမ်းခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

*✻ ရှေ့ဖုံးမှ*

သင်တန်းဆင်း မိန့်ခွန်း ပြောကြားရာတွင် **“တပ်မတော် (ကြည်း) တွင် အရည်အချင်း ပြည့်ဝသည့် အရာရှိများ ပေါ်ထွန်းလာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကို ပိုင်နိုင်စွာကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန်”** ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ အခြေခံစစ်ပညာများ၊ ခေါင်းဆောင်မှုနှင့် ကွပ်ကဲမှုပညာရပ်များ၊ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များကို သိရှိနားလည်စေရန် သင်ကြားလေ့ကျင့်ပေးလိုက်ပြီးဖြစ်ကြောင်း၊ စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်ရမည့် ရဲဘော်တို့ကို တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် (ကိုယ်စား) သိသင့်သိထိုက်တာများ၊ မှာကြားရန် လိုအပ်သည်များကို အလေးအနက်ထား မှာကြားသွားမည်ဖြစ်ကြောင်း။

### အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့

တပ်မတော်တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ရဲဘော်တို့သည် တပ်မတော်၏ အတိတ်သမိုင်းကြောင်းနှင့် အစဉ်အလာများကို သိရှိထားရန် လိုအပ်ကြောင်း၊ တပ်မတော်ကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့၏ ဦးဆောင်မှုဖြင့် ဗမာ့လွတ်လပ်ရေး တပ်မတော် (BIA) အဖြစ် စတင်သန္ဓေတည် ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းမှ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)၊ ဗမာ့အမျိုးသားတပ်မတော် (BNA) နှင့် မျိုးချစ်ဗမာ့တပ်မတော် (PBF) အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုနှင့် ခိုင်မာသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် မြန်မာ့တပ်မတော်သမိုင်း စတင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက်နှင့် စနစ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ကြောင်း၊ နိုင်ငံတော်၏ ပြည်တွင်း၊ ပြည်ပအန္တရာယ်အမျိုးမျိုးကိုလည်း တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပြီး အောင်မြင်စွာ ကာကွယ်ဖြေရှင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အခြေခံပြီး တိုင်းရင်းသား ပြည်သူကြားက ပေါက်ဖွားလာခဲ့သည့် တပ်မတော်၏ မွန်မြတ်သော အတိတ်သမိုင်းကြောင်းများကို သိရှိထားပြီး ကောင်းမွန်သည့် အစဉ်အလာများကိုလည်း လက်ဆင့်ကမ်းအမွေအဖြစ် ဆက်လက်ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း။

သင်တန်းကာလ ၉ လတာအတွင်း သင်ကြားပေးလိုက်သည့် စစ်ပညာ၊ ခေါင်းဆောင်မှုပညာနှင့် အုပ်ချုပ်မှုပညာရပ်များသည် အခြေခံမျှသာဖြစ်ကြောင်း၊ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ ကြုံတွေ့ရမည့် စစ်မြေပြင်အခြေအနေနှင့် ရင်ဆိုင်ရမည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် သီအိုရီ၊ လက်တွေ့နှင့် အတွေ့အကြုံ ဗဟုသုတများ ပေါင်းစပ်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိနှင့် မိမိဦးဆောင်ရမည့် တပ်ဖွဲ့ကို အရည်အသွေးတိုးတက်လာအောင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် စစ်နည်းဗျူဟာနှင့် လက်နက် နည်းစနစ်များကို စဉ်ဆက်မပြတ် လေ့လာနေရန် လိုအပ်ကြောင်း၊ ထို့ပြင် သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကိုလည်း ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ ထိုသို့ လေ့ကျင့်ထားသည့် စစ်အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် လိုက်နာကျင့်သုံးပြီး ပေးအပ်သည့် တာဝန်ကို အောင်မြင်စွာ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

တပ်မတော်၏ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သောကြောင့် ခေါင်းဆောင်မှု အရည်အချင်းနှင့် ပြည့်စုံရန်လည်း လိုအပ်ကြောင်း၊ ခေါင်းဆောင်မှုဆိုသည်မှာ ပါရမီ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။**

သက်သက်မဟုတ်ဘဲ နည်းနိဿယကောင်းများကို ကြိုးစားလေ့လာကျင့်သုံးခြင်းဖြင့် အောင်မြင်မှုရရှိနိုင်သည့် ပညာရပ်တစ်ခုပင်ဖြစ်ကြောင်း၊ ပေးအပ်သည့် ရည်မှန်းချက်တာဝန်ကို အောင်မြင်ပြီးမြောက်သည်အထိ လက်အောက်ငယ်သားများကို စည်းရုံးလုပ်ဆောင်နိုင်သော အရည်အချင်းဖြစ်ကြောင်း၊ ခေါင်းဆောင်မှုနှင့်ပတ်သက်၍ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က **“ခေါင်းဆောင်မှုဆိုတာ ပါရမီသက်သက်မဟုတ်ဘဲ လိုက်နာကျင့်သုံးအားထုတ်မှုသာ အောင်မြင်မှုရရှိနိုင်မှာဖြစ်တယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ စကားဟာ ငယ်သားများအတွက် မှာကြားချက် ဖြစ်စေနိုင်တာကြောင့် လုပ်ဆောင်မှုတိုင်းမှာ တိကျပြတ်သားမှုနဲ့ တရားမျှတမှု ရှိဖို့လိုတယ်။ လက်အောက်ကို ကွပ်ကဲရာမှာ လူ့သဘောသဘာဝကို နားလည်ပြီး အခက်အခဲအကျပ်အတည်းနဲ့ကြုံလာချိန်မှာ မှတ်ကျောက်တင်လောက်တဲ့ ခေါင်းဆောင်မှုအရည်အသွေးကို ပြဖို့လိုအပ်တယ်”** လို့ မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်ကောင်းဖြစ်အောင် ကြိုးစားလေ့ကျင့်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လက်အောက်ကိုလည်း မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် ခေါင်းဆောင်မှုအရည်အသွေးရှိရန် လိုအပ်ကြောင်း။

### မှန်ကန်သည့် ခေါင်းဆောင်ကောင်းဖြစ်ရန်

မှန်ကန်သည့်ခေါင်းဆောင်မှု ပေးနိုင်ရန်အတွက် ကိုယ်တိုင် တော်တည့်ဖြောင့်မတ်ပြီး ကိုယ်ကျင့်တရားမြင့်မားရန် လိုအပ်ကြောင်း၊ လက်အောက်ငယ်သားများအပေါ် ကျောသား၊ ရင်သားမခွဲခြားဘဲ မျှတသည့်စိတ်ထား၊ မှန်ကန်သော သဘောထား၊ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်သွားကြရမည်၊ စစ်ဘက်ခေါင်းဆောင်တစ်ယောက်အနေဖြင့် စစ်မှုရေးရာကိစ္စများကို နှံ့နှံ့စပ်စပ်လေ့လာသိရှိနေမှသာ လက်အောက်စစ်သည်များ၏ အထင်ကြီးလေးစား၊ ယုံကြည်အားကိုးမှုများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် တပ်မတော်တွင် ရာထူးအဆင့်ဆင့်ကို တာဝန်ယူကြရမည့် ရဲဘော်တို့သည် လက်အောက်နှင့်ပတ်သက်လျှင် မှန်ကန်သည့် ခေါင်းဆောင်ကောင်းဖြစ်ရန် လိုသကဲ့သို့ အထက်အကြီးအကဲနှင့် ပတ်သက်လျှင် မှန်ကန်သော နောက်လိုက်ကောင်းလည်း ဖြစ်ရန်လိုကြောင်း၊ နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်နိုင်သည့်အတွက် တပ်မတော်၏ ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်နှင့် အညီ ပြုမူကျင့်ကြံပြီး ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်သည် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ စနစ်တကျ ဖွဲ့စည်းထားသည့် တပ်မတော်တစ်ရပ်ဖြစ်ပြီး စစ်စည်းကမ်းသည်လည်း တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်သည့်နေရာတွင် သတ်မှတ်စည်းကမ်းနှင့် အမိန့်များကို တိတိကျကျလိုက်နာရန် လိုအပ်ကြောင်း၊ စည်းကမ်းတွင် လုပ်သင့်လုပ်ထိုက်တာလုပ်ရန်အတွက် တိုက်တွန်းသည့် တိုက်တွန်းချက်စည်းကမ်းနှင့် မလုပ်သင့်မလုပ်ထိုက်တာများကို မလုပ်ရန် တားမြစ်သည့် တားမြစ်ချက်စည်းကမ်း ဆိုပြီး နှစ်မျိုးရှိကြောင်း၊ စည်းကမ်းရှိခြင်းသည် စိတ်ဓာတ်ကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုကို မွေးဖွားပေးနိုင်ကြောင်း၊ စည်းကမ်းရှိပါမှ တပ်မတော်အင်အားခိုင်မာမည်၊ စွမ်းဆောင်ရည် ထက်မြက်မြင့်မားမည်၊ တိုင်းရင်းသား ပြည်သူတို့၏ ယုံကြည်ကိုးစားခြင်းကို ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအနေဖြင့် တပ်မတော်အက်ဥပဒေများ၊ နည်းဥပဒေများနှင့် စစ်စည်းကမ်းဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များအပြင် တပ်မတော်သားတိုင်း လိုက်နာကျင့်သုံးရမည့် စစ်သည်တော်ကျင့်ဝတ် အပါး (၆၀) အပါအဝင် နယ်ဘက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း ဥပဒေများကိုလည်း တိတိကျကျ လေးစားလိုက်နာကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက် တိုက်ဖျက်ရေးတာဝန် ထမ်းဆောင်ရာတွင်လည်းကောင်း၊ စစ်ရေးဆိုင်ရာ ရည်မှန်းချက်ကို ရရှိရန် ဆောင်ရွက်ရာတွင်လည်းကောင်း လိုက်နာဆောင်ရွက်ရမည့် အခြေအနေ၊ ကန့်သတ်ချက်များနှင့်ပတ်သက်၍ လမ်းညွှန်ချက်ဖြစ်သော ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်း (Rules of Engagement–ROE)နှင့် စစ်ပွဲဆိုင်ရာ ဥပဒေများကိုလည်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်ငယ်များဖြစ်ကြမည့် ရဲဘော်တို့အနေဖြင့် ပြဋ္ဌာန်းထားသော စစ်ဘက်နယ်ဘက် ဥပဒေများကို သိရှိအောင်လေ့လာပြီး မိမိကိုယ်တိုင် စံနမူနာပြ လိုက်နာကျင့်သုံးကာ လက်အောက်ငယ်သားများကိုလည်း လိုက်နာတတ်စေရန် သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ကြောင်း အလေးအနက်ထား မှာကြားလိုကြောင်း။

### မိမိဂုဏ်ကို မြှင့်တင်

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာမည့် ရဲဘော်တို့အနေဖြင့် စည်းကမ်းအရာမှာ စံနမူနာပြ ဖြစ်ရန် လိုအပ်သလို စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရန်လည်း လိုအပ်ကြောင်း၊ မိမိတို့ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ကြိုးစားအားထုတ်မှုများအပြင် မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ရန်လည်း လိုအပ်မှာဖြစ်ကြောင်း၊ မိမိဘဝ တိုးတက်အောင်မြင်ရေးကို ထိခိုက်စေမည့် အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုများကို ရှောင်ကြဉ်ရန် လိုအပ်သည့်အပြင် ကိုယ်ကျင့်တရားကောင်းမွန်စေရန်အတွက် ဘာသာရေး၊ လူမှုရေး အဆုံးအမများနှင့်အညီ ကျင့်ကြံနေထိုင်ကြရမည်ဖြစ်ကြောင်း၊ သို့မှလည်း လက်အောက်၏ ယုံကြည်လေးစားမှုကို ရရှိမှာဖြစ်ကြောင်း၊ ထို့ပြင် မိမိထမ်းဆောင်ရမည့် တာဝန်များကို တန်ဖိုးထားပြီး ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မိမိဂုဏ်ကိုလည်း ထိန်းသိမ်းတတ်ရမည်၊ သူတစ်ပါးအပေါ် မှန်ကန်သည့် ကိုယ်ချင်းစာစိတ်မွေးပြီး လေးစားတန်ဖိုးထားရမည်၊ ခြိုးခြံချွေတာစိတ်ရှိပြီး လိုချင်တပ်မက်မှုနည်းရမည်၊ အပျော်အပါး အသောက်အစားကင်းစွာနှင့် လက်တွေ့ တန်ဖိုးရှိရှိ နေထိုင်ရမည်၊ မိမိဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် သုံးစွဲတတ်ရမည်၊ စုဆောင်းတတ်သည့် အလေ့အကျင့်ကို မွေးမြူရမည်၊ အသုံးနှင့် အဖြုန်းကိုသိပြီး သွားသင့်သွားထိုက်သည့် နေရာ၊ ပျော်သင့် ပျော်ထိုက်သည့်နေရာတွင် စည်းနှင့် ကမ်းနှင့် လုပ်ပြီး မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မိမိဂုဏ်ကို မြှင့်တင်ရန် လိုအပ်ကြောင်း မှာကြားလိုကြောင်း။

တပ်မတော်၏ အဓိကလုပ်ငန်း တာဝန်ကြီး ၃ ရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူသည့် အချက်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတွင် ကျန်းမာကြံ့ခိုင်နေရန် အထူးလိုအပ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးကောင်းရန် တစ်ဦးချင်း ဆောင်ရွက်ရသည့် ကိုယ်လက်ကြံ့ခိုင်ရေးကစပြီး အဖွဲ့လိုက်ဆောင်ရွက်ရသော လေ့ကျင့်ခန်းများကိုလည်း သတ်မှတ်ထားသည့် ရည်မှန်းချက်အတိုင်း လေ့ကျင့်ဆောင်ရွက်နေရန် လိုအပ်ကြောင်း၊ ထို့ပြင် ကျန်းမာရေးကို ထိခိုက်စေမည့် အပြုအမူ၊ အနေအထိုင်ကအစ ဆေးလိပ်၊ ကွမ်း၊ အရက်သေစာနှင့် မူးယစ်ဆေးဝါးများသုံးစွဲခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရန် အလေးအနက်ထား မှာကြားလိုကြောင်း၊ ခေါင်းဆောင်ငယ်များဖြစ်သည့် ရဲဘော်တို့ကိုယ်တိုင် ကျန်းမာကြံ့ခိုင်သကဲ့သို့ လက်အောက်မှ စစ်သည်များကိုလည်း ကျန်းမာသန်စွမ်းပြီး စိတ်ဓာတ်ခိုင်မာအောင် အစဉ်လေ့ကျင့်ပေးနေရန် လိုအပ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု ဖြစ်စေသည့် သုတ၊ ရသ စာပေများအပြင် မိမိတို့နိုင်ငံ၏ ထင်ရှားသည့် သမိုင်းဝင်တိုက်ပွဲများနှင့် မြန်မာနှင့် ကမ္ဘာကထင်ရှားသော စစ်ခေါင်းဆောင်များအကြောင်းများပါသည့် စာအုပ်၊ စာပေများကို ရှာဖွေဖတ်ရှုရန် လိုအပ်မည်ဖြစ်ကြောင်း၊ ၎င်းမှ အားကျစရာများ၊ အတုယူစရာများ ဖြစ်ပေါ်လာမှာဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် အတွေးအခေါ်နှင့် အယူအဆများကို မြင့်မားစေသည့်အပြင် ကိုယ်ကျင့်တရားနှင့် အသိပညာကောင်းမွန်မှုများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

# အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လို

**ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လိုကြောင်း၊ အများဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန်ခဲယဉ်းကြောင်း၊ တက်လာသည့်အစိုးရများသည် ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အမှန်တကယ်အလုပ်လုပ်နိုင်မည့် အစိုးရဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

**"တပ်မတော်၏ ငြိမ်းချမ်းရေးရပ်တည်ချက်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်လျှောက်လှမ်းပြီး ထာဝရငြိမ်းချမ်းရေး ရရှိစေရန် မူဝါဒ ၆ ရပ်ကို ချမှတ်ပြီး ဦးတည် ဆောင်ရွက်လျက်ရှိ"**

*စာမျက်နှာ ၃ မှ*

တာဝန်ကျရာ တပ်တွေကို ရောက်ရှိပြီး စစ်ဆင်ရေး တာဝန်ထမ်းဆောင်ရာတွင် သိလေးသိ၊ ဆိုက်လေးဆိုက်၊ လက်ဦးမှုလေးရပ်ဆိုတာကို သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး လက်အောက်ကိုလည်း သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ထိုသို့သိရှိပြီး တိတိကျကျလိုက်နာမှသာလျှင် စစ်ဆင်ရေးအောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် လုံလေးလုံကိုလည်း အလေးထားလိုက်နာရန် လိုအပ်ကြောင်း၊ ယနေ့ခေတ်သည် သတင်းအချက်အလက်နည်းပညာ (IT) ခေတ်ဖြစ်သဖြင့် လူတိုင်းနီးပါး အင်တာနက်သုံးစွဲနေပြီး မလိုလားအပ်သည့် လုံခြုံရေးကျိုးပေါက်မှုဖြစ်စဉ် သတင်းပေါက်ကြားမှုဖြစ်စဉ်များ မကြာခဏဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိအပါအဝင် မိမိတို့ကွပ်ကဲအုပ်ချုပ်ရမည့် တပ်ဖွဲ့ဝင်စစ်သည်များနှင့် မှီခိုသူမိသားစုဝင်များကို Social Media Network အသုံးပြုမှုနှင့် ပတ်သက်ပြီး တပ်မတော်၏ လျှို့ဝှက်အပ်သည့် သတင်းအချက်အလက်များ ပေါက်ကြားမှု၊ မလိုလားအပ်သည့် လုံခြုံရေးကျိုးပေါက်မှုများ မရှိစေရေး ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို တိကျစွာ လိုက်နာစေရေးအတွက် လက်အောက်ကို အသိပညာပေး စည်းရုံးဆောင်ရွက်ကြရန် အထူးအလေးထား မှာကြားလိုကြောင်း။

တာဝန်ကျရာ တပ်အသီးသီးကို ရောက်ရှိပြီး လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကျေပွန်စွာဆောင်ရွက်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဟူသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေရန်လည်း လိုအပ်ကြောင်း။

## ခိုင်မာစွာတည်ဆောက်သွားရမည်

စစ်ရေးစွမ်းရည်ထက်မြက်ရန် စစ်အတတ်ပညာများကို အမြဲတမ်းလေ့လာပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး စနစ်တကျစီမံခန့်ခွဲခြင်း၊ ဆင့်ကဲကွပ်ကဲ ကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စည်းရုံးရေးစွမ်းရည် ထက်မြက်ရန် တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးကို ခိုင်မာစွာ တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည် ထက်မြက်စေရန် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာရုံး လုပ်ငန်းများကို အချိတ်အဆက်မိမိ စနစ်တကျစီမံခန့်ခွဲနိုင်ခြင်း၊ ဆင့်ကဲဆင့်ကဲကြပ်မတ်နိုင်ခြင်းတို့ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထိုသို့ စွမ်းရည်သုံးရပ် ထက်မြက်မြင့်မားစေရန်အတွက် လေ့ကျင့်ရေးနှင့် တည်ဆောက်၊ အုပ်ချုပ်ရေးနှင့် တည်ဆောက်၊ သက်သာချောင်ချိရေးနှင့် တည်ဆောက်၊ စိတ်ဓာတ်နှင့် တည်ဆောက်ဟူသည့် တပ်တည်ဆောက်ရေး လုပ်ငန်းကြီး ၄ ရပ်နှင့်အညီ မှန်ကန်စွာ တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ စစ်ပွဲဆိုသည်မှာ ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ လက်နက်စွမ်းအား အစွမ်းကုန် အသုံးပြုယှဉ်ပြိုင်ရသည့်အတွက် စစ်ဆင်ရေးရလဒ်သည် လေ့ကျင့်ရေးအပေါ်တွင် မူတည်နေခြင်းဖြစ်ကြောင်း၊ လေ့ကျင့်မှုကောင်းခြင်းဖြင့် ယုံကြည်မှုကို ဖြစ်ပေါ်စေပြီး တိုက်ပွဲတိုင်းကို အောင်မြင်စေမည် ဖြစ်ကြောင်း၊ ထို့အပြင် အုပ်ချုပ်မှုညီညွတ်မျှတမှုလည်း စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက် ဆိုင်ရာလုပ်ငန်းများ အဆင်ပြေစေရုံသာမက အမှုအခင်းများ လျော့နည်းပြီး တပ်တွင်း စည်းလုံးညီညွတ်ရေးကို ခိုင်မာစေမည်ဖြစ်ကြောင်း။

## အထောက်အကူပြုမည်

သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှသာလျှင် စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်မှုနှင့်အတူ တပ်နေပျော်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ စိတ်ဓာတ် ကောင်းမွန်မှု စည်းကမ်းနှင့်အကျင့်စာရိတ္တ ကောင်းမွန်မှုရှိခြင်း၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိခြင်းနှင့် စွန့်လွှတ်စွန့်စားလိုစိတ်တို့ကို မွေးမြူနိုင်ပြီး ရန်သူနှင့် ရင်ဆိုင်ရာတွင် တပ်မတော်၏ အစဉ်အလာကို အသက်ပေး စောင့်ထိန်းလိုသည့် စိတ်ဓာတ်များနှင့် စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်သွားနိုင်မည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

## အငြင်းပွားဖွယ် တွေ့ရှိ

မိမိတို့နိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် ရည်မှန်းတည်ဆောက်သည့်နေရာတွင် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မသွားစေရေးအတွက် တည့်မတ်ထိန်းကျောင်းမှုကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထမ်းဆောင်လျက်ရှိကြောင်း၊ လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများသည် တပ်မတော်မှ အာဏာသိမ်းယူခြင်းမဟုတ်ဘဲ ရွေးကောက်ပွဲ မဲစာရင်း မှားယွင်းမှုများအပေါ် တာဝန်ရှိသူအဆင့်ဆင့်က ပွင့်လင်းမြင်သာစွာ ဖြေရှင်းပေးခြင်းမရှိဘဲ အစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်ရေးကိုသာ အဓမ္မနည်းလမ်းသုံး၍ ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် တပ်မတော်မှ နိုင်ငံတော် အာဏာအား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မလွှဲမရှောင်သာ ထိန်းသိမ်းလိုက်ခြင်းသာဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်က ပြုလုပ်ခဲ့သည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် မဲပေးပိုင်ခွင့်ရှိသူ ၃၉ ဒသမ ၂ သန်း ရှိခဲ့ ကြောင်း၊ မဲစာရင်းများကို တပ်မတော်က စိစစ်ခဲ့ရာတွင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁၀ ဒသမ ၄ သန်းကျော်၊ မဲပေးပိုင်ခွင့်ရှိသူ၏ ၂၅ ရာခိုင်နှုန်း ကျော်ခန့်ရှိခဲ့သည်ကို အငြင်းပွားဖွယ် တွေ့ရှိခဲ့ရကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် မဲစာရင်းနှင့် ပတ်သက်ပြီး အငြင်းပွားဖွယ် ကိစ္စရပ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုလွှတ်တော်နှင့် NLD ဦးဆောင်တဲ့ အစိုးရတို့ထံ ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း လျစ်လျူရှုပြီး တတိယအကြိမ် လွှတ်တော်အသစ်ခေါ်ယူခြင်းနှင့် အစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်ရေးကိုသာ ဦးတည်လုပ်ဆောင်လာခဲ့ကြောင်း၊ ယင်းသို့ လုပ်ဆောင်ခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၀(ဂ)နှင့် ပုဒ်မ ၄၁၇ ပါ "နိုင်ငံတော် အာဏာကို အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း" ပင်ဖြစ်ကြောင်း။

## တာဝန်လွှဲပြောင်းမှုများ လုပ်ဆောင်သွားမည်

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာထိန်းသိမ်း စောင့်ရှောက်ရန် တာဝန်ရှိသည့်အတွက် ဥပဒေမဲ့ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူလိုမှုများကြောင့် တပ်မတော်က မလွှဲမရှောင်သာ ဥပဒေနှင့်အညီ ဒီမိုကရေစီ အနှစ်သာရနှင့် ဆန့်ကျင်ဘက်ရလဒ်များ မဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော် အာဏာကို ထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော်ကို အရေးပေါ်ကာလသတ်မှတ်ချက်အတွင်း ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ၉ ရပ်ပါ အတိုင်း နိုင်ငံတော် ကိစ္စအရပ်ရပ်ကို အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး အရေးပေါ်ကာလတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ပြန်လည်ပြုလုပ်၍ တာဝန်လွှဲပြောင်းမှုများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်ဆိုသည့်အချက်နှင့်အညီ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်တို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

## မူဝါဒ ၆ ရပ်ကို ချမှတ်

တပ်မတော်၏ ငြိမ်းချမ်းရေးရပ်တည်ချက်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည် လျှောက်လှမ်းပြီး ထာဝရငြိမ်းချမ်းရေး ရရှိစေရန် မူဝါဒ ၆ ရပ်ကို ချမှတ်ပြီး ဦးတည် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းမူဝါဒများသည်လည်း နိုင်ငံအကျိုးစီးပွား၊ တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားကိုသာ ရှေးရှုပြီး ရေရှည်မျှော်တွေး ချမှတ်ခဲ့တာပဲဖြစ်ကြောင်း။

ထို့အပြင် တပ်မတော်အနေဖြင့် နိုင်ငံရေးနည်းအရ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန်အတွက် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကို အကြိမ်ကြိမ်ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ နိုင်ငံတော်၏လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများကို ထိပါးနှောင့်ယှက် တိုက်ခိုက်ချိန်မှလွဲ၍ အပစ်အခတ်ရပ်စဲရေးကို ထပ်မံတိုးမြှင့် ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းသည် တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေး အမှန်တကယ်ရယူလိုသည့် ဆန္ဒကိုအရင်းခံပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များကို ရောက်သည့်အချိန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ပေးအပ်တဲ့တာဝန်များကို အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

တပ်မတော်က နိုင်ငံတော်တာဝန်ကို ခေတ္တ ထိန်းသိမ်းထားရသည့်ကာလတွင် တပ်မတော်ကို နိုင်ငံရေးသိက္ခာကျအောင်၊ ပြည်သူလူထု ယုံကြည်မှု ပျက်ပြားအောင်၊ တပ်မတော်သားအချင်းချင်း၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ စည်းလုံးညီညွတ်မှုပြိုကွဲအောင် *စာမျက်နှာ ၅ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသော အရာရှိ၊စစ်သည်၊မိသားစုများနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် ဧပြီ ၉

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံ အားပေးစကား ပြောကြားသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များအား တပ်မတော်ဆေးရုံရှိ အစည်းအဝေးခန်းမ၌ တပ်မှူးက အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသလျက်ရှိသော အရာရှိ၊ စစ်သည်များနှင့် ဒေသခံပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ၍ (ယာပုံ) ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုတို့အားမေးမြန်း အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆေးရုံအတွင်းရှိ စားချက်ဆောင်များ၊ ကုသရေးဆောင်များနှင့် အရာရှိ လူပျိုရိပ်သာတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## အားပေးစကားပြောကြား

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များက အမျိုးသမီးကုသဆောင်၌ ဆေးရုံတက် ကုသလျက်ရှိသော မိသားစုများနှင့် ဒေသခံပြည်သူများကို တစ်ဦးချင်းလိုက်လံ အားပေးစကား ပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အဆိုပါ တပ်မတော်ဆေးရုံ၌ အရာရှိ၊ စစ်သည်၊ မိသားစုများကို လိုအပ်သည့် ဆေးဝါးကုသမှုများ နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆေးဝါးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသော ဒေသခံပြည်သူများ၏ ကျန်းမာရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် လက်ခံကုသပေးလျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ ပြင်ပလူနာ ၄၁၇ ဦး၊ ဆေးရုံတက်ရောက်လူနာ ၃၅၉ ဦးကို ကုသပေးနိုင်ခဲ့ပြီး ခွဲစိတ်မွေးဖွားသူ ၅၀ဦး၊ သာမန်မွေးဖွားသူ ၅၃ ဦးစုစုပေါင်း ၁၀၃ ဦးကို မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

## လိုက်လံကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ အရာခံနှင့် အကြပ်ကြီး သင်ကျောင်း၊ စုပေါင်းစားရိပ်သာ၌ သင်တန်းသားများနှင့် အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။ ယင်းနောက် သင်တန်းကျောင်း အတွင်းရှိ ရာသီသီးနှံစိုက်ခင်း၊ ကျောက်စိမ်းဖီးကြမ်း တစ်သျှူးငှက်ပျောစိုက်ခင်းနှင့် နို့စားနွားမွေးမြူရေးခြံ၊ အသားတိုးဝက်မွေးမြူရေးခြံတို့အား လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

## ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ရှိ သုံးထပ်စာသင်ဆောင်၊ အစည်းအဝေးခန်းမ၌ ဗထူးတပ်နယ်ရှိ သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များအား သင်တန်းကျောင်းများ၏ လေ့ကျင့်ရေးဆောင်ရွက်ပေးနိုင်မှုနှင့် တပ်တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သင်ခန်းစာများနှင့် ပတ်သက်၍ ပြောင်းလဲလာသော စစ်နည်းဗျူဟာများအညီ အမြဲအဆင့်မြှင့်တင် ပို့ချနိုင်ရေး၊ သင်တန်းများပြီးဆုံးပါက သင်ကြားပို့ချခဲ့သည့် ဘာသာရပ်အလိုက် အားနည်းချက်များကို ဖော်ထုတ်၍ သင်ခန်းစာ ပြန်လည်သုံးသပ်ခြင်း၊ မွမ်းမံသင်တန်းများ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ရေးတို့အား မှာကြားပြီး လိုအပ်သည်များ အသေးစိတ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် ခြေလျင်တပ်စုမှူး သင်တန်း၌ သင်တန်းသား အရာရှိများအား သင်ခန်းစာပို့ချနေမှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

ဆန့်ကျင်ဘက်အဖွဲ့အစည်း အချို့က နည်းလမ်းမျိုးစုံနှင့် ထိုးနှက်တိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာနိုင်သည့်အတွက် ယင်းထိုးနှက်တိုက်ခိုက်မှုများကို ဆင်ခြင်သုံးသပ်ပြီးတပ်တွင်း စည်းလုံးညီညွတ်ရေးနှင့် တပ်ပြင်စည်းရုံးရေးကို ခိုင်မာအောင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စားရေး၊ နေရေး၊ ဝတ်ရေးနှင့် ပတ်သက်ပြီး တပ်များအပေါ်တွင် စေတနာထား လုပ်ဆောင်ပေးရန်လိုအပ်ကြောင်း၊ ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်ရှိမှသာလျှင် တပ်တွင်း စည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာမည်ဖြစ်ကြောင်း၊ တပ်ပြင်စည်းရုံးရေး ဆောင်ရွက်ရာတွင် စစ်သည်တော် ကျင့်ဝတ်များနှင့်အညီ နေထိုင်ကျင့်ကြံပြီး မိမိတို့၏ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရပါက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းများ အပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကို စေတနာထား ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့ဝင်များ အပါအဝင် လုံခြုံရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် ပေါင်းစပ်ပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးခြင်းအားဖြင့် တပ်ပြင်စည်းရုံးရေး အားကောင်းအောင် လုပ်ဆောင်ပေးသွားရန်လိုအပ်ကြောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရာတွင် မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ထမ်းအဖွဲ့အစည်းများနှင့် ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံပြီး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့အပြင် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား နိုင်ငံရေးပါတီနှင့် နိုင်ငံရေးသမားများ၏ စည်းရုံးမှုမခံရစေရေးအတွက် နိုင်ငံတော်၏ ပကတိအခြေအနေများကို ရှင်းလင်းပြောကြားထားရန် လိုအပ်ကြောင်း။

တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးကိုသာ အာရုံထားပြီး တပ်မတော်နှင့် ပြည်သူလူထုသည် အရေးကြီးမှ သွေးစည်းခြင်းမျိုးမဟုတ်ဘဲ နိုင်ငံ့အကျိုးနှင့် ယှဉ်လာပါက အမြဲတမ်း သွေးစည်းညီညွတ်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်သူအားလုံး၏ စုပေါင်းအားရရှိစေရေးအတွက် တပ်ပြင်စည်းရုံးရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်သလို တပ်ပြင်စည်းရုံးရေးအောင်မြင်စေရေး အတွက်ကိုလည်း တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာသည်ထက် ခိုင်မာအောင် လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန် အတွက် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာမည့် မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်အောင် ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ပြောင်းလဲဖြစ်ပေါ်နေ သည့် စစ်မှုရေးရာနှင့် စစ်လက်နက်ဆိုင်ရာ အတတ်ပညာများကို ခေတ်နှင့်အညီသိရှိပြီး ဆက်စပ်တွေးခေါ် လုပ်ကိုင်နိုင်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်အောင် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့် လေ့ကျင့်ရေးဆောင်ပုဒ်အတိုင်း စဉ်ဆက်မပြတ် လေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်နေစဉ် စစ်ဘက်၊ နယ်ဘက် ဥပဒေများကို လိုက်နာကာ နိုင်ငံတော်နှင့် တပ်မတော်အပေါ်၊ ရဲဘော်ရဲဘက်ချင်းအပေါ် သစ္စာစောင့်သိမှုတို့ဖြင့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားသွားကြရမည် ဖြစ်ကြောင်း၊ တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး ငယ်သားများနှင့် အထက်တပ်မှူးများက အားကိုးယုံကြည်ရသည့် ခေါင်းဆောင်ငယ်များဖြစ်အောင် ခေါင်းဆောင်မှု အင်္ဂါရပ်များနှင့်အညီ ကျင့်ကြံနေထိုင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ တပ်တွင်းတပ်ပြင်စည်းရုံးရေးကို ခိုင်မာအောင်တည်ဆောက်ကာ နိုင်ငံတော်ကာကွယ်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ကျေပွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

သင်တန်းဆင်းပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းသည် ဧရာရိပ်သာ၊ ညှော်ခန်းမဆောင်၌ ဆုရဗိုလ်လောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒုတိယတစ်လတာခရီး

## ကနောင်


*ယမန်နေ့မှအဆက်*

### ခရီးသွားကဏ္ဍ ပြန်လည်ဦးမော့လာရန်ကြိုးပမ်း

ပြည်သူများခရီးသွားလာမှု လွယ်ကူစေရေးအတွက် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ရပ်နားထားခဲ့ရသော မလိခအမြန်ရေယာဉ် စစ်တွေ-ရသေ့တောင် - ဘူးသီးတောင် ခရီးစဉ်ကိုလည်း မတ်လဆန်းမှ စတင်ကာ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိနေပြီဖြစ်သည်ကိုလည်း မြင်တွေ့ရသကဲ့သို့ မတ်လ ၂၄ ရက်တွင်လည်း မန္တလေး-ဗန်းမော် သင်္ဘောခရီးစဉ်များကို ပုံမှန်ပြေးဆွဲပေးလျက်ရှိနေပြီ ဖြစ်ပါသည်။

ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားစဉ်ကာလကြာရှည်စွာ ပိတ်ထားခဲ့သည့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ ဆာဖာရီဥယျာဉ် (နေပြည်တော်)၊ နက္ခတ်တာရာပြခန်း (နေပြည်တော်)၊ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)နှင့် တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)တို့ကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၄ ရက်တွင်လည်းကောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် လှော်ကားဥယျာဉ်တို့ကိုလည်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအစီအစဉ်များနှင့် အညီ မတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်သဖြင့် အများပြည်သူတို့ စိတ်အပန်းပြေ သွားရောက်လည်ပတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ထို့အတူ ခရီးသွားလုပ်ငန်းများ ပြန်လည်လည်ပတ်လာစေပြီး မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်ရန်အတွက်လည်း ဒုတိယတစ်လတာအတွင်း ခရီးသွားကဏ္ဍကို ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရပါသည်။ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်သည့် ပုဂံညောင်ဦးဒေသ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း၊ ခရီးစဉ်အသစ်များ၊ ခရီးသွားလာမှုဆိုင်ရာအစီအမံများကို မတ်လ ၄ ရက်တွင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် မတ်လ ၆ ရက်တွင်လည်း ပြင်ဦးလွင်မြို့အတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဆွေးနွေးညှိနှိုင်းခြင်း၊ မတ်လလယ်တွင်လည်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လုပ်ငန်းရှင်များနှင့်တွေ့ဆုံခြင်း၊ ရန်ကုန်မြို့အနီးတစ်ဝိုက် အပန်းဖြေနေရာများဖော်ထုတ်ခြင်းများ ဆောင်ရွက်နိုင်လျက်ရှိသည်ကို မြင်တွေ့ရသည်။



ဘူမိဖသာမုဒြာထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့်ပုံစံအတိုင်း ထုလုပ်ပုံဖော်ထားသည့် ပုံစံငယ်များအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက လိုက်လံကြည့်ရှုရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှင်းလင်းတင်ပြစဉ်။ (၂၅-၃-၂၀၂၁ ရက်)

### ပြည်တွင်းခရီးသွားကဏ္ဍ

ချင်းပြည်နယ်အတွင်း ဒေသခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ရာ ချင်းပြည်နယ် ထန်တလန်မြို့နယ် ကျီရီးယန်းတောင်ကို အမျိုးသားဥယျာဉ်အဖြစ် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး တီးတိန်၊ ဟားခါး၊ ထန်တလန်နှင့် ဖလမ်းမြို့နယ်များ အသီးသီးတွင်လည်း ဘေးမဲ့တောများ၊ သဘာဝထိန်းသိမ်းရေးလုပ်ငန်းများနှင့် ခရီးစဉ်အသစ်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြင့် ပြည်တွင်းခရီးသွားကဏ္ဍကို အမြန်ဆုံးအကောင်အထည်ဖော်လျက် ရှိနေပြီဖြစ်ပါသည်။

ယာယီ ရပ်ဆိုင်းထားခဲ့ရသည့် မန္တလေး - ဗန်းမော် သင်္ဘောခရီးစဉ်များကို မတ်လ ၁၃ ရက်တွင် ပြန်လည်ပြေးဆွဲပေးနိုင်ခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။ ပြဒါးပျံအမည်ရှိ သင်္ဘောသည် မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့ပြီး ကျောက်မြောင်း၊ တကောင်း၊ ထီးချိုင့်၊ ကသာနှင့် ရွှေကူမြို့ ဆိပ်ကမ်းများတွင် ဆိုက်ကပ်သွားမည်ဖြစ်ကာ ခရီးသည်နှင့် ကုန်စည်များကို တင်ဆောင်နိုင်ရေးအတွက် ရည်ရွယ်ပြေးဆွဲပေးခြင်းပင် ဖြစ်ပါသည်။

ကိုဗစ်ကပ်ရောဂါကြောင့် ပြည်သူများ စိတ်နှလုံးမွန်းကျပ်မှုကို ပြေလျော့စေနိုင်ရေးအတွက် ခရီးသွားလာ အပန်းဖြေနိုင်ရေး ရည်ရွယ်၍ ကိုဗစ် - ၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခရီးသွားလာနိုင်ရေး မော်တော်ယာဉ်လိုင်းများ ပြန်လည်ဖွင့်လှစ်ခြင်း၊ ခရီးသွားကန့်သတ်ချက်များဖြေလျှော့ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။ ထို့ပြင် မြန်မာ့မီးရထားမှလည်း မန္တလေး - နေပြည်တော် - ရွှာသာကြီး အမှတ် (၉၂၄) အစုန်ကုန်သေတ္တာရထားခရီးစဉ်ကို မတ်လ ၁၇ ရက်တွင် စတင်ပြေးဆွဲပေးခဲ့သည်။ သို့သော် မသမာသူအကြမ်းဖက်သမားများက သံလမ်းဆက်များ ဖြုတ်ထားခြင်း၊ သံလမ်းထိန်း ကလစ်များဖြုတ်ထားခြင်း ကြုံရသော်လည်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးရထားဝန်ထမ်းများ၏ ပြန်လည်ပြုပြင်ပေးမှုကြောင့် ရွှာသာကြီး ကုန်းတွင်းဆိပ်ကမ်းသို့ အောင်မြင်စွာရောက်ရှိခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

မြန်မာ့မီးရထားမှ နေပြည်တော် - မန္တလေးလမ်းပိုင်း ခရီးသည်များ သွားလာမှု လွယ်ကူစေရေးအတွက် RBE နှစ်တွဲပါ လူစီးရထားတွဲဆိုင်းဖြင့် နေပြည်တော် - သာစည် - မန္တလေး ခရီးစဉ်ကိုလည်း မတ်လ ၂၃ ရက်တွင် စတင်ပြေးဆွဲပေးနိုင်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီ၏ စီမံမှု၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ကိုကိုးကျွန်းမြို့နယ်သို့ ပြေးဆွဲသည့် MV. CHARITES သင်္ဘောခရီးစဉ်ကိုလည်း မတ်လ ၂၈ ရက်တွင် စတင်ပြေးဆွဲပေးနိုင်ခဲ့ပါသည်။

### ဟိုတယ်များပြန်လည်ဖွင့်လှစ်ပေး

ထင်ရှားကျော်ကြားသည့် ခရီးသွားဒေသများဖြစ်သော ပုဂံညောင်ဦးဒေသ၊ ငပလီ၊ ချောင်းသာကမ်းခြေ စသည့်ဒေသများကိုလည်း ခရီးသွားရာသီဖြစ်သည်နှင့်အညီ ခရီးသည် ပိုမိုဝင်ရောက်လာစေရန်အတွက် ဟိုတယ်များပြန်လည်ဖွင့်လှစ်ပေးခြင်း၊ အပန်းဖြေ ခရီးစဉ်သစ်များဖော်ဆောင်ခြင်းတို့ကိုလည်း စတင်ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။ *စာမျက်နှာ ၇ သို့*

**“ချင်းပြည်နယ် ထန်တလန်မြို့နယ် ကျီရီးယန်းတောင်ကို အမျိုးသားဥယျာဉ်အဖြစ် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး တီးတိန်၊ ဟားခါး၊ ထန်တလန်နှင့် ဖလမ်းမြို့နယ်များအသီးသီးတွင်လည်း ဘေးမဲ့တောများ၊ သဘာဝထိန်းသိမ်းရေးလုပ်ငန်းများနှင့် ခရီးစဉ်အသစ်များကို ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေ”**

*စာမျက်နှာ ၆ မှ*

## ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုး အစီအမံများ

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများကို နိုင်ငံတော်အဆင့် သံဃမဟာနာယကအဖွဲ့ဝင်များအား ဒုတိယအကြိမ်ထိုးနှံခြင်းကို မတ်လ ၁၉ ရက်တွင် စတင်ထိုးနှံပေးလျက်ရှိသည်။ ထို့ပြင် မတ်လ ၁ ရက်နေ့မှ စတင်၍ ဒေသအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ကိုလည်း မြင်တွေ့ရပါသည်။ တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ဆရာတော်၊ သံဃာတော်များအပါအဝင် အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား ကာကွယ်ဆေးထိုးလုပ်ငန်းများကို တစ်လတာအတွင်း ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## ကျန်းမာရေးအတွက် တစ်ထောင့်တစ်နေရာ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရပါသည်။

## သာသနာရေးဆောင်ရွက်ချက်များ

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း ၂ နှင့် အပိုင်း (၁/၂) အရန်တို့ကို ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို မတ်လ ၁၄ ရက်တွင်လည်းကောင်း၊ မတ်လ ၂၆ ရက်တွင် ပဉ္စမအကြိမ် ရုပ်ပွားတော်မြတ်ကြီး အစိတ်အပိုင်းများအား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကိုလည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါသည်။

သာသနာရေး ဝန်ကြီးဌာနက ကြီးမှူး ကျင်းပသည့် အကြိမ်(၆၀) မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း ကျင်းပခဲ့ပြီး သာသနာဝင် စာမေးပွဲများတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ကြသော အထူးအောင် သံဃာတော်များ၊ သီလရှင်များအား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များကို ချီးမြှင့်ပေးအပ်နိုင်ခဲ့သည်။ မတ်လ ၂၇ ရက်တွင်လည်း ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီးတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့ကိုယ်တိုင် ကြည်ညိုစွာ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဖြစ်သည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၁၃)ပါးနှင့် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၇)ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်နိုင်ခဲ့ခြင်းအပြင် ကျန်းမာရေးအခက်အခဲကြောင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲသို့ မတက်ရောက်နိုင်သည့် ဆရာတော်ကြီးများကို သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် ပူဇော်ပေးခဲ့ရာတွင်လည်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ဓမ္မသီရိအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် မတ်လ ၂၈ ရက်တွင် သွားရောက်ဆက်ကပ်ခဲ့ရာ သာသနာတော်အတွက် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ ၂၆၀၉ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် မဟာပဋ္ဌာန်း ဒေသနာတော်ရွတ်ဖတ်ပူဇော်ခြင်းကို မတ်လ ၁၈ ရက်မှ ၂၇ ရက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ၁၂၈ ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မတ်လ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပနိုင်ခဲ့ခြင်း၊ ရွှေတိဂုံ စေတီတော်မြတ်ကြီး အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေး ချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုနိုင်ခဲ့ခြင်းတို့ကိုလည်း ယခုလအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်မြင်တွေ့ရပါသည်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံ တင်ပြလျှောက်ထား၍ ဩဝါဒခံယူပွဲကိုလည်း မတ်လ ၂၅ ရက်နေ့တွင် ကျင်းပနိုင်ခဲ့ပါသည်။ အခမ်းအနားတွင် ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရေးနှင့် စပ်လျဉ်း၍ ဆရာတော်ကြီးများထံ တင်ပြလျှောက်ထားခဲ့ပြီး ဉာဏ်တော် ၈၁ ပေ အမြင့်ရှိ စကျင်ဆင်းတုတော်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှု ရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှု ဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် တည်ထားခြင်းဖြစ်ပါကြောင်းနှင့် မတ္တရာမြို့နယ် စကျင်တောင်မှသည် တည်ထားကိုးကွယ်မည့် နေရာအထိ သယ်ယူပင့်ဆောင်လာခဲ့ပုံ အဆင့်ဆင့်နှင့် တည်ထားဆောက်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြလျှောက်ထားခဲ့ပါသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအား COVID-19 ကာကွယ်ဆေးထိုးနှံပေးစဉ်။ (၁၉-၃-၂၀၂၁ ရက်)

## ပြည်တော်ပြန်များ ပြန်လည်ခေါ်ဆောင်

အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သားများအား တပ်မတော်မှ စစ်ရေယာဉ် (တပင်ရွှေထီး)ဖြင့် မြန်မာနိုင်ငံသို့ မတ်လ ၁၀ ရက်တွင် ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်အတိုင်း မြန်မာနိုင်ငံသို့ ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် အိန္ဒိယနိုင်ငံ အက်ဒမန်ကျွန်းမှ မြန်မာနိုင်ငံသား ရေလုပ်သားများကို မြန်မာ့တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီး ကျော်လင်းဇော် ဦးဆောင်သော စစ်ရေယာဉ်(တပင်ရွှေထီး)ဖြင့် မတ်လ ၆ ရက်တွင် သွားရောက်ခေါ်ဆောင်ပေးခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသားရေလုပ်သား ၇၀ ခန့်အား အိန္ဒိယနိုင်ငံ တာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံပြီး ကျန်းမာရေးစစ်ဆေးခြင်း၊ ကြိုဆိုနေရာချပေးခြင်းများ ဆောင်ရွက်ကာ မတ်လ ၉ ရက်တွင် အိန္ဒိယနိုင်ငံ ပို့ဘလဲယား ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာလာခဲ့ရာ မတ်လ ၁၀ ရက်တွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ ရေမိုင်အသွားအပြန် ၈၃၀ ခန့်ခုတ်မောင်း၍ ပြန်လည်ရောက်ရှိ ခေါ်ဆောင်လာနိုင်ခဲ့သည်မှာလည်း ပြည်ပရောက်မြန်မာနိုင်ငံသားများအရေးကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။



အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား စစ်ရေယာဉ်(တပင်ရွှေထီး)ဖြင့် ပြန်လည်ခေါ်ဆောင်လာစဉ်။ (၁၀-၃-၂၀၂၁)

## ပြည်သူများသတင်းမှန်သိရှိနိုင်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် မတ်လ ၂၆ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် သမ္မတ၏ သတင်းပြန်ကြားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ Mr. Pavel GUSEV နှင့် ရုရှားနိုင်ငံမှ သတင်းဌာနများအား နေပြည်တော်ရှိ

*စာမျက်နှာ ၈ သို့*



ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ လာရောက်သည့် ခရီးသွားများ တည်းခိုနိုင်ရန် ပြန်လည်ဖွင့်လှစ်ထားသည့် ဟိုတယ်တစ်ခုကို တွေ့ရစဉ်။



မန္တလေး- ဗန်းမော် သင်္ဘောခရီးစဉ် ပြန်လည်ပြေးဆွဲပေးလျက်ရှိသည့် ပြဒါးပျံနှစ်ထပ်သင်္ဘောကို တွေ့ရစဉ်။

*စာမျက်နှာ ၇ မှ*

ဆင်ဖြူရှင်ညှော့ရိပ်သာ၌ သီးခြားစီတွေ့ဆုံ၍ သတင်းဌာနများက မေးမြန်းသည့် မြန်မာ့နိုင်ငံရေး၊ လက်ရှိအခြေအနေနှင့် အနာဂတ်အစီအမံများကို ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားပေးခဲ့သည်မှာ မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို ကမ္ဘာ့မီဒီယာများအထိ ရှင်းလင်းပြတ်သားစွာ ဖော်ထုတ်ပေးနိုင်ခဲ့ခြင်းလည်းဖြစ်ပါသည်။

(၁၈)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မတ်လ ၁၀ ရက်တွင် အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံမှ တာဝန်ယူ ကျင်းပခဲ့ပြီး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က တက်ရောက် ဆွေးနွေးခဲ့ကြသည်။ အာဆီယံပြည်သူများအကြား ဒစ်ဂျစ်တယ် သိနားလည်မှုဆိုင်ရာ ဆောင်ရွက်မှုများကို ထည့်သွင်းဆွေးနွေးခဲ့ကြပြီး အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအပါအဝင် ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးတွဲဆောင်ရွက်ချက်များ ပြုလုပ်နိုင်ရန်အတွက် ရည်ရွယ်ဆွေးနွေးခဲ့ကြသည်ကိုလည်း သိရှိရပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က လက်ရှိနိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ဦးဆောင်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို မတ်လ ၁၁ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ပါသည်။ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ ယခင်အစိုးရလက်ထက် တာဝန်ရှိသူများ အနေဖြင့် အဂတိလိုက်စားမှုများနှင့် ငွေစွန်းကြောင်း စိစစ်တွေ့ရှိရသဖြင့် စစ်ဆေးဖော်ထုတ်သည့် အခြေအနေများ၊ ယခင် မဲရလဒ်ကြေညာချက်များနှင့် ရွေးကောက်ပွဲကော်မရှင်အသစ်မှ စစ်ဆေးဖော်ထုတ်ချက်များအရ ကွာဟချက်များ၊ ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ ပြည်သူလူထုသိရှိစေရန် ပြောဆိုချက်များကို အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ပြီး လိုအပ်သည့် သက်သေအထောက်အထားများကို ရှင်းလင်းပြသခြင်း၊ မီဒီယာသမားများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့သည် မတ်လ ၂၃ ရက်တွင် ၃/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်း ဦးဆောင်သည့် တာဝန်ရှိသူများက သတင်းမီဒီယာများ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနှင့် စပ်လျဉ်း၍လည်း တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံခြားစစ်သံမှူးများအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားခြင်း အစီအစဉ်ကို မတ်လ ၂၇ ရက်တွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်ဧည့်ခန်းမဆောင်၌ ကျင်းပနိုင်ခဲ့ခြင်းဖြင့် ပြည်တွင်းအခြေအနေ သရုပ်မှန်ကို ဖော်ထုတ်ပြသနိုင်ခဲ့ပါသည်။

ထိုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများ၊ မဲလိမ်မဲခိုးမှုများကြောင့် နိုင်ငံတော်တာဝန်ကို ရယူထိန်းသိမ်းခဲ့ရသည့် အခြေအနေ၊ တပ်မတော်အနေဖြင့် မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းပေးရန်၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ေစ့စပ်ညှိနှိုင်းအဖြေရှာနိုင်ရေး တောင်းဆိုခဲ့သော်လည်း လျစ်လျူရှုခဲ့ပြီး ယခုအခြေအနေသို့ ရောက်ရှိမှသာလျှင် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် ပြောဆိုလျက်ရှိသည့်အခြေအနေများ၊ နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ငြိမ်းချမ်းစွာဆန္ဒပြမှုအသွင်မှ အကြမ်းဖက် ဆူပူမှုအသွင်၊ ယင်းမှ မင်းမဲ့စရိုက်ဆန်သောလူအုပ်စုအသွင်၊ ထိုမှတစ်ဖန် လက်နက်ကိုင် အကြမ်းဖက်သည့် အသွင်သို့ အဆင့်ဆင့်ကူးပြောင်းလာသည့် အခြေအနေများ၊ မင်းမဲ့စရိုက်အသွင် လက်နက်ကိုင်အကြမ်းဖက်မှုများ ပြုလုပ်ခဲ့ရာတွင် ပြည်သူပိုင် ရုံးများ၊ ရဲစခန်းများ၊ စာသင်ကျောင်းများ၊ စက်ရုံများ စသည်ဖြင့် မီးရှို့ဖျက်ဆီးမှုများ၊ လမ်းတံတားများ ဖောက်ခွဲဖျက်ဆီးမှုများ ဆောင်ရွက်နေကြသည့်အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့် လက်ရှိကိုင်တွယ် ဖြေရှင်းနေခြင်းတို့အပေါ် နိုင်ငံတကာမှ သိရှိစေရန် ရည်ရွယ်ကာ အကျယ်တဝင့် ရှင်းလင်းပြောကြားနိုင်ခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

ပြန်ကြားရေး ဝန်ကြီးဌာနသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့်အကြောင်းအရာများ၊ ပြစ်မှုကျူးလွန်သူများကို အားပေးကူညီရာ ရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့် ဖော်ပြနေကြသည့် ယခင်က ထုတ်ဝေခွင့်ပြုပေးခဲ့သော မဇ္ဈိမ၊ DVB၊ ခေတ်သစ်မီဒီယာ၊ Myanmar Now နှင့် 7 Day သတင်းဌာနတို့၏ ထုတ်ဝေခြင်းလုပ်ငန်းအသီးသီးကို မတ်လ ၈ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်သည်ကို မြင်တွေ့ရသည်။

## မတ်လမှသည် ပြည်သူများ ရည်မှန်းချက်ဆီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ရှေးရှု၍ လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည့် ကိစ္စရပ်များကို အချိန်မဆိုင်းဘဲ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါသည်။ တာဝန်ယူပြီးချိန် ဒုတိယတစ်လတာအတွင်း ဆောင်ရွက်ချက်များသည် အလွန်ပင် များပြားလှသည်ကိုလည်း မြင်တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်တာဝန်များကို ဥက္ကဋ္ဌ၏ လမ်းညွှန် မှာကြားချက်များအတိုင်း ကောင်စီဝင်များက ဒေသအလိုက်အခြေအနေများ၊ တိုင်းပြည်လိုအပ်ချက် အခြေအနေများကို အပြန်အလှန်ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်ခဲ့ခြင်းကြောင့်ပင် အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည်ဟု ယူဆရမည်ဖြစ်ပါသည်။

မည်သည့်ဒေသ၊ မည်သည့်ပါတီ၊ မည်သည့်တိုင်းရင်းသားအဖြစ် ပါဝင်ဆောင်ရွက်နေကြသည်ဖြစ်စေ ကောင်စီဝင်များအားလုံးသည် တိုင်းပြည်အကျိုးအတွက် ကိုယ်စီ ရှိနှင့်ပြီးသား အတွေ့အကြုံကောင်းများပေါ် အခြေခံကာ စုပေါင်းတိုင်ပင် ဆွေးနွေးခြင်းမှသည် ရှေ့လုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည် ပေါ်လာမည်ဟု ယုံကြည်မိပါကြောင်း ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒုတိယ တစ်လတာဖြတ်သန်းမှုကို ဖော်ပြလိုက်ရပါသည်။ ။

**“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ရှေးရှု၍ လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည့် ကိစ္စရပ်များကို အချိန်မဆိုင်းဘဲ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။ တာဝန်ယူပြီးချိန် ဒုတိယတစ်လတာ အတွင်း ဆောင်ရွက်ချက်များသည် အလွန်ပင် များပြားလှသည်ကိုလည်း မြင်တွေ့ရမည်ဖြစ်”**

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၄) ၏သူရတပ်ခွဲ သင်တန်းဆင်းပွဲ ဂုဏ်ပြုညစာစားပွဲကျင်းပ

နေပြည်တော် ဧပြီ ၉

**တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၄) သူရတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် ဗထူးတပ်မြို့ရှိ အဆိုပါ ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန်း ခန်းမဆောင်၌ ကျင်းပသည်။**

ဂုဏ်ပြု ညစာစားပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော် အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီး ချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်နှင့် ကလောတပ်နယ်မှ အရာရှိကြီး များ၊ သင်တန်းဆင်း အရာရှိများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွဲ့ဝင်များနှင့်အတူ သင်တန်းဆင်း အရာရှိများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက် လာကြသူများနှင့်အတူ ညစာ



အတူတကွ သုံးဆောင်ကြသည်။ ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဂုဏ်ပြု စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြု တီးခတ် မှုများကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ

**မန္တလေး ဧပြီ ၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် မန္တလေးတိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ယနေ့မွန်းလွဲ ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၌ တွေ့ဆုံသည်။ **(ယာပုံ)**



**ဦးစားပေးဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်– MIC အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများကို ဖွဲ့စည်းထားပြီ ဖြစ်ကြောင်း၊ ဖွဲ့စည်းထားပြီး ဖြစ်သည့် ကော်မတီများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ရင်းနှီးမြှုပ်နှံ မှုလုပ်ငန်းများ လုပ်ဆောင်သည့် အခါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုမြန်ဆန် သွက်လက်စွာ ဆောင်ရွက်နိုင်ရေး ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ တိုင်းဒေသကြီး အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမို ဝင်ရောက် လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ် ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များနှင့်ပတ်သက်၍ တိုင်းဒေသ ကြီးအတွင်း မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပေး ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များနှင့် တိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီမှ ခွင့်ပြုပေး ထားသောလုပ်ငန်းများရှိရာ ယင်း လုပ်ငန်း(၂)မျိုးကို ဆောင်ရွက်ရာ တွင် ဥပဒေနှင့်အညီ ဆောင်ရွက် နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများ ရသင့်ရထိုက်သော အခွင့်အရေး များ မဆုံးရှုံးစေရေးအတွက် လိုအပ်သလို ကြိုးကြပ်ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

လတ်တလော အခြေအနေ အရ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာ လုံး၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ၄၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် တစ်ကမ္ဘာလုံး အနေဖြင့် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ထပ်မံကျဆင်း မည်ဟု နိုင်ငံတကာပညာရှင်များ ၏ တွက်ချက်ခန့်မှန်းချက်များ ရှိကြောင်း၊ ထို့ကြောင့် ၂၀၂၁ – ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ အတွင်းသို့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များ ပုံမှန်ဆက်လက်ဝင်ရောက် လာရေးအတွက် စိန်ခေါ်မှုများ ရှိသော်လည်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ပြန်လည်ရုပ်သိမ်း ထွက်ခွာသွားမှုများ ရှိကြောင်း၊ အဆိုပါကိစ္စသည် တစ်ကမ္ဘာလုံး၌ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံအသီးသီး အနေဖြင့် မိမိတို့နိုင်ငံရှိ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ ပြန်လည် ထွက်ခွာမှုမရှိစေရေး နည်းလမ်း မျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံ၌လည်း ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမို အဆင်ပြေချောမွေ့စွာ ဆောင်ရွက် နိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်ပေးကြရန် လိုကြောင်း။

**ကူညီဆောင်ရွက်ပေးသွားမည်**

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ နှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်များ လိုက်နာဆောင်ရွက် ရမည့် လုပ်ငန်းစဉ်များကို MIC က စံပြု လုပ်ထုံးလုပ်နည်းများ ( Standard Operating Procedure– SOP) ထုတ်ပြန်၍ ပြုစုပေးပို့ထားကြောင်း၊ ယင်း SOP ကို လက်တွေ့နှင့် ပိုမို ကိုက်ညီမှုရှိစေရန် ပြန်လည် ပြင်ဆင်၍ ထုတ်ပြန်ပေးမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီး မြှုပ်နှံမှုကော်မတီများမှ ယင်း SOP အတိုင်း လိုက်နာဆောင်ရွက် ၍ လုပ်ငန်းများကို အကောင် အထည်ဖော်ပေးကြရန် ဖြစ် ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များနှင့် ပတ်သက်၍ တိုင်းဒေသ ကြီး/ ပြည်နယ်များရှိ ဌာနများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် လည်း နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားကြရန် လို ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသ ကြီး/ ပြည်နယ်အတွင်းရှိ တည် ရှိပြီး စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုး တက်စေရေးနှင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန် ချက်နှင့်အညီ လိုအပ်ပါက စက်မှု ဇုန်အသစ်များ ထပ်မံတည်ထောင် သွားနိုင်ရေး စဉ်းစားဆောင်ရွက် သွားရန် လိုအပ်ကြောင်း၊ စက်မှု ဇုန်အသစ်များ တည်ထောင်နိုင် ရေးအတွက် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင် အနေဖြင့် လိုအပ်သည်များကို ကူညီဆောင် ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုမိန့်၊ အတည်ပြုမိန့် ထုတ်ပေးသည့် အပိုင်းတွင် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ဥပဒေပါ ပြဋ္ဌာန်းချက် နှင့်အညီ သတ်မှတ်ရက်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေး ရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ရရှိပြီး နောက်ပိုင်းတွင် လည်း သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီး၏လိုင်စင်များ၊ ပါမစ် များ၊ ခွင့်ပြုမိန့်များ ရယူရာတွင် ဌာနအသီးသီးမှ မြန်ဆန် သွက်လက်စွာ ထုတ်ပေးနိုင်ရေး အတွက် တိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီများမှ ကြပ်မတ် ဆောင်ရွက်ပေးကြရမည် ဖြစ် ကြောင်း၊ MIC နှင့် ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန (MIFER) မှလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် လုပ်ငန်းအဆင့် လျှော့ချရန်နှင့် ပိုမိုလွယ်ကူ ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အတွက် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင် ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်း ကျင့်သုံး ဆောင်ရွက်နေသော လုပ်ငန်းစဉ် များကိုလည်း ပြန်လည်သုံးသပ်၍ ယခုထက် ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ပေး နိုင်ရန် လိုအပ်ကြောင်း ပြောကြား သည်။

**ဆွေးနွေး**

ထို့နောက်မန္တလေးတိုင်းဒေသ ကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးတိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကိစ္စရပ်များအား ဆွေးနွေး ပြောကြားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မန္တလေး တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြား ရေးမှူး ဒေါက်တာမင်းဇော်ဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေ များကို ရှင်းလင်းကာ တိုင်းဒေသ ကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဝင် များကလည်း လိုအပ်သည်များ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မန္တလေး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြား မှုဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်း များနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီအစည်းအဝေး (၃/၂၀၂၁) ကျင်းပ

နေပြည်တော် ဧပြီ ၉

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ အစည်းအဝေး (၃/၂၀၂၁)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း တက်ရောက် အမှာစကား ပြောကြားသည်။ (ယာပုံ)



အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နယ်စပ်စခန်းများ ကုန်သွယ်မှု**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌက ပင်လယ်ရေကြောင်း ကုန်သွယ်မှုဆိုင်ရာ ကုန်သွယ်မှုအခြေအနေများ၊ နယ်စပ်စခန်းများအလိုက် ကုန်သွယ်မှုအခြေအနေများ၊ ပုဂ္ဂလိကဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ CMP လက်ခစားစက်ရုံများ၏ လက်ရှိလုပ်ခလစာနှင့် စက်ရုံလည်ပတ်နိုင်ရေးကိစ္စရပ်များ၊ မီးလောင်ဆုံးရှုံးသွားခဲ့သော စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများဆိုင်ရာ ကိစ္စရပ်များ၊ ဆိပ်ကမ်းကုန်သေတ္တာထိန်းသိမ်းခနှင့် ကုန်သေတ္တာငှားရမ်းမှု၊ သင်္ဘောလိုင်းဆိုင်ရာ ကိစ္စရပ်များ၊ တရားမဝင်ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က (၂/ ၂၀၂၁) ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်နှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြအတည်ပြုချက် ရယူသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီအနေဖြင့် ကော်မတီဖွဲ့စည်းပြီးနောက်ပိုင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများအလိုက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ ဧပြီ ၈ ရက်အထိ ကုန်သေတ္တာသွင်းကုန် (၃၈,၂၅၄)လုံး ၊ ပို့ကုန် (၄၀,၃၄၉)လုံးနှင့် စုစုပေါင်း (၇၈,၆၀၃) လုံးတို့ကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး စက်သုံးဆီတန်ချိန် အောက်တိန်း (၂၃၉,၀၄၃) တန်၊ ဒီဇယ် (၃၀၄,၀၂၂)တန်ကိုလည်းကောင်း၊ စားအုန်းဆီတန်ချိန် (၁၁၅,၉၉၃) တန်ကို လည်းကောင်း သက်ဆိုင်ရာ ဆိပ်ကမ်းများ၌ ကုန်ချခဲ့သည်။

**ဆက်သွယ်နိုင်**

နယ်စပ်ကုန်သွယ်မှုအပိုင်းတွင်လည်း မူဆယ်ကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ ဧပြီ ၈ ရက်အထိ ပို့ကုန်ယာဉ်ကြီး (၃၂,၃၅၁) စီး၊ သွင်းကုန် ယာဉ်ကြီး (၆,၅၄၆)စီး၊ စုစုပေါင်း (၃၈,၈၉၇)စီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၂၉၈) သန်းကျော်ကိုလည်းကောင်း၊ မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ပို့ကုန်ယာဉ်ကြီး (၁၅,၄၁၄) စီး၊ သွင်းကုန်ယာဉ်ကြီး(၇,၃၁၁) စီး၊ စုစုပေါင်း (၂၂,၇၂၅) စီး ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ(၂၄၉) သန်းကျော်ကို လည်းကောင်း ဆောင်ရွက်နိုင်ခဲ့သည်။ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲများ၊ ဘဏ်ငွေကြေး လွှဲပြောင်းမှုဆိုင်ရာ အခက်အခဲများ၊ စက်မှုဇုန်များရှိ လစာထုတ်ပေးရန် အခက်အခဲများရှိပါက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီရုံးဝင်းအတွင်း (OSS) အဖွဲ့များဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး အကူအညီလိုအပ်ပါက လုပ်ငန်းကော်မတီ လက်ကိုင်ဖုန်း (၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉- ၆၈၇၆၃၅၉၄၃၊ ၀၉- ၆၇၆၃၂၀၈၂၆)သို့ လည်းကောင်း၊ နေပြည်တော်ဗဟိုကော်မတီရုံး ဖုန်း (၀၆၇-၃၄၀၉၆၇၁၊ ၀၆၇-၃၄၀၉၆၇၂၊ ၀၆၇-၃၄၀၉၆၇၃)သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူတို့၏ ယုံကြည်မှုပိုမိုရရှိစေရေးအတွက် ဘဏ်များမှ ဝန်ဆောင်မှုများ အဆင်ပြေစွာ ဆောင်ရွက်ပေး

နေပြည်တော် ဧပြီ ၉

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းသည် မြန်မာနိုင်ငံဘဏ်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံသည်။** (အောက်ပုံ)




တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ မြန်မာနိုင်ငံ ဘဏ်များအသင်း နာယက ဦးသိန်းထွန်း၊ ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်များ ပူးပေါင်းဆောင်ရွက်မှုရလဒ်အဖြစ် လက်ရှိတွင် ဘဏ်များ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ လက်ရှိအခြေအနေတွင် ဘဏ်ခွဲပေါင်း ၁၀၀၀ ကျော်ထိ ဖွင့်လှစ်လာပြီ ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ ယုံကြည်မှုကို ပိုမိုရရှိစေရေးအတွက် ဘဏ်များမှ ဝန်ဆောင်မှုများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ငွေဝင်ငွေထွက် စီးဆင်းမှုမှန်ကန်ပါက အခက်အခဲများကို ဖြေလျှော့နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘဏ်များအနေဖြင့် လက်ရှိကြုံတွေ့ရသော အခက်အခဲများနှင့် အကြံဉာဏ်များကို ပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘဏ်များအသင်း နာယက ဦးသိန်းထွန်း၊ ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများက ပြင်ပ၌ဖြစ်ပေါ်နေသော ဘဏ်များနှင့် ပတ်သက်သည့် ကောလာဟလများ ဖြေရှင်းရေး၊ ဘဏ်များအနေဖြင့် ပြည်သူတို့အပေါ် ဝန်ဆောင်မှုများ ပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ယုံကြည်မှုများ ခိုင်မာအောင် တည်ဆောက်ရေး၊ ဘဏ်ဝန်ဆောင်မှုများ အဆင်ပြေစေရန် ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်သော အခက်အခဲများ ဖြေရှင်းပေးနိုင်ရေး၊ ငွေကြေး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးကိစ္စတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက ပြင်ပ၌ ဘဏ်များအပေါ် ပြည်သူလူထု ယုံကြည်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ဘဏ်အချို့ကို အရေးယူပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများကို မသမာသူများက ထုတ်လွှင့်လျက်ရှိကြောင်း၊အဆိုပါ သတင်းမှားများကြောင့် ပြည်သူအချို့သည် စိုးရိမ်ပူပန်ပြီး ဘဏ်များမှ ငွေကြေးများကို လိုအပ်သည်ထက် ပိုမိုထုတ်ယူခြင်း၊ ဘဏ်များသို့ အပ်နှံမည့်ငွေကြေးများကို ဆိုင်းငံ့ထားခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအားလုံး စနစ်တကျ လုပ်ငန်းများ ဆောင်ရွက်ရန် အနီးကပ် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ဘဏ်များအားလုံး သတ်မှတ်ချက်များနှင့် အညီ ခိုင်မာစွာဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုမရှိဘဲ ဘဏ်များအပေါ် စိတ်ချယုံကြည်စွာ ဘဏ်ဝန်ဆောင်မှုများကို ပုံမှန်ရယူ သုံးစွဲနိုင်ကြပါကြောင်း၊ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ဘဏ်များအတွက် ဧပြီ ၇ ရက်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် Website ၌ ကြေညာချက် ထုတ်ပြန်ထားရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဘဏ်များမှ ကုမ္ပဏီများနှင့် စက်ရုံဝန်ထမ်းများ၏ လစာများကို အဆင်ပြေချောမွေ့စွာ ထုတ်ပေးနိုင်ရေး၊ ပြည်သူတို့၏ ငွေထုတ်ယူမှုနှင့် စာရင်းလွှဲပြောင်းမှုများကို လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး၊ ပုဂ္ဂလိကဘဏ်များတွင် ငွေထုတ်သူများ လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရေး၊ ဘဏ်များမှ လိုအပ်လျက်ရှိသော ငွေသားလိုအပ်မှုများ ဖြည့်ဆည်းပေးနိုင်ရေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းစနစ် ကောင်းမွန်စွာလည်ပတ် ဆောင်ရွက်နိုင်ရန်နှင့် ဘဏ်များမှ ဝန်ဆောင်မှုများ ကောင်းမွန်စွာပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးနေမှုများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌကနိဂုံးချုပ်အနေဖြင့် ဘဏ်များ၏ အခက်အခဲနှင့် လိုအပ်ချက်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် ယခုကဲ့သို့ တွေ့ဆုံမှုများကို လစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးမြေများအား အခြားနည်းလမ်းဖြင့် အသုံးမပြုနိုင်စေရန် ကြပ်မတ်ဆောင်ရွက်မည်

နေပြည်တော် မေ ၉

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



**လယ်ယာကဏ္ဍ အဓိကအားထား**

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက တိုးချဲ့မြို့ပြစီမံကိန်းများ ဆောက်လုပ်ရန်အတွက် မြေပြန့်နေရာများနှင့် စိုက်ပျိုးမြေများအား ခွင့်မပြုရေး မူဝါဒတစ်ရပ်ချမှတ် ဆောင်ရွက်သွားရန်၊ ဝန်ထမ်းအိမ်ရာနှင့် စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များ တည်ဆောက်ရာ၌ စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်းမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် စိုက်ပျိုးမြေများအား အခြားနည်းလမ်းဖြင့် အသုံးမပြုနိုင်စေရန်အတွက် ကြပ်မတ်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒများနှင့် အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့က စိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့် ပြည်ပပို့ကုန်များ တင်ပို့ရောင်းချရေးတွင် လယ်ယာကဏ္ဍကို အဓိကအားထားနေရလျက်ရှိရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မဖြစ်မနေအသုံးပြု ရမည့် အနည်းဆုံးလိုအပ်ချက်ဖြစ်စေရေး စိစစ် ဆောင်ရွက်ရန်လိုကြောင်း၊ လယ်ယာမြေများ အသုံးပြုမှု စီမံခန့်ခွဲရာတွင် တည်ဆဲဥပဒေများနှင့် အညီ နိုင်ငံတော်က ချမှတ်ထားသည့် မြေယာမူဝါဒ များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယခုကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ အစည်းအဝေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက်တွင် ပထမအကြိမ် ကျင်းပ ပြုလုပ်ခြင်းဖြစ်ပြီး အစည်းအဝေးတွင် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် ဘဏ္ဍာနှစ်အလိုက် လျော်ကြေး၊ နစ်နာကြေးပေးချေရမည့် ကိစ္စရပ်များ၊ ဌာနဆိုင်ရာ၊ သာသနာရေးဆိုင်ရာများမှ အခြားနည်း အသုံးပြုခွင့် လျှောက်ထားလာမှု ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးအတွက် လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ စိစစ်တင်ပြလာသော ကိစ္စရပ်များကို ဆွေးနွေးဆောင် ရွက်ခဲ့ကြသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော စီးပွားရေးဦးတည်ချက် ကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း၊ ကုန်ကြမ်းများအဖြစ် တင်ပို့ရောင်းချလျက် ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို တန်ဖိုး မြင့်ကုန်ချောများအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေးကို သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များ၊ အဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြေယာအသုံးပြုခွင့်များ စိစစ်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးကို အထောက်အကူဖြစ်စေမည့် ဆက်စပ်လုပ်ငန်းများအား ဦးစားပေးခွင့်ပြုပေး သွားမည်ဖြစ်သော်လည်း အသုံးပြုခွင့် တင်ပြလာ သည့်လုပ်ငန်း၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသည့် ပမာဏဖြစ်ရန်နှင့် အမှန်တကယ်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်သည့် လုပ်ငန်းများဖြစ်ရန် လိုအပ်ကြောင်း သိရသည်။

**လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ပြုရန်တင်ပြ**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အနေဖြင့် နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ပြုပါရန် စိစစ်တင်ပြလာသည့် လုပ်ငန်းစာတွဲများကို လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ ညွှန်ကြားချက်များ နှင့်အညီ စိစစ်၍ ကိုက်ညီမှန်ကန်မှုရှိပါက အတည် ပြုပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် ကျိုင်းတုံဒေသအတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၉

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ Amazing Kengtong Resort ဟိုတယ်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ချိန်တွင် ကျန်းမာရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို မလျော့ဘဲ ဟိုတယ်သို့လာရောက်သည့် ဧည့်သည်များကို ဝန်ဆောင်မှု ကောင်းမွန်စွာပေးနိုင်ရေးအတွက် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**



ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် ကျိုင်းတုံ ပါရာ ဒိုက်(စ်) ဟိုတယ်သို့ သွားရောက် ကာ ဟိုတယ်ကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိမှု၊ ဟိုတယ်အား မွမ်းမံပြင်ဆင် တိုးချဲ့နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးသည် Amazing Kengtong Resort ဟိုတယ်၌ ပြည်နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ ကျိုင်းတုံခရိုင် ခရီးသွား လုပ်ငန်း စီမံခန့်ခွဲရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ကျိုင်းတုံမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ခရီးသွားလုပ်ငန်းဆိုင်ရာအသင်း အဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်များမှ တာဝန်ခံများနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ တွေ့ဆုံ ဆွေးနွေးသည်။

အခမ်းအနားတွင်ပြည်ထောင်စု ဝန်ကြီးက ကိုဗစ်-၁၉ ကပ် ရောဂါကြောင့် ဟိုတယ်နှင့် ခရီး သွားလုပ်ငန်းများ ထိခိုက်နစ်နာပြီး ရပ်ဆိုင်းခဲ့သည်မှာ (၁)နှစ်ခန့် ရှိခဲ့ပြီဖြစ်ရာ ယခုအခါတွင် ကိုဗစ်-၁၉ အား အတော်အသင့်ထိန်းချုပ် နိုင်ပြီဟု ယူဆရသည့်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက် နှင့်အညီ မြန်မာတစ်နိုင်ငံလုံးရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း များကို တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် နိုင်ငံတော်အဆင့် ပြန်လည် စတင်ဖွင့်လှစ်ပေးနေ ခြင်းဖြစ်ပါကြောင်း၊သို့သော်လည်း ကျန်းမာရေးဆိုင်ရာ သတ်မှတ် ချက်များအား မေ့လျော့ပေါ့ဆ၍ မရကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် ခရီးသွားလုပ်ငန်း နယ်ပယ်ရှိ ဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေး ခြင်းကအစ ခရီးသွားလုပ်ငန်း ပြန်လည် ဦးမော့လာစေရေး အတွက် လိုအပ်သည့်ဖြေလျှော့မှု များကို စနစ်တကျ ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ ခရီးသွား လုပ်ငန်းမှာ စီးပွားရေးဖွံ့ဖြိုးတိုး တက်ရေးအတွက် အထောက်အပံ့ တစ်ခုဖြစ်ရုံသာမက ကဏ္ဍ အသီးသီးနှင့် ဆက်စပ်နေသော ကြောင့် ပြည်သူလူထုအတွက် အထူးအလေးထား လုပ်ဆောင် သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် နိုင်ငံတော် အစိုးရ - ပြည်သူလူထု - ပုဂ္ဂလိက လုပ်ငန်းရှင် သုံးဦးသုံးဖလှယ် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ကြရန် လိုအပ်ပါကြောင်း၊ ဒေသခံ တိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက်များကို လေ့လာပြီး ဒေသ၏သဘာဝအလှ အပများ ခံစားနိုင်သော လူထု အခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism- CBT) ကိုလည်း ဆက်လက် အကောင်အထည် ဖော်သွားရန် လိုအပ်ပါကြောင်း၊ ကျိုင်းတုံဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေးအတွက် ဝန်ကြီးဌာနနှင့် ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များ၊ ဒေသခံပြည်သူလူထုများအားလုံး ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်သွား ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင် မောင်ကျော်က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ကိုဗစ်- ၁၉ ကြောင့် ထိခိုက်နစ်နာနေမှု အပေါ် ပြန်လည်ကုစားနိုင်ရေး အတွက် ဝန်ကြီးဌာနက Tourism Relief Plan ကို ထုတ်ပြန်ပြီး ယင်းစီမံကိန်းပါ စီမံချက်များ နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဟိုတယ်များ ကိုဗစ်-၁၉ သတ်မှတ်ချက်များ နှင့်အညီ ပြန်လည်ဖွင့်လှစ်နေမှု၊ ခရီးသွားဧည့်သည်များ၏ လုံခြုံ ရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးစဉ် ဒေသစီမံခန့်ခွဲရေးအဖွဲ့ Destina- tion Management Organiza- tions (DMO) များ ဖွဲ့စည်းပြီး ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသ အသစ်များ ဖော်ထုတ်မှုများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်က ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားခင်ကတည်း က ကျိုင်းတုံဒေသသို့ ပြည်တွင်း ခရီးသွားများသာမက ပြည်ပခရီး သွားများပါ လာရောက်လည်ပတ် လေ့ရှိပါကြောင်း၊ ကျိုင်းတုံဒေသ သည် ရေမြေတောတောင် သဘာဝအရ လှပသာယာပြီး မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ အနက် နိုင်ငံခြားသားဧည့်သည် များ လာရောက်လည်ပတ်ချင်စရာ ကောင်းသော ဒေသတစ်ခုလည်း ဖြစ်ပါကြောင်း၊ ကျိုင်းတုံဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွား လိုပါကြောင်း ဆွေးနွေးပြောကြား သည်။

ယင်းနောက် ဆွေးနွေးပွဲ သို့ တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှု၊ နယ်စပ်ဖြတ်ကျော် မော်တော် ယာဉ်တန်းခရီးစဉ် Caravan Tour ဆောင်ရွက်နိုင်မှု၊ ကျိုင်းတုံဒေသ ခရီးသွားလုပ်ငန်း တိုးတက်ရေး အခြေအနေတို့ကို အသီးသီး ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးသည် ကျိုင်းတုံမြို့၏ ခရီးသွားဆွဲဆောင်မှု နေရာများ ဖြစ်သော ခရီးသွားဧည့်သည်များ နေဝင်ဆည်းဆာချိန် လမ်း လျှောက်အပန်းဖြေ အနားယူနိုင် သည့် ကန်ပတ်လည် ပေ ၆၃၀၀ ရှိသည့် နောင်တုံကန်၊ ကျိုင်းတုံမြို့ တွင်းရှိ Kyaing Tong Tower၊ အလောင်းမင်းတရား လက်ထက် တွင် စိုက်ပျိုးခဲ့သည့် အမြင့်ပေ ၂၁၈ ပေ၊ သက်တမ်း ၂၅၀ ကျော် ခန့်ရှိ ကညင်ဖြူပင်ရှိသော သစ်တစ်ပင်တောင်နှင့် (AD- 1819) ရာစုတွင် တည်ဆောက် ခဲ့သည့် ပါလျန်တံခါးတို့သို့ သွားရောက်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် မဟာမြတ်မုနိ ဘုရားသို့ သွားရောက်ဖူးမြော် ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူကာ ဘုရားဂေါပကထံသို့ အလှူငွေ ပေးအပ်လှူဒါန်းခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမိန့်အမှတ် ၅၄/၂၀၂၁ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၅၄/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/၂၀၂၀ ဖြင့် ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)၊ ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့် အမှတ် ၁၁၀/၂၀၂၀ ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ၁၉-၁၀- ၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၂၉/၂၀၂၀ ဖြင့် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ၂၆-၁၂-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၆၁/၂၀၂၀ ဖြင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန် မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့တွင် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် Stay at Home အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် Stay at Home အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့သော တိုင်းဒေသကြီးများနှင့် ပြည်နယ် အတွင်းရှိ မြို့နယ်များတွင် COVID-19 ရောဂါ ခါတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှု လျော့နည်းလာခြင်း၊ တစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်းတို့ကြောင့် အထက်ဖော်ပြပါ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ပြည်သူများအနေဖြင့် ၁၀-၄-၂၀၂၁ ရက်နေ့၊ ဝ၄ဝဝ နာရီအချိန်မှစ၍ မိမိနေအိမ်တွင်နေထိုင်ရန် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

○ *ကျောဖုံးမှ*

(စ) ရေကစားသည့်နေရာများတွင် ကြီးကြပ်ဆော်ဩသည့်အဖွဲ့များ တာဝန်ပေးအပ်ထားရှိပြီး COVID-19 ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များအားလုံးကို လိုက်နာစေရေး အထူး ကြီးကြပ်ဆောင်ရွက်စေရန်၊

(ဆ) စတုဒိသာကျွေးမွေးရာတွင် တတ်နိုင်သမျှ ပါဆယ်(Take-away)စနစ်ဖြင့် ဆောင်ရွက်ရန်၊

(ဇ) စတုဒိသာကျွေးသည့်နေရာများ၏ အစားအသောက်များ ကျွေးမွေးသောနေရာများတွင် Physical Distancing ရရှိစေရေးအတွက် ခုံးလွယ်ခုတ်ထိုင်စေခြင်းနှင့် စားပွဲတစ်ဝိုင်းနှင့် တစ်ဝိုင်းအား (၆)ပေအကွာ နေရာချထားရန်စသည့် Physical Distancing ရရှိစေရန် ဆောင်ရွက်ရန်၊ အစားအသောက်ပြင်ဆင်ပေးသူများအား ခွဲစိတ်ခန်းသုံး ပါးစပ်နှင့် နှာခေါင်းစည်း(Surgical Mask)နှင့် လက်အိတ်(Gloves) များ ဝတ်ဆင်စေရန်၊

(ဈ) စတုဒိသာကျွေးမည့်နေရာများသို့ မဝင်ရောက်မီ ရေနှင့်ဆပ်ပြာ(သို့မဟုတ်) အယ်လ်ကိုဟော (၆၀%)ပါဝင်သော လက်သန့်စင်ဆေးရည် (Hand Sanitizer/ Gel)များနှင့် လက်သန့်စင် ဆေးကြောရန်၊

(ည) အမှိုက်စွန့်ပစ်မည့်နေရာများ စနစ်တကျစီစဉ်ထားရန်နှင့် အမှိုက်စွန့်ပစ်ခြင်းလုပ်ငန်းအား သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဋ) အများနှင့်သက်ဆိုင်သော အနားယူအပန်းဖြေနေရာများသည် လူအများစုဝေးနိုင်သည့် နေရာများဖြစ်သည့်အတွက် လာရောက်အပန်းဖြေသူ လူအုပ်စုများ အချင်းချင်း နီးနီးကပ်ကပ် မရှိစေဘဲ Physical Distancing ရရှိစေရေးအတွက် စီစဉ်ထားရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဌ) မိသားစုခရီးသွားလာခြင်းများရှိပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန် ထားရှိသော ခရီးသွားလုပ်ငန်းလမ်းညွှန်ကို လိုက်နာဆောင်ရွက်ရန်။

**ရေကစားမည့်နေရာသို့ လာရောက်သူများ လိုက်နာရန်**

၃။ (က) ရေကစားမည့်နေရာသို့ လာရောက်မည့်သူအားလုံးသည် ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ရှုတ်တရက် အနံ့/အရသာပျောက်ဆုံးခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာများ မရှိဘဲ ကျန်းမာရေးအခြေအနေ ကောင်းမွန်မှသာ လာရောက်နိုင်ရေး ကြိုတင်အသိပေး ထားရှိရန်၊

(ခ) ခွဲစိတ်ခန်းသုံး ပါးစပ်နှင့် နှာခေါင်းစည်း(Surgical Mask)နှင့် မျက်နှာအကာ(Face Shield) တို့ကို အချိန်ပြည့်စနစ်တကျတပ်ဆင်ရန်၊ (ရေစိုခြင်းဖြစ်ပါက ရောဂါပိုးဝင်ရောက်ခြင်းအား ကာကွယ်နိုင်မည်မဟုတ်ပါ၍ တတ်နိုင်သမျှ ရေမစိုစေရန်နှင့် ရေစိုပါက ချက်ချင်းလဲလှယ်ရန် လိုအပ်ပါသည်။)

(ဂ) ရေကစားရာတွင် အနီးကပ်ကစားခြင်းမပြုရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေ၍ ရေကစားရန်၊ အတတ်နိုင်ဆုံး သတ်မှတ်နေရာများတွင်နေ၍ ရေကစားခြင်းအား ဆောင်ရွက်ရန်၊

(ဃ) ရေနှင့်ဆပ်ပြာ (သို့မဟုတ်) အယ်လ်ကိုဟော (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည် (Hand Sanitizer/ Gel)များနှင့် မကြာခဏ လက်သန့်စင်ဆေးကြောရန်။

**ရေပက်ခံသူများ လိုက်နာရန်**

၄။ (က) ရေပက်ခံသူများအားလုံးသည် ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ရှုတ်တရက် အနံ့/ အရသာပျောက်ဆုံးခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာများမရှိဘဲ ကျန်းမာရေး အခြေအနေ ကောင်းမွန်မှသာ ရေပက်ခံထွက်ရန်၊

(ခ) နေအိမ်ပြင်ပသို့ထွက်ခွာပါက ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask)နှင့် မျက်နှာအကာ(Face Shield)အား တွဲဖက်၍ မဖြစ်မနေ တပ်ဆင်ရန်၊ Surgical Mask ရေစိုပါက အသစ်လဲလှယ်တပ်ဆင်ရန်၊ Surgical Mask တပ်ဆင်ထားရန် ခက်ခဲသော အခြေအနေ (အထူးသဖြင့် ရေကစားချိန်)တွင် မျက်နှာအကာ (Face Shield) အား မဖြစ်မနေ စနစ်တကျ တပ်ဆင်ထားရန်၊ (ရေစိုခြင်းဖြစ်ပါက ရောဂါပိုးဝင်ရောက်ခြင်းအား ကာကွယ် နိုင်မည်မဟုတ်ပါ။)

(ဂ) လမ်းလျှောက်သကြီန်လည်ပတ်သူများနှင့် ရေကစားသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်၊

(ဃ) မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း ရေပက်ခံကားများဖြင့် လှည့်လည်သွားလာပါက အတူနေမိသားစုဝင်များသာ လိုက်ပါစီးနင်းရန်နှင့် အခြားသူများအား လိုက်ပါစီးနင်း လည်ပတ်ခြင်း မပြုရန်၊

(င) ရေနှင့်ဆပ်ပြာ (သို့မဟုတ်) အယ်လ်ကိုဟော (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည် (Hand Sanitizer/ Gel) များနှင့် မကြာခဏ လက်သန့်စင်ဆေးကြောရန်။

**မှတ်ချက်။ မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း ပါဝင်ဆင်နွှဲခဲ့သော ပြည်သူများအနေဖြင့် (၂)ပတ်အတွင်း COVID-19 ရောဂါသံသယလက္ခဏာများ ဖြစ်ပေါ်ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်ဆောင်ရွက်ရန် လိုအပ် ပါသည်။**

၅။ အထက်ဖော်ပြပါ လိုက်နာရန်အချက်များနှင့်စပ်လျဉ်း၍ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲ ဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

## လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် မေ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်များ အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များကိုင်ဆောင်နေကြောင်း သတင်းအရ မေ ၈ ရက်နှင့် ယနေ့တို့တွင် တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက် ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင် ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။



ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ လက်လုပ်သေနတ် ၄၇ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❊ *ကျောဖုံးမှ*

ရက်ဖို့ဒ်၊ ဖာနန်ဒက်ဇ်၊ ပေါ့ဂ်ဘာ၊ ဂရင်းဝုဒ်စသည့် အဓိက ကစားသမား အများစုဖြင့် ပွဲထွက်လာခဲ့သည်။

ယနေ့ပွဲစဉ်တွင် မန်ယူအသင်းသည် ပွဲစသည်နှင့် ဂရန်နာဒါအသင်း အပေါ် ဖိအားပေးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ ပွဲချိန် ၃၁ မိနစ် တွင် လင်ဒီလော့ဖ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ရက်ဖို့ဒ်က မန်ယူအသင်း အတွက် အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ မန်ယူအသင်းသည် ဒုတိယပိုင်းပွဲချိန် ပြီးခါနီးတွင် ပယ်နယ်တီရရှိခဲ့ပြီး ဖာနန်ဒက်ဇ်က ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့၍ မန်ယူအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ ခဲ့ခြင်းဖြစ်သည်။ ဂရန်နာဒါနှင့် မန်ယူတို့၏ ဒုတိယအကျော့ပွဲစဉ်ကို ဧပြီ ၁၆ ရက်တွင် မန်ယူကွင်း၌ ကစားရမည်ဖြစ်သည်။

ယူရိုပါလိဂ် အခြားသော ကွာတားဖိုင်နယ်ပွဲစဉ်များတွင် အာဆင်နယ်က ပရော့ဂ်ကို တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့ပြီး ရိုးမားက အိုင်းယက်စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို ဗီလာရီးရဲက ဒိုင်နမိုဇာဂရက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**

# ကိုဗစ် - ၁၉ ရောဂါ တိုက်ဖျက်ရာတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အကျိုးများကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီး ချီးကျူးပြောကြား

ကိုင်ရို ဧပြီ ၉

**ကိုဗစ်–၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် မမျှော်မှန်းနိုင်သော အကျိုးရလဒ်ရရှိခဲ့သဖြင့် အီဂျစ်နှင့် တရုတ်နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုအပေါ် အီဂျစ်ကျန်းမာရေးဝန်ကြီး ဟာလာ ဇာရက်က ချီးကျူးပြောကြားလိုက်သည်။**

ကိုဗစ်–၁၉ အကျပ်အတည်းတွင် မိမိတို့နှင့်အတူ အကြီးမားဆုံးစည်းလုံးညီညွတ်စွာဖြင့် အတူရှိခဲ့သော တရုတ်နိုင်ငံနှင့် ၎င်း၏ခေါင်းဆောင်မှု၊ အစိုးရနှင့် ပြည်သူတို့ကို မိမိအနေဖြင့် ကျေးဇူးတင်ကြောင်း ကိုင်ရိုတွင်ပြုလုပ်ခဲ့သော အီဂျစ်နိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။



အီဂျစ်ကျန်းမာရေးဝန်ကြီး ဟာလာ ဇာရက် သတင်းစာရှင်းလင်းပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

ဇာရက်က အီဂျစ်နိုင်ငံသည် တရုတ်နိုင်ငံ၏ ဆီနိုဖမ်းကာကွယ်ဆေး နှစ်သုတ်စလုံးကို မကြာသေးမီက လက်ခံရရှိခဲ့ကြောင်း ပြောဆိုခဲ့သည်။

အီဂျစ်နိုင်ငံတွင် လွန်ခဲ့သော ဇန်နဝါရီနှောင်းပိုင်းက အစိုးရဆေးရုံများရှိ ဆေးဝန်ထမ်းများအား တရုတ်နိုင်ငံ၏ ဆီနိုဖမ်းကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးပေးမှု စတင်ပြုလုပ်ခဲ့သည်။ အဆိုပါ ကာကွယ်ဆေးသည် အီဂျစ်ဆေးအာဏာပိုင်အဖွဲ့က အတည်ပြုခဲ့သော ကိုဗစ်–၁၉ ကာကွယ်ဆေးဖြစ်သည်။

မတ်လအစောပိုင်းက အီဂျစ်နိုင်ငံတွင် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါသည်များကို ကိုဗစ်–၁၉ ကာကွယ်ဆေး စတင်ထိုးပေးခဲ့သည်။

အီဂျစ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လောင်လီကျန်းက နောက်တစ်ဆင့်တွင် တရုတ်နိုင်ငံသည် အီဂျစ်နိုင်ငံကို ကာကွယ်ဆေးအထောက်အပံ့များ ဆက်လက်ပေးသွားမည်ဖြစ်သကဲ့သို့ တရုတ်ကုမ္ပဏီများကိုလည်း တရုတ်နိုင်ငံ၏ ထုတ်လုပ်မှုအရည်အသွေးများနှင့် အီဂျစ်နိုင်ငံ၏ လိုအပ်ချက်ကို အခြေခံကာ ကာကွယ်ဆေးများ ထုတ်လုပ်ရောင်းချသွားရန်လည်း အားပေးတိုက်တွန်းခဲ့သည်။

သင့်လျော်သော တရုတ်နှင့် အီဂျစ်ဌာနများ၊ ကုမ္ပဏီများသည် ကာကွယ်ဆေးများဝယ်ယူခြင်းနှင့် ဒေသတွင်း၌ ကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရန် စီးပွားရေးဆိုင်ရာ ညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ပြောသည်။

အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးဌာန ၃၉ ခုမှတစ်ဆင့် ၁၆၉ ခုအထိ တိုးလာအောင် ဆောင်ရွက်ခဲ့ကြောင်း ဇာရက်က ပြောခဲ့သည်။ နောက်တစ်ပတ်မတိုင်မီ ကာကွယ်ဆေးထိုးဌာနပေါင်း ၃၅၀ အထိ တိုးမြှင့်သွားနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

နေ့စဉ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုသည် အနည်းငယ်မြင့်တက်လျက်ရှိသောကြောင့် ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိမှုများကို ဆက်လက်ထိန်းသိမ်းသွားရန်၊ ၎င်းသည် ကမ္ဘာပေါ်ရှိ တခြားကာကွယ်ဆေးများအားလုံးထက် အစွမ်းထက်ကြောင်း ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံတွင် ကိုဗစ်–၁၉ အတည်ပြု ကူးစက်လူနာ ၂၀၇၂၉၃ ဦးရှိပြီး သေဆုံးသူ ၁၂၂၉၀ ရှိကာ ပြန်လည်ကောင်းမွန်လာသူ ၁၅၇၄၅၀ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၈၃ ဦးအထိ တိုးလာ

ဟနွိုင်း ဧပြီ ၉

ဗီယက်နမ်နိုင်ငံတွင် ဧပြီ ၉ ရက်က နောက်ထပ် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅ ဦး ရှိလာကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၈၃ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများမှာ ဗီယက်နမ်နိုင်ငံသားများဖြစ်ကြပြီး ၎င်းတို့သည် မကြာသေးမီက နိုင်ငံခြားမှ ပြန်ရောက်လာသူများဖြစ်သည်။ ဆိုက်ရောက်သည့်နေ့မှာပင် သီးသန့်ကန့်သတ်စောင့်ကြည့်မှု ခံယူခဲ့သူများဖြစ်ကြောင်း ဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၂၄၂၉ ဦးအထိ များလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လတ်တလောတွင် ဗီယက်နမ်နိုင်ငံတွင် လူပေါင်း ၃၇၃၀၀ နီးပါးကို သီးသန့်ခွဲခြားစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဇွန်လကုန်တွင် သက်ကြီးနိုင်ငံသား ၃၆ သန်းကို ကိုဗစ်–၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပေးနိုင်ရန် ဂျပန်အစိုးရ ကြိုးစားလုပ်ဆောင်

တိုကျို ဧပြီ ၉

ဂျပန်အစိုးရသည် ဇွန်လကုန်တွင် သက်ကြီးနိုင်ငံသား ၃၆ သန်းခန့်ကို ကိုဗစ်–၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပေးရန် ကာကွယ်ဆေး အလုံအလောက်ရရှိအောင် ကြိုးစား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ ကိုဗစ်–၁၉ ကာကွယ်ဆေးအစီအစဉ်ဆိုင်ရာ တာဝန်ခံဝန်ကြီးက ပြောကြားလိုက်သည်။

အသက် ၆၅ နှစ် သို့မဟုတ် ၎င်းနှင့်အထက် သက်ကြီးနိုင်ငံသားများကို ယခုလက်ရှိ ဘဏ္ဍာနှစ်မကုန်မီ ကာကွယ်ဆေးထိုးပေးခြင်းအစီအစဉ်ကို လာမည့် တနင်္လာနေ့တွင် စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇွန်လအတွင်း ဂျပန်နိုင်ငံအနေဖြင့် အသုံးပြုမည့် ကာကွယ်ဆေးပမာဏကို ယခုအခါတွင် အတည်ပြုလိုက်ပြီ ဖြစ်ကြောင်း၊ သို့သော်လည်း ဥရောပသမဂ္ဂက အတည်ပြုသော ကာကွယ်ဆေးတင်ပို့ဖြန့်ဖြူးမှု အပေါ်တွင်လည်း မူတည်ကြောင်း စီမံခန့်ခွဲရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဝန်ကြီး ကိုနိုတာရိုက သတင်းထောက်များကို ဧပြီ ၉ ရက်က ပြောကြားလိုက်သည်။

နောက်လ လဝက်မတိုင်မီ ကာကွယ်ဆေး လိုအပ်ချက်ကို တံ့ပြန်ဖြည့်ဆည်းသောအားဖြင့် အစိုးရသည် ကာကွယ်ဆေးကို အလျင်အမြန် ဖြန့်ဝေနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။



ဂျပန်နိုင်ငံ ကာဝါဆာကီမြို့တွင် သက်ကြီးရွယ်အိုတစ်ဦး ကိုဗစ်–၁၉ ကာကွယ်ဆေး စမ်းသပ်ထိုးနှံမှုကို ခံယူနေစဉ်။

စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့များတွင် ကာကွယ်ဆေးထိုးနှံခြင်းကို အဆိုပါအချိန်မတိုင်မီ အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ




ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အသွားအလာကန့်သတ်ပိတ်ဆို့မှု ပြုလုပ်ထားသည်ကို တွေ့ရစဉ်။

## ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း အသွားအလာကန့်သတ်ပိတ်ဆို့မှုကာလကို နောက်ထပ်သီတင်းပတ် တစ်ပတ်ကြာ သတ်မှတ်ပြဋ္ဌာန်းရန် စဉ်းစားလျက်ရှိ

ဒါကာ ဧပြီ ၉

ကိုဗစ်–၁၉ ကူးစက်မှုမြင့်တက်လာခြင်းကို တားဆီးရန် ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း အသွားအလာကန့်သတ်ပိတ်ဆို့မှုကို ဧပြီ ၁၄ ရက်မှစပြီး သီတင်းပတ်တစ်ပတ်ကြာ သတ်မှတ်ပြဋ္ဌာန်းရန် စဉ်းစားလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် လမ်းတံတားနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး အိုဘိုင်ဒယ်လ်ကွာဒါက ဧပြီ ၉ ရက်က ပြောကြားလိုက်သည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် တနင်္လာနေ့က သီတင်းပတ်တစ်ပတ်ကြာ ကန့်သတ်ပိတ်ဆို့မှုချမှတ်ခဲ့သော်လည်း ကြာသပတေးနေ့တွင် ဆိုင်များနှင့် ဈေးဝယ်ကုန်တိုက်များကို နေ့စဉ် ရှစ်နာရီဖွင့်ခွင့်ပြုခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဧပြီ ၉ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားအတည်ပြုလူနာ ၇၄၆၂ ဦးတိုးလာမှုနှင့်အတူ ထပ်မံသေဆုံးသူ ၆၃ ဦးရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်အတည်ပြုလူနာစုစုပေါင်း ၆၇၃၅၉၄ ဦးအထိ တိုးလာခဲ့သလို သေဆုံးသူပေါင်းလည်း ၉၅၈၄ ဦးအထိ ဖြစ်လာခဲ့သည်။ စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်းမှာ ယခုအခါတွင် ၅၆၈၅၄၁ ဦး ရှိလာပြီဖြစ်သည်။

တရားဝင်သတင်းအချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကိုဗစ်–၁၉ ကြောင့် သေဆုံးနှုန်းသည် ယခုအခါတွင် ၁ ဒသမ ၄၂ ရာခိုင်နှုန်းအထိ ရောက်ရှိလာပြီး ပြန်လည်ကောင်းမွန်လာနှုန်းသည် ၈၄ ဒသမ ၄၀ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ

# အီးယူခေါင်းဆောင်များအပေါ် ပြုမူဆက်ဆံမှုနှင့်ပတ်သက်၍ တူရကီ ဝေဖန်ခံနေရ

**အန်ကာရာ ဧပြီ ၉**

ဥရောပကော်မရှင်ဥက္ကဋ္ဌ တူရကီနိုင်ငံသို့ လာရောက်စဉ်အတွင်း ပြုမူဆက်ဆံပုံနှင့်ပတ်သက်၍ ဥရောပတွင် ဝေဖန်မှုများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်နှင့် ဥရောပကောင်စီ ဥက္ကဋ္ဌ ချားလ်မီရှဲလ်တို့သည် ဧပြီ ၆ ရက်က တူရကီနိုင်ငံတွင် တူရကီသမ္မတရီဆက်တေ ရစ်အာဒိုဂန်နှင့် တွေ့ဆုံခဲ့သည်။

ခေါင်းဆောင် သုံးဦးအတွက် ထိုင်ခုံသုံးခုံချထားပေးရမည့်အစား ထိုင်ခုံ နှစ်ခုံသာချထားသည်ကို တွေ့ရသည်။ ဗွန်ဒါလီယန်အတွက် ထိုင်ခုံချထားပေးခြင်း မရှိချေ။ ယင်းအခြေအနေကြောင့် ဗွန်ဒါလီယန် စိတ်ပျက်သွားပုံရပြီး နောက်ပိုင်းတွင် ဆိုဖာပေါ်၌ သွားထိုင်ခဲ့ရသည်။ အမျိုးသားခေါင်းဆောင်များနှင့် အတူထိုင်ခွင့်မရဘဲ ဆိုဖာပေါ်တွင် သွားထိုင်ခဲ့ရသည်။ အမျိုးသမီးခေါင်းဆောင်အပေါ် ယခုကဲ့သို့ပြုမူ ဆောင်ရွက်ခြင်းမှာ ဥရောပတွင် အုတ်အုတ်ကျက်ကျက် ဖြစ်ခဲ့ရသည်။

အီတလီဝန်ကြီးချုပ် မာရီယိုဒရက်ဂီကလည်း အာဒိုဂန်သည် ဗွန်ဒါလီယန်အရှက်ရစေရန် ယခုလို ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုလည်း စွပ်စွဲပြောဆိုခဲ့သည်။ တူရကီဘက်မှလည်း ထိုင်ခုံပြင်ဆင်ထားမှုမှာ ဥရောပသမဂ္ဂ (အီးယူ)ဘက်မှ အဆိုပြုချက်အတိုင်း လုပ်ဆောင်ခဲ့ခြင်းသာဖြစ်သည်ဟု ပြောဆိုခဲ့သည်။ အီတလီဘက်မှ စွပ်စွဲပြောဆိုမှုကို ဆန့်ကျင်ရန်အတွက် တူရကီနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီးကို တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ဆင့်ခေါ်ထားသည်။ သံတမန်ရေးတွင် ကတောက်ကဆများ ပိုမို ပြင်းထန်လာမည်ကို စိုးရိမ်နေကြသည်။

အင်န်အိတ်ချ်ကေ



ဥရောပသမဂ္ဂ ခေါင်းဆောင်နှစ်ဦးနှင့် တူရကီသမ္မတတို့ကို တွေ့ရစဉ်။

## ဗြိတိန်ဘုရင်မကြီးအဲလစ်ဇဘက်-၂ ၏ ကြင်ရာတော် ဖိလစ်မင်းသားကြီး အသက် ၉၉ နှစ်တွင် ကွယ်လွန်

**လန်ဒန် ဧပြီ ၉**

ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘက်-၂ ၏ ကြင်ရာတော် မင်းသားကြီးဖိလစ်သည် အသက် ၉၉ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း ဘာကင်ဟမ်နန်းတော်က ဧပြီ ၉ ရက်က ကြေညာခဲ့သည်။

ယခုလို အေဒင်ဘာ့ဂ်မြို့စားကြီး တစ်ဖြစ်လဲ ကြင်ရာတော်မင်းသားကြီး ဖိလစ်ကွယ်လွန်ခဲ့ခြင်းသည် အလွန်တရာဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ကြောင်း ဘုရင်မကြီးက ကြေညာခဲ့သည်ဟု ဘာကင်ဟမ် နန်းတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

မင်းသားကြီးသည် ဧပြီ ၉ ရက်နံနက်ပိုင်းတွင် ဝင်ဆာရဲတိုက်တွင် ဘဝတစ်ပါးသို့ ငြိမ်းချမ်းစွာ ကူးပြောင်းသွားခဲ့သည်။ နောက်ထပ် ကြေညာချက်များကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းသားကြီး ကံတော်ကုန်သွားသည့်အတွက် တော်ဝင်မိသားစုသည် ကမ္ဘာတစ်ဝန်းလုံးရှိ ပြည်သူများ နှင့်အတူ ပူဆွေးသောကဖြစ်လျက်ရှိကြောင်း ဘာကင်ဟမ်နန်းတော်၏ ထုတ်ပြန်ချက်တွင် ဆက်လက် ဖော်ပြထားသည်။

ဆင်ဟွာ

မင်းသားကြီး ဖိလစ်ကို ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘက်-၂ နှင့်အတူ တွေ့ရစဉ်။



## ရိုမေးနီးယားနိုင်ငံတွင် အက်စ်ထရာဇနီကာ ကာကွယ်ဆေး ဆက်လက်အသုံးပြု

**ဘူခါရက် ဧပြီ ၉**

ရိုမေးနီးယားနိုင်ငံတွင် အက်စ်ထရာဇနီကာ ကာကွယ်ဆေး အသုံးပြု၍ အမျိုးသားကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းကို ဆက်လက် ဆောင်ရွက်သွားမည်ဟု ကာကွယ်ဆေးအစီအစဉ်မှ ထိပ်တန်းအရာရှိတစ်ဦးက ဧပြီ ၈ရက်တွင် ပြောကြားခဲ့သည်။

အသက်အရွယ်အုပ်စု မရွေး ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံမှုကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံပေးရေး ကော်မတီမှ ဥက္ကဋ္ဌဖြစ်သူ ဗီလာရီယု ဂေါ့ဂီတာက ပြောသည်။ ရုရှားသမ္မ ကိုဗစ် -၁၉ ကာကွယ်ဆေးများဖြင့် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်း အရှိန်မပျက်စေရေး လုပ်ဆောင်ရန်အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကာကွယ်ဆေးကို နှစ်ကြိမ်တိုင်တိုင်ထိုးနှံရန် လိုအပ်ပြီး အက်စ်ထရာဇနီကာ ကာကွယ်ဆေးပထမတစ်ကြိမ် ထိုးနှံစဉ်က သွေးခဲမှုဖြစ်စဉ်နှင့် ကြုံတွေ့ရသူများသည် နောက်တစ်ကြိမ် မထိုးနှံရန် အကြံပြုထားသည်။ ဥရောပဆေးအေဂျင်စီကလည်း အက်စ်ထရာဇနီကာ ကာကွယ်ဆေး၏ ဆိုးကျိုးနှင့် ကောင်းကျိုးနှိုင်းယှဉ်ရာတွင် ကောင်းကျိုးက ဆက်လက်များပြားနေဆဲဟု ပြောသည်။

ကာကွယ်ဆေးထိုးပြီးနောက် သွေးခဲမှုဖြစ်စဉ်မှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးခြင်းဖြင့် ဆိုးကျိုးထက် ကောင်းကျိုးက အလေးသာလျက်ရှိကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

သွေးခဲမှု ဖြစ်ပေါ်သည်ဟု သတင်းများ ထွက်ပေါ်လာပြီးနောက် တိုင်းပြည်တစ်ဝန်း အက်စ်ထရာဇနီကာ ကာကွယ်ဆေးဖြင့် ကာကွယ်ဆေးထိုးနှံမှုကို ဖျက်သိမ်းမှုများ များပြားခဲ့သည်။ ဧပြီ ၆ ရက် အထိ ကာကွယ်ဆေးထိုးနှံရန် စာရင်းပေးသွင်းမှုကို ဖျက်သိမ်းသူ ၂၀၇၀၀ ရှိကြောင်း သိရသည်။

ဆင်ဟွာ

## အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က လက်နက်ထိန်းချုပ်ရေးဆောင်ရွက်မှုများကြေညာ

**ဝါရှင်တန် ဧပြီ ၉**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် လက်နက် ထိန်းချုပ်မှုကို အားကောင်းစေသည့် အရေးယူဆောင်ရွက်ချက်ကို ကြေညာခဲ့သည်။ တိုင်းပြည်အတွင်း သေနတ်ပစ်ခတ် ဖြစ်ပွားမှုများ ပေါ်ပေါက်နေစဉ် ယခုလို ကြေညာခဲ့ခြင်း ဖြစ်သည်။

မတ်လအတွင်း ဂျော်ဂျီယာတွင် ပစ်ခတ်မှုကြောင့် လူ ရှစ်ဦးသေဆုံးခဲ့ပြီး ကိုလိုရာဒိုတွင် ၁၀ဦး သေဆုံးခဲ့ရသည်။ ဧပြီ ၈ ရက်က သမ္မတဘိုင်ဒင်က ကြေညာခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်အတွင်း လက်နက်ဖြင့် အကြမ်းဖက်မှုများမှာ ကပ်ရောဂါဘေးသဖွယ်ဖြစ်နေကြောင်း၊ ယင်းအဖြစ်အပျက်သည် အပြည်ပြည်ဆိုင်ရာတွင် အရှက်ရဖွယ်ဖြစ်ကြောင်း သမ္မတဘိုင်ဒင်က မိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ထိရောက်မှုရှိသည့် အရေးယူဆောင်ရွက်မှုမျိုးပြုလုပ်ရန် ရှေ့နေချုပ်နှင့်အဖွဲ့ကိုလည်း ပြောကြားထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Ghost Guns ဟု ခေါ်ဝေါ်ကြသော သေနတ်ကိုလည်းထိန်းချုပ်သွားမည်ဖြစ်သည်။ အဆိုပါ သေနတ်အမျိုးအစားများသည် အစိတ်အပိုင်းများကို ကိုယ်တိုင်တပ်ဆင်နိုင်ပြီး နောက်ကြောင်းများကို စစ်ဆေးရန် မလွယ်ကူကြောင်းနှင့် နံပတ်စဉ် မပါဝင်သည့်အတွက် ခြေရာခံလိုက်ရန် မလွယ်ကူဟု သိရသည်။

သေနတ်ပစ်ခတ်အကြမ်းဖက်မှုများကို ထိန်းချုပ်ရန်အတွက် ဘိုင်ဒင်က လွှတ်တော်ကို တောင်းဆိုထားသည်။

အင်န်အိတ်ချ်ကေ

# မော်ရိုကိုနိုင်ငံတွင် ကိုဗက် အစီအစဉ်မှပေးပို့သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးများရရှိ

**ရာဘတ် ဧပြီ ၉**

တစ်ကမ္ဘာလုံး ကိုဗစ် -၁၉ ကာကွယ်ဆေး ဖြန့်ဖြူးပေးရေး အစီအစဉ်ဖြစ်သည့် ကိုဗက်အစီအစဉ်ဖြင့်ပေးပို့သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးများ မော်ရိုကိုနိုင်ငံ၌ရရှိပြီဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ လာမည့် သီတင်းပတ်များအတွင်း နောက်ထပ်ရရှိမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဖြန့်ဖြူးမှုပြုလုပ်သွားမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကိုဗက်အစီအစဉ်အောက်မှနေ၍ ကိုဗစ် -၁၉ ကာကွယ်ဆေးရရှိမှုကို အသေးစိတ်ဖော်ပြခဲ့ခြင်း မရှိပေ။

မော်ရိုကိုနိုင်ငံတွင် ဇန်နဝါရီလကုန်ပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုများကို စတင်ခဲ့သည်။ တရုတ်နိုင်ငံထုတ် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးများရရှိပြီးနောက်တွင် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။ ဧပြီ ၈ ရက်အထိ မော်ရိုကိုနိုင်ငံတွင် လူပေါင်း ၄၄၃၃၉၃၉ ဦးကို ကိုဗစ် -၁၉ ကာကွယ်ဆေး ပထမအကြော့ထိုးနှံပေးခဲ့ပြီး လူပေါင်း ၄၀၇၅၂၉၀ဦးမှာ ကိုဗစ် -၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဟု သိရသည်။

မော်ရိုကိုနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၅၀၀၃၂၃ ဦးရှိပြီး သေဆုံးသူ ၈၈၇၃ ဦးရှိသည်။ ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာလည်း ၄၈၆၉၁၃ ဦးရှိသည်ဟု သိရသည်။ ကိုဗက်အစီအစဉ်သည် ကိုဗစ် -၁၉ ကာကွယ်ဆေး သာတူညီမျှရရှိရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပူးတွဲဦးဆောင်မှုဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၉

**ကိုဗစ်–၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့အကြား လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန COVID–19 Central Command Center အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်–၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းလာသည့် မြို့နယ်များအား Stay at home မြို့နယ်များအဖြစ်မှ ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ပြည်တွင်းလေကြောင်းလိုင်းများ၊ ရေကြောင်းလိုင်းများ၊ မီးရထားများ ပြန်လည်ပြေးဆွဲနိုင်ရေးနှင့် ဟိုတယ်/မိုတယ်များ၊ ခရီးသွားလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကိုဗစ်–၁၉ ကပ်ရောဂါကာကွယ်ရေး ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များကို ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ထို့အပြင် ပညာရေးကဏ္ဍသည်လည်း လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်ကဏ္ဍဖြစ်သည့် အားလျော်စွာ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့အကြား ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### အလေးထား

ယခင် အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်မှုများ ဆောင်ရွက်၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၂ ရက်မှ စတင်ကာ အထက်တန်းအဆင့် စာသင်ကျောင်း ၆၅၀၀ ကျော်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ကိုဗစ်–၁၉ ရောဂါ ဒုတိယလှိုင်း စတင်ဖြစ်ပွားလာမှုကြောင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၇ ရက်မှစတင်ပြီး ကျောင်းများ ပြန်လည်ပိတ်ခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပြင်ဆင်ထားရှိမှု၊ ကြီးကြပ်ဆန်းစစ်မှုများကြောင့် ထိုအချိန်က စာသင်ကျောင်းများမှတစ်ဆင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများ မရှိခဲ့ကြောင်း၊ လတ်တလောအခြေအနေအရ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု လျော့နည်းလာပြီဖြစ်၍ လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျောင်းသားလူငယ်များ၏ ပညာသင်ယူရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်သဖြင့် လည်းကောင်း ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်းများ ရောဂါအန္တရာယ်ကင်းရှင်းစွာဖြင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝိုင်းဝန်းကူညီသွားမည် ဖြစ်ပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန်အတွက် နည်းပညာပိုင်း ပြန်လည်သုံးသပ်ဆောင်ရွက်ရန် လိုအပ်၍ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရှိ သက်ဆိုင်ရာ နည်းပညာဌာနခွဲများက ပူးပေါင်း၍ ဆန်းစစ်ပုံစံကို ပြန်လည်သုံးသပ်ပြင်ဆင်ထားပါကြောင်း၊ ယင်းသို့ ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ဆန်းစစ်ပုံစံများ ကျောင်းအားလုံးတွင် လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အသင့်ပြင်ဆင်နိုင်မှု အနေအထားအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ပညာရှင်များက ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

### စဉ်ဆက်မပြတ်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နည်းပညာပံ့ပိုးမှုကော်မတီအနေဖြင့် ဆန်းစစ်ပုံစံ(checklist)များကို ကျစ်လျစ်ပြည့်စုံစေရန် ပြင်ဆင်ပေးစေလိုပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေး နည်းပညာပံ့ပိုးမှုအပိုင်းတွင် ကူညီဆောင်ရွက်စေလိုပါကြောင်း၊ စာသင်ကျောင်းများနှင့် အဆောင်များမှ ဆရာ ဆရာမများ၊ ဝန်ထမ်းများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ကူညီပံ့ပိုးပေးစေလိုပါကြောင်း၊ ထို့အပြင် ပုဂ္ဂလိကစာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အဆောင်များအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေးလမ်းညွှန်ချက်များကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ပေးစေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်းများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆန်းစစ်ခြင်း၊ စံသတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိသည့် ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါဖြစ်ပွားမှုသံသယဖြစ်ဖွယ် တွေ့ရှိပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိမှု အစီအစဉ်များကို တင်ပြခဲ့ပြီး ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်ယုယုအေးက ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းများ အသင့်ဖြစ်စေရေးအတွက် ကြိုတင်ပြင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ပညာရေးဝန်ထမ်းများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပြီး မွမ်းမံသင်တန်းများ ဖွင့်လှစ်ချိန်နှင့် ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် လိုအပ်ပါက ဆရာ/ဆရာမများကိုလည်း ကာကွယ်ဆေးများ ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

### ၉-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၇၂၁၆၈၈ | ၂၄၂၇၂၈၇၃ | ၅၇၃၈၉၄ |
| ၂။ | ဘရာဇီး | ၁၃၂၈၆၃၂၄ | ၁၁၇၃၂၁၉၃ | ၃၄၅၂၈၇ |
| ၃။ | အိန္ဒိယ | ၁၃၀၆၀၅၄၂ | ၁၁၉၁၃၂၉၂ | ၁၆၇၆၉၄ |
| ၄။ | ပြင်သစ် | ၄၉၃၉၂၅၈ | ၃၀၃၆၃၉ | ၉၈၀၆၅ |
| ၅။ | ရုရှား | ၄၆၂၃၉၈၄ | ၄၂၄၈၇၀၀ | ၁၀၂၂၄၇ |
| ၆။ | ဗြိတိန် | ၄၃၇၀၃၂၁ | ၃၉၄၅၃၃၄ | ၁၂၆၉၈၀ |
| ၇။ | အီတလီ | ၃၇၁၇၆၀၂ | ၃၀၆၀၄၁၁ | ၁၁၂၈၆၁ |
| ၈။ | တူရကီ | ၃၆၈၉၈၆၆ | ၃၂၃၂၈၉၂ | ၃၃၂၀၁ |
| ၉။ | စပိန် | ၃၃၃၆၆၃၇ | ၃၀၈၈၉၄၆ | ၇၆၁၇၉ |
| ၁၀။ | ဂျာမနီ | ၂၉၅၁၈၂၉ | ၂၆၄၇၆၀၀ | ၇၈၄၇၃ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၉ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၅၈၁၄၅ | ၁၄၀၅၆၅၉ | ၄၂၃၄၈ |
| ဖိလစ်ပိုင် | ၈၄၀၅၅၄ | ၆၄၇၆၈၃ | ၁၄၅၂၀ |
| မလေးရှား | ၃၅၇၆၀၇ | ၃၄၁၄၈၉ | ၁၃၁၃ |
| မြန်မာ | ၁၄၂၅၇၂ | ၁၃၁၈၄၆ | ၃၂၀၆ |
| စင်ကာပူ | ၆၀၆၀၁ | ၆၀၂၈၄ | ၃၀ |
| ထိုင်း | ၃၀၈၆၉ | ၂၈၁၂၈ | ၉၆ |
| ကမ္ဘောဒီးယား | ၃၆၀၄ | ၁၉၈၄ | ၂၄ |
| ဗီယက်နမ် | ၂၆၈၃ | ၂၄၂၉ | ၃၅ |
| ဘရူနိုင်း | ၂၁၆ | ၂၀၂ | ၃ |
| လာအို | ၄၉ | ၄၇ | ၀ |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်နှင့် ဝေါမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မဲရုံ ၁၇၂ ရုံ | ၁၆၁၈၁၁ | ၁၄၉၉၅၇ | ၄၁၅၅၈ | ၉၈၆ | ၁၄၆၀၈ |
| ၂ | ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မဲရုံ ၁၁၆ ရုံ | ၁၅၁၀၅၀ | ၁၃၁၅၃၀ | ၂၈၆၉၄ | ၁၂၃၀ | ၁၅၃၀၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်နှင့် ဝေါမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၈၈၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၅၂၃၂၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၉၆၀၂၇ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၅၆၂၉၃ ၊ မြေပြင်လက်ကျန် ၁၄၉၂၈၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၈၀၃၂ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၁၀၂၇ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဒိုက်ဦးမြို့နယ် | ၁၇၂ | ၁၈၃၀၁၁ | ၁၀၄၅၉၂ | ၇၈၄၁၉ | ၇၅၃၅၁ | ၃၆၃၁ | ၅၆၃ |
| ၂ | ဝေါမြို့နယ် | ၁၁၆ | ၁၆၉၃၀၉ | ၉၁၄၃၅ | ၇၇၈၇၄ | ၇၃၉၃၇ | ၄၄၀၁ | ၄၆၄ |
| | စုစုပေါင်း | ၂၈၈ | ၃၅၂၃၂၀ | ၁၉၆၀၂၇ | ၁၅၆၂၉၃ | ၁၄၉၂၈၈ | ၈၀၃၂ | ၁၀၂၇ |

### ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်တွင် မဲရုံပေါင်း ၁၇၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၈၃၀၁၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၄၅၉၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲလက်မှတ် အပို/ ပျောက်ဆုံးများတွေ့ရှိရပြီး ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ် အရေအတွက်မှာ ၃၆၃၁ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းမရှိဘဲ ပိုမို အသုံးပြုထားသော ဆန္ဒမဲလက်မှတ် ၅၆၃ စောင်ကို တွေ့ရှိရသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါ အတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၇၄၅၅၀ | ၁၀၃၄၇၃ | ၇၁၀၇၇ | ၆၇၉၇၀ | ၃၆၃၁ | ၅၂၄ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၁၁၁ | ၁၁၁၉ | -၈ | | | ၈ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၇၃၅၀ | | ၇၃၅၀ | ၇၃၈၁ | | ၃၁ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၈၃၀၁၁ | ၁၀၄၅၉၂ | ၇၈၄၁၉ | ၇၅၃၅၁ | ၃၆၃၁ | ၅၆၃ |

၆။ ဒိုက်ဦးမြို့နယ်တွင် မဲရုံ ၁၇၂ ရုံ ရှိသည့်အနက် မဲရုံ ၃၆ ရုံတွင် အပို မဲလက်မှတ်များ သုံးစွဲထားသည်ကို တွေ့ရပြီး မဲရုံ ၆၆ ရုံတွင် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးနေသည်ကို တွေ့ရပါသည်။ ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဈေးပိုင်းရပ်ကွက် | ၁ | ၁၀၅၀ | ၇၅၁ | ၂၉၉ | ၂၉၉ | | |
| ၂ | ကုန်သည်ရပ်ကွက် | ၁ | ၁၁၅၀ | ၈၁၆ | ၃၃၄ | ၃၃၄ | | |
| ၃ | ဝါဆိုရပ်ကွက် | ၂ | ၃၁၅၀ | ၂၀၃၃ | ၁၁၁၇ | ၁၁၁၇ | | |
| ၄ | ကျောင်းစုရပ်ကွက် | ၂ | ၂၂၅၀ | ၁၅၉၈ | ၆၅၂ | ၆၅၈ | | ၆ |
| ၅ | သံတံတားရပ်ကွက် | ၂ | ၂၉၅၀ | ၁၉၀၀ | ၁၀၅၀ | ၁၀၅၀ | | |
| ၆ | မင်းတဲရပ်ကွက် | ၃ | ၆၇၀၀ | ၄၂၆၄ | ၂၄၃၆ | ၂၄၃၆ | | |
| ၇ | စက်ကွင်းရပ်ကွက် | ၁ | ၁၇၅၀ | ၁၁၇၃ | ၅၇၇ | ၅၇၇ | | |
| ၈ | ဒရယ်မီးရပ်ကွက် | ၂ | ၃၉၀၀ | ၂၆၇၂ | ၁၂၃၈ | ၁၂၃၈ | | |
| ၉ | ဖအောင်ဝဲရပ်ကွက် | ၅ | ၁၀၇၅၀ | ၆၆၀၆ | ၄၁၄၄ | ၄၁၃၆ | ၈ | |
| ၁၀ | ဆင်စခန်းကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၁၄၅၆ | ၈၄၄ | ၆၉၄ | ၁၅၀ | |
| ၁၁ | အိမ်ခြေလေးဆယ် ကျေးရွာအုပ်စု | ၄ | ၄၆၅၀ | ၂၇၇၇ | ၁၈၇၃ | ၁၇၇၃ | ၁၀၀ | |
| ၁၂ | သဲကောကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၈၇၅ | ၅၇၅ | ၅၇၅ | | |
| ၁၃ | ဖောင်တော်သီကျေးရွာအုပ်စု | ၅ | ၆၅၀၀ | ၃၉၉၁ | ၂၅၀၉ | ၂၄၅၉ | ၅၀ | |
| ၁၄ | ရှမ်းစုကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၁၇၇၇ | ၁၁၂၃ | ၁၁၂၃ | | |
| ၁၅ | ပုကိုင်ကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၁၇၀၁ | ၁၄၉၉ | ၁၄၄၉ | ၅၀ | |
| ၁၆ | ပေါက်တပင်ကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၄၆၃ | ၈၃၇ | ၈၃၇ | | |
| ၁၇ | ပျဉ်းမလွင်ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၂၄ | ၅၂၆ | ၅၂၆ | | |
| ၁၈ | ကတုတ်ရွာမကျေးရွာအုပ်စု | ၂ | ၄၄၅၀ | ၂၆၈၂ | ၁၇၆၈ | ၁၇၈၉ | | ၂၁ |
| ၁၉ | ကတုတ်ဘုရားကြီး ကျေးရွာအုပ်စု | ၅ | ၇၁၅၀ | ၄၈၁၀ | ၂၃၄၀ | ၂၂၅၃ | ၈၇ | |
| ၂၀ | သုံးခွကျေးရွာအုပ်စု | ၃ | ၅၂၀၀ | ၃၁၃၈ | ၂၀၆၂ | ၂၀၆၂ | | |
| ၂၁ | ကလီကျေးရွာအုပ်စု | ၃ | ၂၈၀၀ | ၁၅၁၂ | ၁၂၈၈ | ၁၂၈၈ | | |
| ၂၂ | ပန္နတ်ကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၁၈၉၈ | ၁၄၅၂ | ၁၃၅၂ | ၁၀၀ | |
| ၂၃ | ဖအောင်းစုကျေးရွာအုပ်စု | ၃ | ၃၅၅၀ | ၂၁၁၅ | ၁၄၃၅ | ၁၄၃၅ | | |
| ၂၄ | မဂ်လွန်းကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၁၆၁၃ | ၁၃၈၇ | ၁၃၈၇ | | |
| ၂၅ | နတ်ကင်းကျေးရွာအုပ်စု | ၅ | ၃၉၀၀ | ၂၂၁၆ | ၁၆၈၄ | ၁၆၈၄ | | |
| ၂၆ | ကျိုက်စကော(အရှေ့) ကျေးရွာအုပ်စု | ၂ | ၃၇၀၀ | ၂၆၁၀ | ၁၀၉၀ | ၁၀၉၀ | | |
| ၂၇ | ကျိုက်စကော(အနောက်) ကျေးရွာအုပ်စု | ၆ | ၆၁၅၀ | ၄၁၄၁ | ၂၀၀၉ | ၂၀၀၉ | | |
| ၂၈ | ကျွန်းကုန်းကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၈၆၂ | ၈၃၈ | ၇၈၈ | ၅၀ | |
| ၂၉ | သရက်တောကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၇၅၅ | ၁၂၄၅ | ၈၁၅ | ၄၃၀ | |
| ၃၀ | ပသွယ်ကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၇၂၈ | ၅၇၂ | ၅၇၂ | | |
| ၃၁ | ပျဉ်ပုံလေးကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၁၇၁၀ | ၁၄၉၀ | ၁၄၄၀ | ၅၀ | |
| ၃၂ | ကုက္ကိုင်းကျေးရွာအုပ်စု | ၄ | ၂၉၅၀ | ၁၆၀၂ | ၁၃၄၈ | ၁၃၄၃ | ၅ | |
| ၃၃ | သပြေတန်းကျေးရွာအုပ်စု | ၄ | ၅၉၅၀ | ၃၁၉၁ | ၂၇၅၉ | ၂၁၀၉ | ၆၅၀ | |
| ၃၄ | ကံကလေးကျေးရွာအုပ်စု | ၅ | ၃၀၅၀ | ၁၆၇၃ | ၁၃၇၇ | ၁၄၂၄ | | ၄၇ |
| ၃၅ | အင်းတဇင်ကျေးရွာအုပ်စု | ၅ | ၃၃၀၀ | ၁၇၁၀ | ၁၅၉၀ | ၁၄၄၀ | ၁၅၀ | |
| ၃၆ | ပွဲတမော့ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၁၁၈ | ၁၀၃၂ | ၁၀၃၂ | | |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၃၇ | တမံကြီးကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၄၃၂ | ၈၁၈ | ၆၆၈ | ၁၅၀ | |
| ၃၈ | ဗျိုင်းချယ်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၀၉၁ | ၈၀၉ | ၈၀၉ | | |
| ၃၉ | တကောင်းကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၁၅၁ | ၈၉၉ | ၇၉၉ | ၁၀၀ | |
| ၄၀ | အုတ်ရှစ်ကုန်းကျေးရွာအုပ်စု | ၆ | ၄၄၅၀ | ၂၄၃၅ | ၂၀၁၅ | ၂၀၁၅ | | |
| ၄၁ | ရွှေအင်ဒုံရွာသစ်ကျေးရွာအုပ်စု | ၆ | ၄၈၅၀ | ၂၆၈၇ | ၂၁၆၃ | ၁၈၁၃ | ၃၅၀ | |
| ၄၂ | ဆင်ဇလုပ်ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၅၆၆ | ၁၀၃၄ | ၈၃၄ | ၂၀၀ | |
| ၄၃ | ပုဂံကွဲကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၄၇၅ | ၉၇၅ | ၉၇၅ | | |
| ၄၄ | ဒိုးတန်းကျေးရွာအုပ်စု | ၆ | ၃၈၀၀ | ၂၁၁၂ | ၁၆၈၈ | ၁၇၈၈ | | ၁၀၀ |
| ၄၅ | ဆာပါခြုံကျေးရွာအုပ်စု | ၆ | ၂၉၅၀ | ၁၆၂၉ | ၁၃၂၁ | ၁၁၂၁ | ၂၀၀ | |
| ၄၆ | မအူကုန်းကျေးရွာအုပ်စု | ၄ | ၃၃၅၀ | ၁၉၁၇ | ၁၄၃၃ | ၁၄၃၃ | | |
| ၄၇ | တောင်သလဲမြောင်ကျေးရွာ အုပ်စု | ၃ | ၂၀၀၀ | ၁၁၂၆ | ၈၇၄ | ၈၂၄ | ၅၀ | |
| ၄၈ | စစ်ဘိုကြီးကျေးရွာအုပ်စု | ၄ | ၂၈၅၀ | ၁၇၁၇ | ၁၁၃၃ | ၉၈၃ | ၁၅၀ | |
| ၄၉ | ဗျက်ကြီးကျေးရွာအုပ်စု | ၄ | ၃၄၀၀ | ၁၉၀၅ | ၁၄၉၅ | ၁၄၉၅ | | |
| ၅၀ | ဘောနီကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၂၄၆ | ၈၀၄ | ၈၀၄ | | |
| ၅၁ | ဘုရားကြီးကွင်းကျေးရွာအုပ်စု | ၄ | ၂၆၅၀ | ၁၅၇၉ | ၁၀၇၁ | ၁၀၇၁ | | |
| ၅၂ | မှော်အင်းကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၉၅၄ | ၁၂၉၆ | ၇၄၆ | ၅၅၀ | |
| ၅၃ | ကမာဖရုံကျေးရွာအုပ်စု | ၁ | ၂၄၅၀ | ၁၆၀၀ | ၈၅၀ | ၈၄၉ | ၁ | |
| | ရပ်/ကျေးမှသီးခြားအပ် | | | | | ၃၅၀ | | ၃၅၀ |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၁၇၂ | ၁၇၄၅၅၀ | ၁၀၃၄၇၃ | ၇၁၀၇၇ | ၆၇၉၇၀ | ၃၆၃၁ | ၅၂၄ |
| | မြို့နယ်ကြိုတင် | | ၁၁၁၁ | ၁၁၁၉ | -၈ | | | ၈ |
| | မြို့နယ်လက်ကျန် | | ၇၃၅၀ | | ၇၃၅၀ | ၇၃၈၁ | | ၃၁ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၇၂ | ၁၈၃၀၁၁ | ၁၀၄၅၉၂ | ၇၈၄၁၉ | ၇၅၃၅၁ | ၃၆၃၁ | ၅၆၃ |

## ဝေါမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၇။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်တွင် မဲရုံပေါင်း ၁၁၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၆၉၃၀၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၁၄၃၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲလက်မှတ် အပို/ပျောက်ဆုံးများတွေ့ရှိရပြီး ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၄၄၀၁ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းမရှိဘဲ ပိုမိုအသုံးပြုထားသော ဆန္ဒမဲလက်မှတ် ၄၆၄ စောင်ကို တွေ့ရှိရသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၆၄၄၅၀ | ၉၀၂၄၅ | ၇၄၂၀၅ | ၇၀၂၆၉ | ၄၃၉၅ | ၄၅၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၁၉၆ | ၁၁၉၀ | ၆ | | ၆ | |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၃၆၆၃ | | ၃၆၆၃ | ၃၆၆၈ | | ၅ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၆၉၃၀၉ | ၉၁၄၃၅ | ၇၇၈၇၄ | ၇၃၉၃၇ | ၄၄၀၁ | ၄၆၄ |

၈။ ဝေါမြို့နယ်တွင် မဲရုံ ၁၁၆ ရုံ ရှိသည့်အနက် မဲရုံ ၁၁ ရုံတို့တွင် အပို မဲလက်မှတ်များ သုံးစွဲ ထားသည်ကို တွေ့ရပြီး မဲရုံ ၂၈ ရုံတို့တွင် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးနေသည်ကို တွေ့ရပါသည်။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ဆန္ဒမဲလက်မှတ် ပျောက်ဆုံး/အပို စစ်ဆေးတွေ့ရှိ ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ချမ်းသာယာရပ်ကွက် | ၂ | ၄၃၅၀ | ၂၇၇၁ | ၁၅၇၉ | ၁၅၂၉ | ၅၀ | |
| ၂ | ဘိုးဘုံရပ်ကွက် | ၁ | ၂၅၀ | ၁၄၇ | ၁၀၃ | ၁၀၃ | | |
| ၃ | နောင်ပတ္တရာကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၂၁၀ | ၇၉၀ | ၇၉၀ | | |
| ၄ | နောင်ဂျမ်းကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၂၂ | ၃၂၈ | ၃၂၈ | | |
| ၅ | သဘော့ကန်ကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၁၂၈ | ၇၂၂ | ၇၂၂ | | |
| ၆ | ကေရာဇ်ကျေးရွာအုပ်စု | ၁ | ၂၄၀၀ | ၁၆၀၁ | ၇၉၉ | ၇၉၉ | | |
| ၇ | ကျိုက်လှကျေးရွာအုပ်စု | ၂ | ၃၆၀၀ | ၂၄၅၂ | ၁၁၄၈ | ၁၁၄၈ | | |
| ၈ | ဝေါ့ရှမ်းစုကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၄၆ | ၃၅၄ | ၃၅၄ | | |
| ၉ | ကြာလဟာကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၉၇၆ | ၅၇၄ | ၅၇၄ | | |
| ၁၀ | ကံမြင့်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၆၂၉ | ၆၇၁ | ၆၇၁ | | |
| ၁၁ | ကျုံသင်ကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၅၈၅ | ၄၁၅ | ၄၁၅ | | |
| ၁၂ | ကော့ဝင်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၈၅၂ | ၅၄၈ | ၅၄၈ | | |
| ၁၃ | ညောင်သုံးခွကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၉၆၄ | ၈၃၆ | ၈၃၆ | | |
| ၁၄ | မိုးနက်ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၁၆၈ | ၁၀၃၂ | ၁၀၃၂ | | |
| ၁၅ | ညောင်ကိုင်းကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၁၆၄၆ | ၁၄၅၄ | ၁၂၀၄ | ၂၅၀ | |
| ၁၆ | ကဒွတ်ကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၃၃၀ | ၉၇၀ | ၉၇၀ | | |
| ၁၇ | ကျုံရဲကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၅၈၈ | ၄၁၂ | ၄၁၂ | | |
| ၁၈ | ဘိုကတော်ကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၁၈၂ | ၉၁၈ | ၉၁၈ | | |
| ၁၉ | လက်ပံသုံးပင်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၆၃ | ၃၃၇ | ၃၃၇ | | |
| ၂၀ | ကမာကဘန်ကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၁၇၈၄ | ၁၅၆၆ | ၁၅၆၆ | | |
| ၂၁ | ဘုရားပျိုကျေးရွာအုပ်စု | ၃ | ၂၈၀၀ | ၁၅၀၆ | ၁၂၉၄ | ၁၀၉၄ | ၂၀၀ | |
| ၂၂ | ထိန်တပင်ကျေးရွာအုပ်စု | ၂ | ၃၈၅၀ | ၂၀၃၅ | ၁၈၁၅ | ၁၈၁၅ | | |
| ၂၃ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၉၈ | ၁၃၀၂ | ၇၀၂ | ၆၀၀ | |
| ၂၄ | ဝင်းကဒတ်ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၄၂၂ | ၁၁၇၈ | ၁၁၇၈ | | |
| ၂၅ | တောကြီးကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၇၀၁ | ၅၉၉ | ၅၉၉ | | |
| ၂၆ | ရှမ်းကိုင်းကျေးရွာအုပ်စု | ၁ | ၃၁၀၀ | ၁၄၄၆ | ၁၆၅၄ | ၁၇၅၄ | | ၁၀၀ |
| ၂၇ | အထက်ပန်းညိုကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၂၆၁ | ၁၁၃၉ | ၁၁၃၉ | | |
| ၂၈ | သပြေကန်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၀၇၁ | ၁၀၂၉ | ၁၀၂၉ | | |
| ၂၉ | ညောင်ခါးရှည်ကျေးရွာအုပ်စု | ၃ | ၇၉၀၀ | ၃၉၁၅ | ၃၉၈၅ | ၂၆၃၃ | ၁၃၅၂ | |
| ၃၀ | မှုံကတုံးကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၈၂၇ | ၇၇၃ | ၇၇၃ | | |
| ၃၁ | ဆပ်သွားခြုံကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၂၆၇ | ၁၂၈၃ | ၉၈၃ | ၃၀၀ | |
| ၃၂ | အဗျားငှက်ချေးဝင်းကျေးရွာအုပ်စု | ၄ | ၆၃၀၀ | ၂၅၃၉ | ၃၇၆၁ | ၂၉၆၁ | ၈၀၀ | |
| ၃၃ | အဗျားအလယ်စုကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၅၉၈ | ၆၀၂ | ၆၀၂ | | |
| ၃၄ | အဗျားဗိုလ်တဲကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၁၁၈၅ | ၁၀၁၅ | ၁၀၁၅ | | |
| ၃၅ | ဘိုးပြန်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၈၆၁ | ၇၈၉ | ၇၈၉ | | |
| ၃၆ | ဘိုးစပါယ်ကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၁၆၉၀ | ၁၃၆၀ | ၁၃၆၀ | | |
| ၃၇ | ကန်တော်ရပ်ကွက် | ၁ | ၃၂၅၀ | ၂၁၁၃ | ၁၁၃၇ | ၁၁၃၇ | | |
| ၃၈ | သစ်စက်ရပ်ကွက် | ၁ | ၁၉၀၀ | ၁၂၇၁ | ၆၂၉ | ၆၂၉ | | |
| ၃၉ | ချမ်းမြသာစည်ရပ်ကွက် | ၁ | ၂၄၅၀ | ၁၅၁၂ | ၉၃၈ | ၉၃၈ | | |
| ၄၀ | ဝေါအရှေ့ဘက်ကမ်းရပ်ကွက် | ၃ | ၈၂၅၀ | ၅၄၆၄ | ၂၇၈၆ | ၂၇၈၆ | | |
| ၄၁ | အဗျားထမင်းဆိုင်ကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၇၇၁ | ၈၇၉ | ၈၇၉ | | |
| ၄၂ | စိုင်တီစုကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၇၂၉ | ၆၂၁ | ၆၂၁ | | |
| ၄၃ | အင်းတိုင်စုကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၃၇၀ | ၇၃၀ | ၇၃၀ | | |
| ၄၄ | ကမာတကေကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၇၃၇ | ၁၀၆၃ | ၈၁၃ | ၂၅၀ | |

စာမျက်နှာ ၁၉ သို့

# မြတ်ရွှေတိဂုံနှင့် မြန်မာတို့၏ သဒ္ဓါအဟုန်

**မောင်ချစ်အေး**

### မြတ်ရွှေတိဂုံ၏ သက်တမ်း

မြတ်စွာဘုရားရှင်တော် ဂေါတမသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် မဇ္ဈိမဒေသ၌ သဗ္ဗညုတဉာဏ်ရှင် ဘုရားအဖြစ် အောင်တော်မူခဲ့သည်။ ရာမညတိုင်းမှ ကုန်သည်ညီနောင် တဖုဿနှင့် ဘလ္လိကတို့အား လင်းလွန်းပင်ရင်း၌ ဆံတော်ရှစ်ဆူချီးမြှင့်တော်မူ၍ သိင်္ဂုတ္တရကုန်းမြေတွင် စေတီတည်ထားကိုးကွယ်စေခဲ့ရာ ဥက္ကလာပမင်းကြီးနှင့် ပြည်သူအများက မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်တွင် စတင်တည်ထားကိုးကွယ်ခဲ့ကြသည်။ ယနေ့အထိ သက်တမ်းအားဖြင့် နှစ် ၂၆၁၀ နှစ် ရှိတော်မူပြီဖြစ်ပါသည်။ စေတီတော်ကြီး သက်တမ်းတစ်လျှောက်၊ ဘိုးဘေးဘီဘင်အဆက်ဆက်၊ မြန်မာတို့၏ သဒ္ဓါအဟုန်တို့ကို မျိုးဆက်သစ်များအားကျဆက်ခံကြစေရန် ရည်သန်၍ ဤဆောင်းပါးအား တင်ပြရခြင်းဖြစ်ပါသည်။




"ကမ္ဘာ့အံ့ဖွယ်ဆိုသည်မှာ မြန်မာတို့၏ သဒ္ဓါတရားများ စုပုံထားရှိရာ ရွှေတောင်ကြီးအလား စိတ်ထက်သန်စွာ လှူဒါန်းထားရှိရာ ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုအနုပညာလက်ရာမျိုးစုံနှင့် မြန်မာတို့၏ ကျက်သရေဆောင် အလှပဆုံးနေရာဟု တင်စားမှတ်တမ်းတင်ခံခဲ့ရသောကြောင့်လည်းဖြစ်။ ရေကြောင်းခရီးမှဖြစ်စေ၊ ကုန်းလမ်းခရီးမှဖြစ်စေ၊ လေကြောင်းမှဖြစ်စေ မိုင် ၃၀ အကွာခန့်မှပင် ဖူးတွေ့နိုင်သော ပဲခူးရိုးမတောင်စွယ်ပေါ်တွင် တည်ထား၍ ကျက်သရေဆောင် ထူးခြားလှသော စေတီတော်ကြီးဖြစ်"

### အံ့ဖွယ်အစုံ မြတ်ရွှေတိဂုံ

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် သာသနာ့အံ့ဖွယ်၊ လောကအံ့ဖွယ်၊ ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်သည်ဟု တိပိဋက(ယော) ဆရာတော်ကြီးက ပူဇော်သမှုပြုခဲ့သည်။ သာသနာ့အံ့ဖွယ်မှာ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူခဲ့ပြီးသော ဘုရားလေးဆူ ကကုသန်၊ ကောဏာဂုံ၊ ကဿပနှင့် ဂေါတမမြတ်စွာဘုရားတို့၏ တောင်ဝှေးတော်၊ ရေစစ်တော်၊ ရေသနုပ်တော်နှင့် ဆံတော်ဓာတ်တော်များ ကိန်းအောင်းစံပယ်ရာဖြစ်သောကြောင့် မြန်မာတို့အတွက် အံ့ဖွယ်တစ်ပါးဖြစ်ခဲ့ရသည်။ ထို့အပြင် ကမ္ဘာပေါ်၌ ဗုဒ္ဓဘာသာဝင် တိုင်းပြည်များအနက် ပထမဆုံးသော မြေစိုက်စေတီပေါက်ဖြစ်တော်မူခြင်း၊ ဂေါတမမြတ်စွာဘုရားကိုယ်တိုင် သိင်္ဂုတ္တရကုန်းတော်၌ ရှာဖွေတည်ထားရန် ဗျာဒိတ်ပေးတော်မူခဲ့ခြင်းတို့ကြောင့်လည်း ဖြစ်ပါသည်။ လောကအံ့ဖွယ်အဖြစ် မြတ်စွာဘုရားကို ပထမဆုံး ဖူးတွေ့ခွင့်ရသောသူနှစ်ဦးမှာ မြန်မာနိုင်ငံသားဖြစ်ခြင်း၊ ဘုရားရတနာ၊ တရားရတနာ၊ သရဏဂုံ (၂)ပါး ကို စတင်ဆောက်တည်ခွင့်ရခြင်း၊ သဗ္ဗညုတဉာဏ်တော်ရပြီး ဘုရားအဖြစ် အောင်တော်မူပြီးနောက် ပထမဆုံး ဆွမ်းဆက်ကပ်ခွင့်ရခြင်းတို့ဖြစ်သည်။

ကမ္ဘာ့အံ့ဖွယ်ဆိုသည်မှာ မြန်မာတို့၏ သဒ္ဓါတရားများ စုပုံထားရှိရာ ရွှေတောင်ကြီးအလား စိတ်ထက်သန်စွာ လှူဒါန်းထားရှိရာ ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုအနုပညာလက်ရာမျိုးစုံနှင့် မြန်မာတို့၏ ကျက်သရေဆောင် အလှပဆုံးနေရာဟု တင်စားမှတ်တမ်းတင်ခံခဲ့ရသောကြောင့်လည်း ဖြစ်ပေသည်။ ရေကြောင်းခရီးမှဖြစ်စေ၊ ကုန်းလမ်းခရီးမှဖြစ်စေ၊ လေကြောင်းမှဖြစ်စေ မိုင် ၃၀ အကွာခန့်မှပင် ဖူးတွေ့နိုင်သော ပဲခူးရိုးမတောင်စွယ်ပေါ်တွင် တည်ထား၍ ကျက်သရေဆောင် ထူးခြားလှသော စေတီတော်ကြီးဖြစ်ပါသည်။

### မင်းနှင့်ပြည်သူအဆက်ဆက် သဒ္ဓါတရားများ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဥက္ကလာပမင်းကြီးနှင့် ပြည်သူပြည်သားတို့က မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်တွင် စုပေါင်း၍ သဒ္ဓါတရားထက်သန်စွာ တည်ခဲ့ကြသည်။ တည်စကဉာဏ်တော်မှာ ၆၆ ပေ အမြင့်ရှိသည်။ လူတစ်ရစ်၊ နတ်တစ်ရစ် တည်ခဲ့ကြသည်ဟုလည်း ဆိုသည်။ ဥက္ကလာပမင်းကြီးနောက် သားတော်၊ မြေးတော်၊ မြစ်တော် နှစ်ဆယ့်နှစ်ဆက်သော မင်းအဆက်ဆက် သဒ္ဓါထက်သန်စွာ ပူဇော်စောင့်ရှောက်ခဲ့ကြသည်။ ဒဂုံမင်းသား သုံးကျိပ်နှစ်ယောက်တို့သည်လည်း မိမိတို့ ပရိသတ်အခြံအရံများနှင့် လာရောက်ဖူးမြော်ကြပြီး သဒ္ဓါအဟုန်တို့ဖြင့် ရသေ့၊ ရဟန်းပြုကာ စေတီတော်၏ ဝေယျာဝစ္စအမှုတို့ကို ပြုခဲ့ကြကုန်သည်။

### မင်းအဆက်ဆက်တို့၏ သဒ္ဓါအဟုန်

သာသနာသက္ကရာဇ် ၁၀၁ ခုနှစ် သရေခေတ္တရာပြည်တွင် နန်းတက်သော ဒွတ္တပေါင်မင်းကြီးသည် ရွှေတိဂုံစေတီတော်မှ ဆံတော်စစ်များကို ကြည်ညိုပြင်းပြသောစိတ်နှင့် ပင့်ဆောင်ရန် စစ်သည်ဗိုလ်ပါများစွာနှင့် မြစ်ကြောင်းအတိုင်း စုန်ဆင်းခဲ့ရာ သိင်္ဂုတ္တရ ကုန်းတော်ပေါ်သို့ ရောက်သောအခါ ပင့်ဆောင်ရန်ပြင်ဆင်ချိန်မှာပင် လျှပ်စစ်မိုးကြိုးများ ထစ်ချုန်းခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မြေငလျင်သွက်သွက်ခါ တုန်လှုပ်ခြင်းတို့ ကြုံတွေ့ခဲ့ရသည်။ မင်းကြီးလည်း ပင့်ဆောင်ရန် မဝံ့ရဲတော့ဘဲ ရွှေထီး၊ ရွှေတံခွန်၊ ပန်းပေါက်ပေါက် စသည့် ရတနာတို့ဖြင့် ပူဇော်ကန်တော့၍သာ ပြန်သွားရလေသည်။

### သီရိဓမ္မာသောကမင်း၏ သဒ္ဓါတရား

သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်တွင် မဇ္ဈိမဒေသ၌ သီရိဓမ္မာသောကမင်းကြီးလက်ထက် ရာမညတိုင်းတွင် သာသနာတော် မေးကွယ်ခဲ့သည်။ သီရိဓမ္မာသောကမင်းကြီးသည် တတိယ သံဂါယနာတင်သာသနာပြုခဲ့သည်။ ထိုအချိန်က သိင်္ဂုတ္တရကုန်းတွင် တောအုပ်အတိဖုံးလျက်ရှိခဲ့ရာ သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် ရဟန်းမထေရ်နှစ်ပါး၏ လမ်းညွှန်မှုကြောင့် သီရိဓမ္မာသောကမင်းကြီးသည် မှုးမတ်အပေါင်းခြံရံလျက် ကုန်းတော်ကို ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခဲ့ကြသည်။ ပေါ်ပေါက်လာသော စေတီတော်မြတ်ကြီးကို ရွှေထီး၊ ငွေထီး ရတနာအသီးသီးတို့ဖြင့် သဒ္ဓါ ထက်သန်စွာ ပူဇော်ကြသည်။ ထိုအခါ ဆံတော်ရှင် ဓာတ်တော်တို့က ဘုရားလေးဆူအသွင် ကောင်းကင်၌ ရောင်ခြည်ခြောက်သွယ်ကွန့်မြူးချီးမြှင့်တော်မူခဲ့သည်။ သီရိဓမ္မာသောကမင်းကြီးလည်း သဒ္ဓါအဟုန်တို့ လွှမ်းခြုံလျက် စေတီတော်ကြီးအား ဘက်စုံပြုပြင်တော်မူပြီးမှ မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူခဲ့သည်။

### အနော်ရထာမင်းစော သဒ္ဓါအား

ကောဇာသက္ကရာဇ် ၄၀၆၊ သာသနာနှစ် ၁၅၈၈ ခုနှစ်၊ ပုဂံပြည်အနော်ရထာမင်းစောသည်လည်း ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်နေတော်မူသော ဆံတော်ရှစ်ဆူကို ပင့်ဆောင်ရန် စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် ကြွရောက်ကြိုးစားခဲ့သော်လည်း အတိတ်နိမိတ်အမျိုးမျိုးတို့ကြောင့် စေတီတော်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ကာ ရတနာမျိုးစုံနှင့် ပူဇော်ပြီး ဌာနေသို့ ပြန်ခဲ့ရသည်။

### ဗညားဦးမင်းနှင့် သန်လျင်၊ ဒလ၊ ဒဂုံမင်းတို့၏ သဒ္ဓါအဟုန်

သက္ကရာဇ် ၇၃၃ ခုနှစ်တွင် ရာမညတိုင်း၊ ဟံသာဝတီ၊ ဆင်ဖြူရှင်ဗညားဦးသည် ပြည်သူတို့နှင့်အတူ သိင်္ဂုတ္တရကုန်းတော်သို့တက်၍ ပြိုပျက်နေသော ရွှေတိဂုံဆံတော်ရှင်စေတီကို မူလဥက္ကလာပမင်းကြီး တည်ထားတော်မူခဲ့သည့်အတိုင်း ထပ်မံတည်ထားခဲ့သည်။ ဒဂုံ၊ ဒလ၊ သန်လျင်၊ မုတ္တမမင်းတို့လည်း ဆင်ဖြူရှင်ဗညားဦးမင်းကြီးနှင့် အတူ သဒ္ဓါထက်သန်စွာ ပူးပေါင်းကုသိုလ်ယူ ပူဇော်ကြသည်။ ဗညားဦးမင်းကြီးက ရွှေထီးဆပ်သွားဖူးရောင်လျှံ တင်လှူတော်မူသည်။

### အလောင်းမင်းတရားကြီးနှင့် ဆင်ဖြူရှင်ကုသိုလ်တော်များ

ကောဇာသက္ကရာဇ် ၁၁၁၇ ခုနှစ်၊ သာသနာနှစ် ၂၂၉၉ ခုနှစ်တွင် ရတနာသိင်္ဃ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ရန်သူတို့ကို ကုန်စင်အောင် နှိမ်နင်းတော်မူပြီး မူလဒဂုံမြို့ကို "ရန်ကုန်မြို့" ဟု သမုတ်ခဲ့သည်။ ၎င်းလက်ထက် သက္ကရာဇ် ၁၁၂၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့တွင် ကုသိုလ်တော်ရွှေဇရပ်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။ စောင်းတန်းနှင့် ဇရပ်ကြီး ၃ ဆောင်တို့အား မုခ်၊ မှန်ကင်း အကွက်တို့အပါအဝင် စိုက်ထူ လှူဒါန်းတော်မူသည်။ ကောဇာသက္ကရာဇ် ၁၁၃၀ ပြည့်နှစ်တွင် ၎င်း၏ ဒုတိယသားတော် ကုန်းဘောင် ဆင်ဖြူရှင်မင်းလက်ထက် ငလျင်ပြင်းထန်စွာလှုပ်၍ စေတီတော်ဆပ်သွားဖူးမှာ ပထမဖောင်းရစ်တော်အထိ အက်ကွဲပြိုပျက်ကာ ထီးတော်ကျ လျှောလေသည်။ မင်းကြီးက သဒ္ဓါအဟုန်ကြီးစွာ ဘက်စုံပြုပြင်ကာ သပိတ်မှောက်အထက် ဖောင်းရစ်ကစ၍ ပြိုပျက်ရာမှရသည့် ရွှေဆင်းတု ၆၂၅ ဆူ၊ ငွေဆင်းတု ၇၇၄၆ ဆူနှင့် ကုသိုလ်တော် ရွှေငွေဆင်းတုများတွင် သရီရဓာတ်တော်များကို ပတ္တမြားကြုတ်နှင့်သွင်းပြီး ဌာပနာတော်မူသည်။ ရွှေတန်ဆောင်း၊ ငွေတန်ဆောင်း၊ ရွှေထီး၊ ငွေထီး စသည့်လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ကို ထည့်သွင်းဌာပနာခဲ့သည်။ "ကိုယ်အလေးချိန်နှင့် ညီသော ရွှေစင် ၄၇ ပိဿာ ၃၅ ကျပ်သား (ပေါင်ချိန် ၁၇၀) ကို မျက်ပါးခပ်၍ ရွှေလုံးပြည့် ဆက်ကပ်တော်မူခဲ့သည်။" ၁၁၃၆ ခုနှစ် တပေါင်းလပြည့်နေ့ နံနက် ၄ နာရီခန့်တွင် စက်ယန္တရားဖြင့် ရွှေထီးအထွတ်တင် လှူတော်မူခဲ့ရာ ပြည်သူအပေါင်းမှာလည်း ပျော်ရွှင်ဝမ်းမြောက်စွာဖူးမြော် သာဓုခေါ်ဆိုခဲ့ကြသည်။

### စဉ့်ကူးမင်း ရွှေသင်္ကန်းသဒ္ဓါဟုန်

သက္ကရာဇ် ၁၁၃၈ ခုနှစ်၊ သာသနာတော်နှစ် ၂၃၂၀ တွင် ဆင်ဖြူရှင်မင်း၏ သားတော် စဉ့်ကူးမင်းက ရွှေတိဂုံစေတီတော်အား ကိုယ်လုံးတော်ပြည့် ရွှေမျက်ပါး သင်္ကန်းကပ်လှူခဲ့သည်။ ရင်ပြင်တော် ၄ မျက်နှာတွင် တန်ဆောင်း ၄ ခုနှင့် ကကုသန်၊ ကောဏာဂုံ၊ ကဿပနှင့် ဂေါတမဘုရား ၄ ဆူ ရုပ်ပွားတော်များကို ပလ္လင်တော်များနှင့်အတူ သဒ္ဓါရွှင်လန်းစွာ တည်ထားလှူဒါန်းခဲ့သည်။ ကြေးချိန် ၁၅၅၅၅ ပိဿာရှိ ခေါင်းလောင်းကြီးကိုလည်း သွန်းလုပ် သက္ကရာဇ် ၁၁၄၀ ပြည့် တပို့တွဲလဆန်း၁ ရက်တွင် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

**သာယာဝတီမင်း ခေါင်းလောင်းကြီး လှူဒါန်းခြင်း**

သာယာဝတီမင်းကြီးသည် ရွှေအချိန် ၁၂ ပိဿာကို မျက်ပါးခပ်ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းအပြည့် ကပ်တော်မူသည်။ ကြေးချိန် ၂၅၉၄၉ ပိဿာရှိ ခေါင်းလောင်းတော်ကြီးအား ၁၂၀၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်နေ့တွင် လှူဒါန်းခဲ့သည်။ မိဖုရား နန်းမတော်မမြလေးက အနောက်ဘက် စောင်းတန်းကြီးကို ပြင်ဆင်ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထို့နောက် မင်းကြီးက ရွှေဖြူ၊ ရွှေနီ၊ ငွေဖြူစသည့် ပဥ္စလောဟာနှင့် စပ်လုပ်သည့် သံသေဆည်းလည်း၊ အချိန် ၁ ပိဿာ ၇၀ ကျပ်သားနှင့် ၁ ပိဿာ ၅၀ ကျပ်သားရှိ သံသေဆည်းလည်း ၂ လုံး လှူဒါန်းခဲ့သည်။

**မင်းတုန်းမင်းကြီးနှင့် ပြည်သူတို့၏ သဒ္ဓါအဟုန်**

သက္ကရာဇ် ၁၂၃၁ ခုနှစ်တွင် သက်တမ်း ၉၅ နှစ်ကျော်ပြီဖြစ်သော (ဆင်ဖြူရှင်မင်းကြီး တင်လှူခဲ့သော) ထီးတော်အား သဒ္ဓါထက်သန်စွာ အသစ်ပြုလုပ် တင်လှူပူဇော်ခဲ့သည်။ ကုသိုလ်ဒါနစာရင်းအရ၊ မင်းတုန်းမင်းကြီး၏ ကုသိုလ်တော် ၉၄၁၄၅၂ ကျပ် ၆ မူး၊ ထီးတော်ဟောင်းက ရငွေ ၁၂၆၃၂၈ ကျပ် ၅ မူး ၁ ပဲနှင့် ပြည်သူတို့လှူသော ရွှေ၊ စိန်၊ ကျောက်ပတ္တမြား စသည့် ရတနာမျိုးစုံ တန်ဖိုး ၃၃၂၆၈၉ ကျပ် ၇ ပဲ ဖြစ်သည်။

**ဘုရင်မကြီး ရှင်စောပု သဒ္ဓါအစုံ**

ကောဇာသက္ကရာဇ် ၈၁၄၊ သာသနာနှစ် ၁၉၉၆ ခုနှစ်တွင် ဗညားကျန်းထောဘွဲ့ခံ ဘုရင်မကြီး ရှင်စောပုသည် ကိုယ်အလေးချိန်အတိုင်း ၂၅ ပိဿာ (၉၁) ပေါင် ရွှေချိန်၍ မျက်ပါးတော်ခပ်ပြီးလျှင် စေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူတော်မူခဲ့သည်။ ရင်ပြင်တော်ကိုလည်း ကျောက်ပြား အပြည့်ခင်းလှူသည်။ မဟာရံတံတိုင်း ခုနစ်ထပ်နှင့် စောင်းတန်းလေးဘက်တွင် ကျောက်လှေခါး လေးစင်း ခင်းကျင်းလှူဒါန်းခဲ့သည်။ ဝတ္ထုကံမြေများနှင့်အတူ ဘုရားဝေယျာဝစ္စအတွက် ကျွန်ငါးရာကိုလည်း လှူခဲ့သည်။ ကောဇာသက္ကရာဇ် ၈၃၃၊ သာသနာနှစ် ၂၀၁၅ တွင် ဘုရင်မကြီး၏ သားမက်တော် ဓမ္မစေတီမင်းသည် ကြေးပိဿာချိန် တစ်သောင်းကို ခေါင်းလောင်းသွန်းလုပ် လှူဒါန်းခဲ့သည်။

ကောဇာသက္ကရာဇ် ၈၈၈၊ သာသနာနှစ် ၂၀၇၀၊ သူ့ရှင်တကာ ရွှတ်ပိမင်းသည် ပတ္တမြား၊ စိန်၊ နီလာတစ်လုံးစီနှင့် နဝရတ်ကိုးပါး လှူတော်မူသည်။ ကောဇာသက္ကရာဇ် ၈၉၄ တွင် မင်းတရားရွှေထီးသည် ကိုယ်အလေးချိန်အတိုင်း ရွှေစင်တို့ကို မျက်ပါးခပ်၍ ခရာသီးက ကလာပ်ခြေ မြေအထိ ရွှေလုံးပြည့် ကပ်လှူတော်မူခဲ့သည်။

**မျက်မှောက်ခေတ် သဒ္ဓါဟုန်များ**

ဘိုးစဉ်ဘောင်ဆက် သဒ္ဓါများ စုပုံပူဇော်ထားရှိရာ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြင်ရသူတိုင်း စိတ်နှလုံးရွှင်ပြုံးကြည်သာ အေးမြသော သန္တိသုခကို ရကြသည်။ အဝေးမှ ဖူးဖူး၊ အနီးမှ ဖူးဖူး ဖူး၍ မဝသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ဖြစ်သည်။ အထက်ပါ သမိုင်းမှတ်တမ်းများအရ ရှေးမင်းနှင့် ပြည်သူအဆက်ဆက် ကုသိုလ်သဒ္ဓါအဟုန်များ အဆက်မပြတ် ပွားများခဲ့ကြသကဲ့သို့ မျက်မှောက်ခေတ်တွင်လည်း သဒ္ဓါကြည်ညိုစိတ်များ တိုးတက်ပွားများလျက်သာ ရှိကြသည်။ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်မှ တာဝန်ယူခဲ့ရသည်။ တပ်မတော်အစိုးရ တာဝန်ယူသည့်ကာလအတွင်း ရွှေတိဂုံစေတီတော်ကြီးကို ဘက်စုံပြုပြင်လှူဒါန်းမှုများစွာ ကုသိုလ်ယူ စီမံဆောင်ရွက်ခဲ့ကြသည်။ သိင်္ဂုတ္တရ ဥယျာဉ်တည်ဆောက်ခြင်း၊ မဟာဗုဒ္ဓဝင် ပြခန်းတည်ဆောက်ခြင်း၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်တည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်း ၃ ရပ်ဖြင့် ကုသိုလ်ယူ စီမံခဲ့ကြသည်။ ထို့နောက် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းများကို သဒ္ဓါအဟုန် ကြီးမားစွာဖြင့် ဦးစားပေးလုပ်ငန်းများအလိုက် ကုသိုလ်ယူစီမံဆောင်ရွက်ခဲ့ကြသည်။ စေတီတော်ကြီးအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ စောင်းတန်းများ အသစ်ပြုပြင်ဆောက်လုပ်ခြင်း၊ ဓာတ်လှေကားများ အသစ်တပ်ဆင်ခြင်း၊ ရင်ပြင်တော် ကျောက်ပြားများခင်းခြင်း စသည့် ကုသိုလ်ယူလုပ်ငန်းများက မျက်မှောက်ခေတ်အစိုးရနှင့် ပြည်သူတို့၏ သဒ္ဓါအဟုန်အဖြစ် ထင်ရှားစွာ တွေ့မြင် ကုသိုလ်ပွားလျက်ရှိကြပါသည်။ နိုင်ငံတော်ညွှန့်သည်ခရီးစဉ်များတွင် နိုင်ငံ့ကျက်သရေဆောင် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဂုဏ်ယူဖွယ်ရာပြယုဂ်တစ်ခုအဖြစ် ပြသလျက်ရှိပါသည်။

**ယနေ့ပြည်သူတို့၏ သဒ္ဓါမော်ကွန်း**

ပြည်သူများ၏ အစဉ်အဆက် သဒ္ဓါအလျောက် လှူဒါန်းခဲ့ကြသော ၂၁-၃-၂၀၂၁ ရက်နေ့ နောက်ဆုံးစာရင်းမှတ်တမ်းများအရ အလှူတော် ဘဏ္ဍာငွေ စုစုပေါင်း ၉၂ ဒသမ ၀၆၉ ဘီလီယံကျပ်၊ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ သန်းခန့်နှင့် ရွှေရတနာပစ္စည်းများစွာရှိကြောင်း သိရှိရပါသည်။ ကားရပ်နားခ၊ စောင်းတန်းဈေးဆိုင်များ အခွန်စသည်တို့အပါအဝင် အုပ်ချုပ်စီမံမှုစာရင်းအရ ၎င်းအလှူတော်ငွေ ရန်ပုံငွေတွင် ဝန်ထမ်းများ၏ လစာစရိတ်နှင့်ထောက်ပံ့မှုများအတွက် သုံးစွဲနိုင်ရန် ၁၇ ဒသမ ၂၆ ဘီလီယံပါဝင်ပြီး အစိုးရဝန်ကြီးဌာနတစ်ခုကဲ့သို့ ငွေဝင်၊ ငွေထွက် ရသုံးစာရင်းများကို အစိုးရ စာရင်းစစ်ဌာနများ၏ နှစ်စဉ်စစ်ဆေးမှုခံယူကာ စနစ်တကျ သုံးစွဲလျက်ရှိကြပါသည်။

ခုနစ်ရက်သားသမီးတို့က ဘုရားကြီးအတွက် ရည်စူးလှူဒါန်းငွေမှန်သမျှ အခြားကိစ္စရပ်များတွင် လုံးဝမသုံးရဘဲ စေတီတော်ကြီးနှင့်စပ်လျဉ်းသော လုပ်ငန်းများအတွက်သာ သုံးစွဲခွင့် ရှိပါသည်။ သာသနာရေးဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်လည်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ဩဝါဒါစရိယ ဆရာတော်ကြီးများကလည်း "ဘုရားပစ္စည်း အဆိပ်မီး၊ သုံးနည်းသတိချပ်" ကြစေရန် အခါအားလျော်စွာ သတိပေးကြပါသည်။

**အများပြည်သူတို့၏ ကုသိုလ်ပြီးကုသိုလ်**

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၅ နှစ်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူခဲ့ကြရာ ၂၀၁၈-၁၉ ခုနှစ်တွင် ခုနစ်ရက်သားသမီးပြည်သူအပေါင်း လှူဒါန်းခဲ့ကြသော အလှူဘဏ္ဍာငွေများမှ ၁၇ ဒသမ ၃၈ ဘီလီယံခန့် လုပ်ငန်းကော်မတီများအလိုက် စနစ်တကျ သုံးစွဲကုသိုလ်ယူခဲ့ကြပါသည်။ နိုင်ငံတော်အစိုးရ စာရင်းစစ်အဖွဲ့မှလည်း စစ်ဆေးပြီး ဖြစ်ပါသည်။ အများပြည်သူလှူဒါန်းနိုင်ရန်လည်း ရွှေစင် ၁ ကျပ်သားလျှင် ကျပ် ၁၁ သိန်းနှင့် သတ်မှတ်ပေးခဲ့ရာ၊ မိသားစုအသီးသီး၊ ခုနစ်ရက်သားသမီးတို့သည်လည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကုသိုလ်ထုပ်နှင့် လဲလှယ်ကုသိုလ်ပြုဖြစ်ခဲ့ကြသည်။ မှတ်တမ်းများအရ စေတီတော်ကြီးရှိ ရွှေတန်ချိန်မှာ ၄ တန် နီးပါးခန့် ရှိပြီဖြစ်ပါသည်။

ထူးခြားသော သဒ္ဓါအဟုန်နှင့် ပြည့်စုံလှသော နဂါးရစ်တောင်ဆရာတော် (ငါးသိုင်းချောင်း၊ နဂါးရစ်တောင်ဘုရား ဆရာတော်) ဘဒ္ဒန္တဝိသုဒ္ဓ၏ သဒ္ဓါတရားမှာလည်း ရွှေတိဂုံဘုရားကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူရန် ရည်သန်အဓိဋ္ဌာန်ဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လစဉ် သိန်းတစ်ရာဝန်းကျင် လှူဒါန်းခဲ့ရာ စာရင်းမှတ်တမ်းအရ သိန်း ၇၀၀၀ ခန့် တန်ဖိုးရှိသော ရွှေစင် ၉ ပိဿာ ၂၅ ကျပ်သား လှူဒါန်းခဲ့မှုအတွက် နတ်လူသာဓု အလီလီခေါ်ဆို ကောင်းချီးပေးအပ်ပါသည်။

ရွှေတိဂုံစေတီတော်ကြီး၏ အထက် ပစ္စယံ နေပူခံ ကျောက်ပြား စုစုပေါင်း ၂၄၉၁၇ ချပ်အား တပ်မတော် (ကြည်း၊ ရေ၊ လေ) ကလည်း စုပေါင်းကောင်းမှုဖြင့် ကျပ်သိန်းပေါင်း ၁၅၆၈ သိန်းကျော် သဒ္ဓါအဟုန်နှင့် ဘက်စုံကုသိုလ်ပြုခဲ့ကြသည်။

ယခုအခါ နှစ်ချီ၍ ဘုရားဖူးခွင့်ပိတ်ထားသော ရွှေတိဂုံစေတီတော်မြတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်အကြာ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်ပင် ဘုရားကျောင်းကန်များအား ကိုဗစ်စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ရဟန်းရှင်လူအများနှင့် နတ်လူသာဓုခေါ်ခဲ့ကြသည်။ မြန်မာတို့၏ သဒ္ဓါအဟုန်ကြောင့် ကန့်သတ်ချက်များကြားမှ တစ်လအတွင်း ဘုရားဖူးတစ်သိန်းခန့်လာရောက်၍ ကုသိုလ်သဒ္ဓါပွားများခဲ့ကြသည်။

ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကလည်း စေတီတော်ကြီးကြွခိုင်ရေး၊ လုံခြုံရေး၊ ဘုရားဖူးများ စိတ်ချမ်းသာကြည်နူးစွာ ဘုရားဖူးနိုင်ရေး ကုသိုလ်စိတ်တို့ဖြင့် စီမံဆောင်ရွက်လျက်ရှိကြသည်။ မကြာမီ ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ ညချမ်းချိန်ခါ ကြည်ညိုဖွယ်ရာ ကိုယ်လုံးတော်ပြည့် အရပ်လေးမျက်နှာမှ ဆလိုက်မီးများနှင့် ပူဇော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြသည်။

**မြတ်ရွှေတိဂုံနှင့် သဒ္ဓါအဟုန်**

လောကအံ့ဖွယ်၊ သာသနာ့အံ့ဖွယ်၊ ဗုဒ္ဓအမွေ၊ ယဉ်ကျေးမှုအမွေ၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဘုန်းရိပ်ကံရိပ်ကြောင့် မြန်မာတို့၏ သဒ္ဓါအဟုန်မှာ အံ့ဩဖွယ်ရာ ကြီးမားလှပါသည်။ ဩဝါဒါစရိယ ဆရာတော်ကြီးများကလည်း အမြဲမပြတ် လိုအပ်သလို စောင့်ကြပ်ဩဝါဒ ပေးလေ့ရှိပါသည်။ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကလည်း သဒ္ဓါအဟုန် သတိဝီရိယတို့နှင့် ဝေယျာဝစ္စ ကုသိုလ်ယူလျက်ရှိကြပါသည်။ ဤသို့အစဉ်အဆက် ပြည်သူတို့၏ သဒ္ဓါအဟုန်ကြီးမားစွာနှင့် စောင့်ရှောက်ထိန်းသိမ်းပူဇော်လျက်ရှိကြသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး၏ အစဉ်အလာကောင်းများကို နောင်လာနောက်သား မျိုးဆက်သစ်များ စောင့်ထိန်းအမွေဆက်ခံနိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုမိပါတော့သည်။

[ စာရေးသူ၏ စေတနာနှင့် စကားချပ်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ရှေးမင်းအဆက်ဆက်၊ ဘိုးစဉ်ဘောင်ဆက်မှ ယနေ့အထိ သဒ္ဓါအဟုန်များ စုပုံထားရှိရာ သာသနာ့အံ့ဖွယ် ဘူမိနက်သန်တွင် မနောကံ၊ ဝစီကံတို့နှင့် သတင်းမှားများ ထုတ်လွှင့်နေကြသောသူများသည် ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လိမ့်မည်ဖြစ်ကြောင်း သာဓကလေးနှစ်ခုကို ကောက်နုတ်ဖော်ပြ သတိပေးလိုပါသည်။ ရွှေတိဂုံ၊ ငွေတိဂုံ၊ ဘော်တိဂုံဟု လက်ဆော့ဆောင်းပါးရေးသားခဲ့သော ဦးဇင်းတစ်ပါးသည် ဩဝါဒါစရိယဆရာတော်ကြီးများက ခေါ်ယူသတိပေးခံခဲ့ရပြီး ကာယိကဝေဒနာခံစားရ၍ မကြာမီ ဝမ်းဗိုက်ခွဲစိတ် ကုသခံခဲ့ရသည်။ ပုညကုသလတန်ဆောင်းရှိ မြန်မာတို့၏ အဖိုးတန်ကျောက်စိမ်းရုပ်ပွားတော်ကြီးကို ကျောက်တုံးတစ်တုံးလို့ပဲ မြင်တယ်၊ ယတြာချေတာပဲ၊ သံတံခါးပိတ်ထားလိုက်ဟု ဝစီကံ၊ မနောကံနှင့် ပြစ်မှားခဲ့သော ပုဂ္ဂိုလ်တစ်ဦးမှာလည်း အချုပ်ခန်းတွင် အစောဆုံး ဘဝမကူးခင် ပေးဆပ်ခဲ့ရသည့်ဖြစ်စဉ် ပူပူနွေးနွေးသင်ခန်းစာတို့ကို သတိချပ်ကြစေရန် စေတနာဖြင့် သတိပေးလိုက်ပါသည်။ ]

**ကိုးကားစာအုပ်များ**

- **စေတီယင်္ဂဏ နှစ်ရာပြည့်မဂ္ဂဇင်း**
- **ရွှေတိဂုံစေတီတော်သမိုင်း (ဦးညွန့်ဝေ)**
- **မြတ်ဘုရားရွှေတိဂုံ (မောင်ဆုရှင်)**

**စာမျက်နှာ ၁၇ မှ**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄၅ | ခင်တန်းကြီးကျေးရွာအုပ်စု | ၁ | ၆၀၀ | ၂၅၉ | ၃၄၁ | ၃၄၁ | | |
| ၄၆ | ဘိုးဦးစိန်ကျေးရွာအုပ်စု | ၁ | ၄၃၀၀ | ၂၁၉၆ | ၂၁၀၄ | ၂၁၀၄ | | |
| ၄၇ | လေးအိမ်စုကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၁၄၅၂ | ၁၂၉၈ | ၁၂၉၈ | | |
| ၄၈ | သူဌေးကုန်းကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၆၈၀ | ၅၇၀ | ၅၇၀ | | |
| ၄၉ | မြစ်ကျိုးကျေးရွာအုပ်စု | ၃ | ၄၅၅၀ | ၂၆၁၄ | ၁၉၃၆ | ၁၉၃၄ | ၂ | |
| ၅၀ | ငွေ့ကြီးကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၇၀၀ | ၁၂၅၀ | ၁၂၆၀ | | ၁၀ |
| ၅၁ | အောက်ငွေ့ကြီးကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၁၀၂ | ၉၄၈ | ၉၄၈ | | |
| ၅၂ | ဘိုးစိန္တာစုကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၈၀၈ | ၈၄၂ | ၆၄၂ | ၂၀၀ | |
| ၅၃ | ပုဂံကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၁၂၈ | ၁၀၂၂ | ၉၃၃ | ၈၉ | |
| ၅၄ | လက်ပန်ကျေးရွာအုပ်စု | ၂ | ၃၃၅၀ | ၂၀၀၅ | ၁၃၄၅ | ၁၄၉၄ | | ၁၄၉ |
| ၅၅ | တနော်ကျွန်းကျေးရွာအုပ်စု | ၂ | ၃၉၀၀ | ၂၀၃၈ | ၁၈၆၂ | ၁၈၆၂ | | |
| ၅၆ | အုတ်ဖိုကျေးရွာအုပ်စု | ၄ | ၃၉၀၀ | ၁၈၁၅ | ၂၀၈၅ | ၂၀၈၅ | | |
| ၅၇ | သူရဲသူမိန်ကျေးရွာအုပ်စု | ၂ | ၅၂၀၀ | ၃၀၃၄ | ၂၁၆၆ | ၂၁၆၆ | | |
| ၅၈ | စက်စုကျေးရွာအုပ်စု | ၁ | ၂၇၀၀ | ၁၄၁၅ | ၁၂၈၅ | ၁၂၈၅ | | |
| ၅၉ | ဆင်ကျေးရွာအုပ်စု | ၃ | ၅၃၅၀ | ၂၈၉၅ | ၂၄၅၅ | ၂၂၀၅ | ၂၅၀ | |
| ၆၀ | ဒလန္တမ်းကျေးရွာအုပ်စု | ၃ | ၃၄၅၀ | ၁၈၇၂ | ၁၅၇၈ | ၁၅၇၈ | | |
| ၆၁ | ဝိုင်းပါတ်ကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၁၉၁၀ | ၁၄၄၀ | ၁၄၃၈ | ၂ | |
| ၆၂ | အဘားကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၉၁၄ | ၆၃၆ | ၆၃၆ | | |
| ၆၃ | ကရင်စုကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၅၂၅ | ၅၇၅ | ၅၇၅ | | |
| ၆၄ | ကပင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၆၅၀ | ၅၅၀ | ၅၀၀ | ၅၀ | |
| | ရပ်/ကျေးမှသီးခြားအပ် | | | | | ၂၀၀ | | ၂၀၀ |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၁၁၆ | ၁၆၄၄၅၀ | ၉၀၂၄၅ | ၇၄၂၀၅ | ၇၀၂၆၉ | ၄၃၉၅ | ၄၅၉ |
| | မြို့နယ်ကြိုတင်မဲ | | ၁၁၉၆ | ၁၁၉၀ | ၆ | | ၆ | |
| | မြို့နယ်လက်ကျန် | | ၃၆၆၃ | | ၃၆၆၃ | ၃၆၆၈ | | ၅ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၁၆ | ၁၆၉၃၀၉ | ၉၁၄၃၅ | ၇၇၈၇၄ | ၇၃၉၃၇ | ၄၄၀၁ | ၄၆၄ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဒေသန္တရ လက်နက်၊ ပစ္စည်းများအား သတင်းစာရှင်းလင်းပွဲ တက်ရောက်သူများ ကြည့်ရှုလေ့လာကြစဉ်။




သတင်းစာရှင်းလင်းပွဲ၌ ခင်းကျင်းပြသထားသည့် မဲစာရင်းစစ်ဆေးတွေ့ရှိချက်များနှင့် ဆူပူအကြမ်းဖက်သူများ အသုံးပြုသည့် လက်နက်ကိရိယာများ။

❖ *ကျောဖုံးမှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် မတ်လနှင့် ဧပြီလပထမပတ်ကာလအတွင်း ကောင်စီ အစည်းအဝေး ၅ ကြိမ်၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး ၂ ကြိမ် ပြုလုပ်ခဲ့ပြီး စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ ပညာရေးကဏ္ဍတို့တွင် ဖွံ့ဖြိုး တိုးတက်အောင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံသားတိုင်းနှင့် တိုင်းရင်းသားတိုင်း နိုင်ငံသား မှတ်ပုံတင်ရရှိအောင် မဖြစ်မနေဆောင်ရွက်ရေးတို့ကို မူဝါဒချမှတ် လုပ်ဆောင်လျက်ရှိသည့်အခြေအနေများ။

## သုတေသနလုပ်ငန်းများ ပြုလုပ်

စီမံခန့်ခွဲရေးကော်မတီအနေဖြင့်လည်း ဝန်ကြီးဌာနများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက် ရေး၊ ဘဏ်၊ ကျောင်း၊ ဆေးရုံများပြန်လည် ဖွင့်လှစ်နိုင်ရေး အစီအမံများ၊ ဘဏ္ဍာငွေအရ အသုံး စာရင်းလျာထားရာတွင် အမှန်တကယ် ရငွေ၊ သုံးငွေများကို သေချာစွာစိစစ်ရန်နှင့် မဖောင်းပွရန်၊ လိုအပ်သည်များကိုသာ လျာထားရန်နှင့် တိုင်းပြည်အတွက် အရှုံးမဖြစ်စေရန်၊ ဖွံ့ဖြိုးတိုးတက်ရေး၌ သုတေသနနှင့် ဖွံ့ဖြိုးရေး(R&D)တွင် အလေးထားဆောင်ရွက်ရန်လိုအပ်သဖြင့် ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများတွင် သုတေသနလုပ်ငန်းများ ပြုလုပ်၍ နည်းလမ်းရှာဖွေဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအောင်မြင်အောင် ချမှတ်ဆောင်ရွက်ခဲ့သည့် အခြေအနေများ။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် မတ်လအတွင်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့၊ ကျွန်းစုမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုကိုးကျွန်းမြို့၊ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ တာချီလိတ်မြို့၊ ကျိုင်းတုံမြို့၊ မန္တလေးတိုင်းဒေသကြီးရှိ မိတ္ထီလာမြို့၊ မန္တလေးမြို့နှင့် မကွေးတိုင်းဒေသကြီးရှိ မကွေးမြို့၊ ရွှေစက်တော်ဒေသများသို့ သွားရောက်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေး၊ လုံခြုံရေးလုပ်ငန်းများ၊ တွေ့ဆုံအမှာစကားပြောကြားခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည်လည်း ကလော၊ အောင်ပန်း၊ ဗထူး၊ ပြင်ဦးလွင်နှင့် မန္တလေးမြို့များသို့ သွားရောက်၍ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည့် အခြေအနေများ။

## နောက်ခံအခြေအနေများ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ယခုလ ၆ ရက်တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး ပြည်နယ်ဥက္ကဋ္ဌများ၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများကို နေပြည်တော်၌ တွေ့ဆုံ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ရယူခဲ့ရမှုနှင့် စပ်လျဉ်းသည့် နောက်ခံအခြေအနေများ၊ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးခဲ့သည့်နောက်ခံအခြေအနေများ၊ နိုင်ငံရေးတွင် စစ်မှန်ရိုးသားသည့်နိုင်ငံရေး၊ တရားမျှတမှုရှိသည့်နိုင်ငံရေး ဖြစ်ရန်၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်အရေးကြီးကြောင်းကို ရွေးကောက်ပွဲမတိုင်မီ ၂ နှစ် အလိုကတည်းက ပြောကြားခဲ့သည့်အခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် တည်ငြိမ်အေးချမ်းရေးလုပ်ဆောင်ချက်၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်တို့နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည့် အခြေအနေများ။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဆက်လက်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ရာတွင် COVID-19 ကာကွယ်ဆေးများ ဆက်လက်ထိုးနှံရေး၊ ပညာသင်ကြားနိုင်ရေး၊ စာတတ်မြောက်စေရေးတို့ကို အလေးထားဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများကို ဆွေးနွေးခဲ့သည့် အခြေအနေများ၊ တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက CDM လှုပ်ရှားမှုနှင့် ပတ်သက်ပြီး **"CDM လှုပ်ရှားမှုသည် နိုင်ငံဖျက်သည့်လှုပ်ရှားမှု Country Destructive Movement"** ဟု ပြောကြားခဲ့ပြီး CDM လှုပ်ရှားမှုကြောင့် ပြည်သူများအနေဖြင့် ဆုံးရှုံးနစ်နာမှုဖြစ်ပေါ်နေသည့် အခြေအနေများ၊ COVID-19 ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်တွင် ရန်ကုန်ဆေးရုံကြီး တစ်ခုတည်း၌ပင် တစ်လလူနာ ၇၄၂၂ ဦး တက်ရောက် ကုသလျက်ရှိပြီး တစ်လ သေဆုံးသူပျမ်းမျှ ၅၃၉ ဦး ရှိသည့်အခြေအနေများ၊ လက်ရှိအချိန်၌ တစ်နိုင်ငံလုံးတွင် ဆေးရုံ၊ ဆေးခန်းများကို ကျင့်ဝတ်ချိုးဖောက်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းအချို့ကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် အခြေအနေများ၊ ရန်ကုန်ဆေးရုံကြီးတစ်ခုတည်း၌ပင် တစ်လ လူနာ ၅၀၀ ကျော် ပျမ်းမျှသေဆုံးမှုရှိပါက လက်ရှိအခြေအနေတွင် လူနာများ မည်မျှသေဆုံးနေသည်ကို စဉ်းစားစေလိုသည့် အခြေအနေများနှင့် ယင်းသို့ လုပ်ဆောင်နေမှုများသည် သွေးအေးအေးနှင့် လူသတ်နေခြင်းပင်ဖြစ်ပြီး Genocide ဟု ခေါ်ဆိုနိုင်သည်ဟု ထင်မြင်မိသည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး လက်တွေ့ဖြစ်ပျက်နေသည့် အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အခြေအနေအား ရှင်းလင်းပြောကြားမှု video clip ကို ပြသသည်။

## အစွန်းရောက်များပါရှိ

ယင်းနောက် ထိုသို့ လုပ်ဆောင်နေမှုများကို ပြည်တွင်းနှင့် ပြည်ပမှ အဖျက်အမှောင့် လုပ်ဆောင်သူများက ဦးဆောင်လျက်ရှိပြီး ပြည်ပရောက် မြန်မာနိုင်ငံသားများပါရှိကာ ပြည်ပအထောက်အပံ့များကို မျှော်လင့်၍ လုပ်ဆောင်နေခြင်းဖြစ်သည့် အခြေအနေများ၊ မြန်မာ့ပြည်တွင်းရေးကို အစဉ်တစိုက်နှောင့်ယှက်နေသည့် ပြည်ပ အဖွဲ့အစည်းများလည်း ပါရှိပြီး ပြည်တွင်း၌လည်း NLD အမာခံများ၊ အစွန်းရောက်များပါရှိကာ **"CRPH သည်လည်း Committee Representing Pyi– Pyay Hluttaw ပြည်ပြေးလွှတ်တော်"**ပင်ဖြစ်သည့် အခြေအနေများ၊ CDM ကို စတင်လှုံ့ဆော်ခဲ့သူ၊ ဦးဆောင်ခဲ့သူများအား ပြင်းပြင်းထန်ထန် ဥပဒေအရ အရေးယူသွားမည့်အခြေအနေများ။

ဆက်လက်ပြီး တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားရာတွင် NLD ပါတီဝင်များနှင့် ထောက်ခံသူများအနေဖြင့် ပြည်သူများကို လမ်းပေါ်သို့ ရောက်ရှိလာစေရန် ရည်ရွယ်ပြီး နည်းမျိုးစုံနှင့် လှုံ့ဆော်ဆန္ဒပြခြင်းမှ တဖြည်းဖြည်း ခြိမ်းခြောက်အကျပ်ကိုင်ဖိအားပေးခြင်း၊ မပါဝင်သူများကို အသက်အန္တရာယ်ပြုသည်အထိ ပြုမူလုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ ငြိမ်းချမ်းစွာဆန္ဒပြမှု (Protect) မှတစ်ဆင့် ဆူပူအကြမ်းဖက်မှု (Riot)၊ မင်းမဲ့စရိုက်ဆန်သည့် (Anarchy Mob) ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သည့် (Insurrection) အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်နိုင်ရန် ကြိုးပမ်းမှုများကြောင့် ဆူပူအကြမ်းဖက်မှုများ အရှိန်လျော့လာသကဲ့သို့ CDM လုပ်ဆောင်သူများအနေဖြင့်လည်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်း ၃၀ ရာခိုင်နှုန်းခန့် ရှိရာမှ ပြုလုပ်သူမရှိသည်အထိ ကျဆင်းလာသည်ကို တွေ့ရှိရသည့် အခြေအနေများ။

## အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လာ

မတ်လအတွင်း ဆူပူအကြမ်းဖက်သူများ၏ ဖျက်ဆီးတိုက်ခိုက်မှုများအနေဖြင့် ရဲစခန်း၊ ရဲကင်း ၄၉ နေရာ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၂၉ ခု၊ ရုံး၊ ဌာန ၃၉ ခု၊ လမ်း၊ တံတား ၁၁ ခု၊ ဘဏ် ၁၀ ခု၊ လူနေအိမ်များ၊ CCTV များ၊ ဖုန်းတာဝါတိုင်များ၊ ဂိုဒေါင်များ၊ ဈေးဆိုင်များ၊ စက်ရုံ၊ အလုပ်ရုံများပါဝင်သည့် အခြားနေရာ ၇၂ နေရာကို မီးရှို့ဖျက်ဆီးခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိရသည့် အခြေအနေများ၊ ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ၁၆ ဦး ကျဆုံးပြီး ၂၆၃ ဦး ဒဏ်ရာရရှိခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင် ၆ ဦး ကျဆုံးပြီး မိသားစုဝင် ၁ ဦး သေဆုံးခဲ့သည့်အခြေအနေများ၊ ဆူပူဆန္ဒပြသူ ကျား ၂၃၇ ဦး၊ မ ၁၁ ဦး ပေါင်း ၂၄၈ ဦး သေဆုံးခဲ့ပြီး ကျား ၃၈၆ ဦး၊ မ ၁၅ ဦး၊ ပေါင်း ၄၀၁ ဦး ဒဏ်ရာရရှိခဲ့သည့် အခြေအနေများ၊ ဖြစ်ပေါ်ခဲ့သည့် ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်ဖြစ်ရပ်များသည် သာမန်ဆူပူမှုအဆင့်မှ ကျော်လွန်ကာ

*စာမျက်နှာ ၂၁ သို့*

**"၂၀၁၉ ခုနှစ်တွင် ရန်ကုန်ဆေးရုံကြီး တစ်ခုတည်း၌ပင် တစ်လလူနာ ၇၄၂၂ ဦး တက်ရောက် ကုသလျက်ရှိပြီး တစ်လ သေဆုံးသူပျမ်းမျှ ၅၃၉ ဦး ရှိသည့်အခြေအနေများ၊ လက်ရှိအချိန်၌ တစ်နိုင်ငံလုံးတွင် ဆေးရုံ၊ ဆေးခန်းများကို ကျင့်ဝတ်ချိုးဖောက်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်း အချို့ကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် အခြေအနေများ၊ ရန်ကုန် ဆေးရုံကြီးတစ်ခုတည်း၌ပင် တစ်လ လူနာ ၅၀၀ ကျော် ပျမ်းမျှသေဆုံးမှု ရှိပါက လက်ရှိအခြေအနေတွင် လူနာများ မည်မျှသေဆုံးနေသည်ကို စဉ်းစားစေလိုသည့်အခြေအနေများနှင့် ယင်းသို့ လုပ်ဆောင်နေမှုများသည် သွေးအေးအေးနှင့် လူသတ်နေခြင်းပင်ဖြစ်ပြီး Genocide ဟု ခေါ်ဆို နိုင်သည်ဟု ထင်မြင်မိသည့်အခြေအနေများကို ရှင်းလင်းပြောကြား"**

*စာမျက်နှာ ၂၀ မှ*

အကြမ်းဖက်မှု ပုံသဏ္ဌာန်သို့ ပြောင်းလဲရောက်ရှိလာပြီး အပြစ်မဲ့ ပြည်သူများနှင့် သံဃာတော်များကို ဖမ်းဆီးရိုက်နှက် ခြင်း၊ လူတစ်ဦးချင်းစီ၏ အရှက်နှင့် ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေပြီး လူ့အခွင့်အရေး ချိုးဖောက်ခြင်းများအထိ ဆောင်ရွက်လာခဲ့ကြသည်ကို တွေ့ရှိလာရသည့် အခြေအနေများ။

ဆူပူဆန္ဒပြမှု၊ မင်းမဲ့စရိုက်လှုပ်ရှားမှု၊ အကြမ်းဖက်မှုများ ဆောင်ရွက်နေသည့် NLD နှင့် NLD ထောက်ခံသူများသည် ဖောက်ခွဲဖျက်ဆီးမှု၊ မီးရှို့မှုများကို ပိုမိုလုပ်ဆောင်လာသည်ကိုတွေ့ရပြီး ယင်းသို့ လုပ်ဆောင်နေခြင်းသည် တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထုအများစုမှ ၎င်းတို့၏ အဓိပ္ပာယ်မဲ့ ဆူပူဆန္ဒပြမှု၊ အကြမ်းဖက်မှု၊ မင်းမဲ့စရိုက်ဆန်ဆန် လှုပ်ရှားမှုများကိုထောက်ခံမှု မရှိခြင်းကြောင့်ပင်ဖြစ်သည့် အခြေအနေများ၊ အကြမ်းဖက်ဆန္ဒပြမှု၊ လမ်းပိတ်ဆို့ ဆန္ဒပြမှု၊ မီးရှို့မှု၊ ဒလန်စွပ်စွဲသတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အမှိုက်သပိတ်ကဲ့သို့ အဓိပ္ပာယ်မဲ့ဆောင်ရွက်ချက်များသည် ပြည်သူလူထုအများစု၏ နေ့စဉ်လူမှုစီးပွားဘဝကို ကြီးမားစွာထိခိုက်စေပြီး ယင်းဆန္ဒပြသူများ လျော့နည်းသွားသည့်အခါတွင် အကြမ်းဖက်လုပ်ရပ်များကို ဦးစားပေးလုပ်ကိုင်လာသည်ကို တွေ့ရှိရသည့် အခြေအနေများ၊ ဧပြီ ၆ ရက်နှင့် ၇ ရက် နှစ်ရက်တည်း၌ပင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မိုင်းခွဲတိုက်ခိုက်မှု ၆ ကြိမ်၊ ရပ်ကွက်ရုံးများကို မီးရှို့တိုက်ခိုက်မှု ၅ ကြိမ်ရှိခဲ့ပြီး ယင်းသို့တိုက်ခိုက်မှုများကို NLD ပါတီဝင်များ၊ NLD ကိုထောက်ခံသူ အကြမ်းဖက်အစွန်းရောက်များက ဦးဆောင်ပြုလုပ်နေသည့် အခြေအနေများ၊ ထိုကဲ့သို့ တိုင်းဖျက်၊ ပြည်ဖျက်၊ ပြည်သူလူထု၏ နေ့စဉ်လူနေမှုဘဝကို ပျက်အောင် လုပ်ဆောင်နေမှုများကို ဆက်လက်လုပ်ဆောင်ရန် တွန်းအားပေးလှုံ့ဆော်သူများရှိနေသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝလုံခြုံရေး၊ မိမိရပ်ကွက်၊ မြို့ရွာလုံခြုံမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုသည့် အခြေအနေများနှင့် ဆူပူအကြမ်းဖက်သူများသည် သာမန်လူငယ်များကို မြှောက်ပင့်ကာ သွေးထိုးလှုံ့ဆော်ပေးပြီး လမ်းမှားရောက်အောင် တွန်းပို့လျက်ရှိနေသည့် အခြေအနေများ။

**တပ်မတော်နေ့ကို အောင်မြင်စွာကျင်းပ**

ဆက်လက်ပြီး တပ်မတော်၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားရာတွင် (၇၆) နှစ်မြောက် တပ်မတော်နေ့ကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သည့် အခြေအနေများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတို့တွင် လူသားချင်းစာနာမှု မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၆ ရက်အထိ ဘိန်းဖြူ ၁၉၈ ကီလိုကျော်၊ စိတ်ကြွဆေးပြား ၅၉၈ သိန်းကျော်၊ အိုက်စ် ၁၁၈၉ ကီလိုကျော်အပါအဝင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၀၂ ဘီလီယံကျော်ဖမ်းဆီးနိုင်ခဲ့သည့် အခြေအနေများ၊ စစ်နည်းဗျူဟာအဆင့် ဝေဟင်ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်း (နှစ်ဖက်တပ်ပါ) လေ့ကျင့်ခန်းကို ဧပြီ ၄ ရက်မှ ၁၁ ရက်အထိ ဘင်္ဂလားပင်လယ်အော်တွင် ပြုလုပ်လျက်ရှိသည့် အခြေအနေများ၊ ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဉာဏ်တော်အမြင့် ၆၃ ပေ စုစုပေါင်း ၈၁ ပေ အမြင့်ရှိမည့် ဘူမိဖဿထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တွင် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ။

မီဒီယာများ၏ သတင်းမှားဖော်ပြချက်များ၊ သွေးထိုးလှုံ့ဆော်မှုများအနေဖြင့် အမေရိကန်စင်တာ ပစ်ခတ်ခံရမှုနှင့်ပတ်သက်၍ အချို့မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သည်ဟု ချက်ချင်းသတင်းလိမ်လည် ထုတ်လွှင့်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်စင်တာကို ပစ်ခတ်ခဲ့သည့် အေးသော်ကောင်းကို မတ်လ ၃၀ ရက်တွင် ဖမ်းဆီးရမိခဲ့သည့်အခြေအနေများ၊ အချို့ Media များသည် လက်နက်ကိုင်သောင်းကျန်းမှုများ ဖြစ်လာအောင် သွေးထိုးလှုံ့ဆော်မှုများ၊ ပြည်တွင်းစစ်ဖြစ်လာနိုင်သည်ဆိုသည့် နှပ်ကြောင်းပေးမှုများကို တွေ့ရှိနေရပြီး ယင်းသို့ လုပ်ဆောင်နေမှုများသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အန္တရာယ်များသည့် ကိစ္စဖြစ်ကာ လူငယ်၊ လူရွယ်များကို လမ်းမှားရောက်အောင် တွန်းပို့နေခြင်းဖြစ်သည့်အခြေအနေများ၊ ထို့ကြောင့် လက်ရှိဖြစ်ပွားနေဆဲဖြစ်သည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့် ပူးပေါင်းနှိမ်နင်းသွားမည်ဖြစ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုသည့် အခြေအနေများ။



သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်နက်ကိရိယာများအား သတင်းမီဒီယာများက ကြည့်ရှုလေ့လာစဉ်။

**“ အချို့ Media များသည် လက်နက်ကိုင်သောင်းကျန်းမှုတွေဖြစ်လာအောင် သွေးထိုးလှုံ့ဆော်မှုများ၊ ပြည်တွင်းစစ်ဖြစ်လာနိုင်သည်ဆိုသည့် နှပ်ကြောင်းပေးမှုများကို တွေ့ရှိနေရပြီး ယင်းသို့ လုပ်ဆောင်နေမှုများသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အန္တရာယ်များသည့် ကိစ္စဖြစ်ကာ လူငယ်၊ လူရွယ်များကို လမ်းမှားရောက်အောင် တွန်းပို့နေခြင်းဖြစ်”**

**စုံစမ်းဖော်ထုတ်လျက်ရှိ**

နိုင်ငံတော်အဆင့် လာဘ်ပေး၊ လာဘ်ယူမှု၊ မသမာမှုများကို စုံစမ်းဖော်ထုတ်လျက်ရှိရာတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် ဝန်ကြီးချုပ်ရာထူးနှင့် လုပ်ပိုင်ခွင့်ကိုအကြောင်းပြုပြီး စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကြေးများရယူသုံးစွဲခဲ့ပြီး နိုင်ငံတော်၏ ငွေကြေးပိုင်ဆိုင်မှုကို ထိခိုက်နစ်နာဆုံးရှုံးခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ပုဒ်မ-၅၅ အရ အမှုဖွင့်ထားသည့် အခြေအနေများ၊ အလားတူ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါ်နန်းခင်ထွေးမြင့်နှင့် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဟောင်း ဦးသန်းနိုင်တို့သည် ဘားအံမြို့၊ ကမ်းနားလမ်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်း စီမံကိန်းနှင့်စပ်လျဉ်းပြီး နိုင်ငံတော်ဘဏ္ဍာငွေကျပ်သန်း ၅၃၇၀ ကျော်ကို နစ်နာစေခဲ့မှု၊ ၂၀၁၈ ခုနှစ်၊ မေ ၁၄ ရက်မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်အထိ ကာလအတွင်း ဒေသဖွံ့ဖြိုးရေးအကြောင်းပြပြီး စီးပွားရေးလုပ်ငန်း အသီးသီးမှ ကောက်ခံခဲ့သည့် ရန်ပုံငွေများအား နိုင်ငံတော်ဘဏ္ဍာစာရင်းသို့ ပေးသွင်းရမည်ဖြစ်သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပုဂ္ဂလိကဘဏ်များတွင် သီးခြားငွေစာရင်းများဖွင့်ကာ ငွေကျပ်သန်း ၉၆၉၇ ကျော်ကို လက်ခံရယူခဲ့ခြင်း၊ နိုင်ငံတော်ဘဏ္ဍာငွေနှင့် သက်ဆိုင်သည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို စုစုပေါင်း ငွေကျပ်သိန်း ၇၄၂၅ ကို ပုဂ္ဂိုလ် ၁၉ ဦးသို့ ထုတ်ချေးခဲ့ပြီး ပြန်လည်ပေးဆပ်မှုမရှိသည့်အတွက် နိုင်ငံ့ဘဏ္ဍာဆုံးရှုံးခြင်း၊ အဆင့်မြင့်ဈေးဝယ်စင်တာ တည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်းပြီး လုပ်ငန်းတင်ဒါအောင်မြင်သည့် ကုမ္ပဏီထံမှ ငွေကျပ်သိန်း ၅၀၀၀ ကို ကြိုတင်လက်ခံရယူခဲ့ပြီး နိုင်ငံတော်ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းမှုမရှိခြင်း၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း ဆေးကုရာတွင် ပြည်နယ်ရန်ပုံငွေ ၁၆ ဒသမ ၅ သိန်းကို ရယူသုံးစွဲခြင်း၊ ဦးသန်းနိုင်သည် ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း ထိုင်းနိုင်ငံ၌ ဆေးကုသစဉ် လုပ်ငန်းရှင်တစ်ဦးထံမှ အမေရိကန်ဒေါ်လာ ၁ သောင်း ရယူခဲ့ခြင်း၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ မဲဆွယ်စည်းရုံးရေးကာလ၌ ကျေးရွာများသို့ မဲဆွယ်ခရီးသွားစဉ် ကုန်ကျစရိတ် သိန်း ၅၀ ကို လုပ်ငန်းရှင်တစ်ဦးထံမှ ရယူခဲ့ခြင်းတို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ- ၅၅ အရ အမှုဖွင့်လှစ်ထားရှိသည့် အခြေအနေများနှင့် ဒေါ်နန်းခင်ထွေးမြင့်အနေဖြင့် ငွေကျပ်သန်း ၁၆၃၂၀ ကို အလွဲသုံးစားလုပ်ခဲ့သည်ကို တွေ့ရှိရသည့် အခြေအနေများ။

**သတိရှိကြရန် လိုအပ်**

ဆန္ဒပြမှုများကို သုံးသပ်ကြည့်ပါက NLD ကို ထောက်ခံပြီး ရိုးရိုးသားသားမဲပေးသူများနှင့် NLD အစွန်းရောက်နှင့် အစွန်းရောက်ပါတီဝင်များဟူ၍ နှစ်မျိုးနှစ်စားရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး ဒုတိယအမျိုးအစားတွင် ပါဝင်သူများသည် မဲလိမ်မဲခိုးမှုများတွင် ထဲထဲဝင်ဝင် ပတ်သက်ဦးဆောင်ခဲ့သည့် အခြေအနေများ၊ လက်ရှိ အကြမ်းဖက်လက်နက်ကိုင်ဆန္ဒပြမှုများတွင် ဒုတိယအုပ်စုများသည် ထဲထဲဝင်ဝင်ပတ်သက်နေပြီး ရွေးကောက်ပွဲကော်မရှင်က မဲလိမ်မဲခိုးမှုများကို ဖော်ထုတ်ပြီး အရေးယူခံရမည်ကို ကြောက်ရွံ့ခြင်း၊ ၎င်းတို့၏ မသမာမှုများကို ပြည်သူများ သိရှိမည်ကို စိုးရွံ့ခြင်းတို့အတွက် အကြမ်းဖက်လုပ်ရပ်များကို မျက်လုံးစုံမှိတ်လုပ်ဆောင်နေခြင်းဖြစ်ပြီး ၁၉၅၆ ခုနှစ် ဟယ်ရီတန်အရေးအခင်းကဲ့သို့ ဖြစ်သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိသူ ၃၉ သန်းကျော်ရှိပြီး မဲမသမာမှု ၁၀ ဒသမ ၄ သန်းရှိခဲ့ကာ မဲမပေးမီ ကြိုတင်အခင်းအကျင်းများကတည်းက မတရားမှုများ ရှိခဲ့သည့်အခြေအနေများ၊ နိုင်ငံ့ကံကြမ္မာ၊ ပြည်သူလူထုကံကြမ္မာကိုဆောင်ရွက်မည့် အစိုးရ၊ လွှတ်တော်အဖွဲ့အစည်းသည် “ ဟယ်ရီတန်ကြောင့် စာမေးပွဲအောင်သလို ” လုပ်လို့မရဘဲ မဲလိမ်၊ မဲခိုး၊ မဲမသမာခြင်းသည် ဒီမိုကရေစီစနစ်၊ ပြည်သူ့ဆန္ဒကို ပြက်ရယ်ပြုခြင်း၊ ဖျက်ဆီးခြင်းပင်ဖြစ်သည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် ဒီမိုကရေစီရှင်သန်စေရေး ဆောင်ရွက်နေခြင်းပင်ဖြစ်ပြီး မသမာသူများ၏ သွေးထိုးလှုံ့ဆော်မှုများကို မိဘပြည်သူများအနေဖြင့် သတိရှိကြရန် လိုအပ်မည်ဖြစ်သည့် အခြေအနေများကို Powerpoint Presentation များ၊ Video Clip များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လုပ်ဆောင်လျက်ရှိသည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကျင်းပပြီးစီးသည့်ကာလများတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုအခြေအနေများနှင့် ပတ်သက်၍ သက်သေအထောက်အထားများဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင် ဦးခင်မောင်ဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေး အဖွဲ့ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

**ခင်းကျင်းပြသ**

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာအချက်အလက်များ၊ လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ၊ မဲစာရင်းလက်တွေ့စစ်ဆေးချက်များနှင့် သိရှိနိုင်ရန်လိုအပ်သည့် တွေ့ရှိချက်အထောက်အထားများ၊ သိမ်းဆည်းရမိသည့် ဆူပူအကြမ်းဖက်လှုပ်ရှားမှုများတွင် အသုံးပြုလာသော ဒေသန္တရလုပ် လက်နက်၊ ကိရိယာပစ္စည်းများ စသည်တို့ကို ခင်းကျင်းပြသထားရှိရာ သတင်းစာရှင်းလင်းပွဲတက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များလာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက် ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။


၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ထွက်ပြေးတိမ်းရှောင်နေသည့် Open Society Myanmar ရုံးအဖွဲ့ဝင်များအား ဖမ်းဆီးနိုင်ရေး သတင်းထုတ်ပြန်ချက်

Open Society Myanmar မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ မျိုးမြင့်အောင်သည် ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် (SMED Bank)မှ အမေရိကန်ဒေါ်လာ ၁.၄၂ သန်းနှင့်ညီမျှသည့် ငွေကျပ်သိန်းပေါင်း ၁၉၉၉၉ သိန်းအား ထုတ်ယူကာ ဝန်ထမ်းလစာများ ထုတ်ပေးပြီးနောက် လက်ကျန်ငွေ ကျပ်သိန်းပေါင်း ၁၃၉၉၉ သိန်းနှင့်အတူ ထွက်ပြေးတိမ်းရှောင်နေသကဲ့သို့ ၎င်းအပါအဝင် ရုံးအဖွဲ့ဝင် ၁၁ ဦးသည်လည်း ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၁၉၂)၊ (၁၀)လွှာတိုက်ခန်းရှိ Open Society Myanmar ရုံးကို ဝင်ရောက်ရှာဖွေစစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်ပါ၍ Open Society Myanmar မှ ဒေါက်တာ မျိုးမြင့်အောင် အပါအဝင် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော အောက်ပါတရားခံ ၁၁ ဦးအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာ နယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးနိုင်ပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | တာဝန် | နေရပ်လိပ်စာ | ဓာတ်ပုံ |
|---|---|---|---|---|
| ၁ | ဦးစစ်နိုင် | ဥက္ကဋ္ဌ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |  |
| ၂ | ဒေါ်မြင့်စု | ဒုတိယ ဥက္ကဋ္ဌ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |  |
| ၃ | ဒေါက်တာ မျိုးမြင့်အောင် | Executive Director | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |  |
| ၄ | ဦးစောဝါးထူးဘစိုင်း | Program Manager | ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ |  |
| ၅ | ဒေါ်မေမိုးခိုင် | Program Officer | စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |  |
| ၆ | ဦးအောင်အောင်လှိုင် | Program Officer | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |  |
| ၇ | ဒေါ်ခေါင်နန်း | Program Officer | တနိုင်းမြို့၊ ဖားကန့်မြို့နယ်။ |  |
| ၈ | ဦးဝင်းကျော်ကျော်ဦး | Admin & HR Officer | သာကေတမြို့နယ်၊ ရန်ကုန်မြို့။ |  |
| ၉ | ဦးမျိုးကြည်သစ် | IT Assistant | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |  |
| ၁၀ | ဒေါ်စုစုအောင် | Program Admin Specialist | ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |  |
| ၁၁ | ဒေါ်ဇာခြည်ဝင်းထွန်း | Accountant | လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |  |

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်လုပ်ရပ်များအတိုင်း လုပ်ဆောင်

**နေပြည်တော် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးကို ယနေ့နံနက် ၁ နာရီ ၄၀ မိနစ်ခန့်တွင် လည်းကောင်း၊ အင်းစိန်မြို့နယ် ဗဟိုလမ်းရှိ ကြို့ကုန်းအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကို ယနေ့နံနက် ၄ နာရီ ၃၂ မိနစ်ခန့်တွင် လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးကို ယနေ့နံနက် ၂ နာရီ မိနစ် ၅၀ ခန့်တွင် လည်းကောင်း ဆူပူအကြမ်းဖက်သူများက မီးပုလင်းများ၊ မီးကွင်းများဖြင့် ပစ်ပေါက်ခြင်း၊ ရုံးများအတွင်းသို့ ဝင်ရောက်မီးရှို့ခြင်းတို့ကြောင့် မီးလောင်မှုများဖြစ်ပွားခဲ့ရာ အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့သည်။

အထက်ပါမီးလောင်မှုများကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ရုံးများအတွင်းရှိ ပရိဘောဂများ၊ မျက်နှာကြက်များနှင့် စာရွက်စာတမ်းအချို့ မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် ဖြစ်စဉ်ကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၁၆)ရှိ မြို့မရဲစခန်းကို ဧပြီ ၈ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် လည်းကောင်း၊ ည ၇ နာရီ ၅၅ မိနစ်ခန့်တွင် ရပ်ကွက်(၃) နယ်မြေ (၁၆) ရွှေလဝန်းစာရေးကိရိယာဆိုင်အနီး၌ လည်းကောင်း၊ ည ၈ နာရီခန့်တွင် ရပ်ကွက်(၄) နယ်မြေ(၄) ယာဉ်ထိန်းရဲကင်းရုံအနီး၌ လည်းကောင်း ဆူပူအကြမ်းဖက်သူလူတစ်စုက လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့ပြီး အဆိုပါပစ်ခတ်မှုများကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၉ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မန္တလေး-ပြင်ဦးလွင် ကားလမ်း ၁၄/၄ မိုင် အုန်းချောကျေးရွာအနီး ဒေါ်ခင်လှ ပိုင်ဆိုင်သောခြံအတွင်း၌ မျိုးမင်းစိုး(ဘ) ဦးအေးကိုသည် တံမြက်စည်းလှည်းနေစဉ် အမည်းရောင် ပလတ်စတစ်အိတ်ကို တိပ်အကြည်ဖြင့်ပတ်ထားသည်ကို တွေ့ရှိရသဖြင့် ကိုင်ကြည့်ခဲ့ရာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ၎င်းတွင် ဝဲလက်ဖျံ ပုလင်းကွဲရှ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဘီယာပုလင်း သုံးလုံးအတွင်း အမိုနီယံနိုက်ထရိတ်များ ထည့်ထားသည့် ဒေသန္တရလက်လုပ်ပုလင်းမိုင်းများဖြစ်ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သူများနှင့် ပါဝင်ပတ်သက်သူများကို တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်နှင့် ၈ ရက်တို့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၉)လမ်းထိပ်၌ ဆူပူအကြမ်းဖက်သူ စိုးထက်အောင် (ဘ)ဦးထိန်ဝမ်း၊ ကျော်စိုးဟိန်း (ဘ) ဦးထိန်ဝမ်း၊ နေလင်းထက် (ဘ) ဦးထိန်ဝမ်း၊ မခိုင်ဝေနှင်း (ဘ) ထိန်ဝမ်းနှင့် (၃)ရပ်ကွက်၊ (၃)လမ်းထိပ် The Busmar Tea House ဆိုင်အတွင်းမှ သက်လွင် (ဘ) ဦးသိန်းမောင်၊ ထွန်းမြတ်စိုး (ဘ) ဦးတင်ရွှေ၊ ဇေယျာမင်း (ဘ) ဦးတင်ရှိန်တို့ကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ (၂)လမ်း၊ အမှတ်(၂၄၀)နေအိမ်၌ မြတ်သီရိဟန်(ဘ)ဦးမြင့်ဟန်၊ နှင်းအိန္ဒြာလွင်(ဘ)ဦးမြင့်ဟန်၊ ငွေဇင်မိုး (ဘ) ဦးဇော်မိုး၊ မြတ်သဇင်ထက်နိုင်(ဘ)ဦးသိန်းနိုင်တို့ လေးဦးကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း။



သဃ်န်းကျွန်းမြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့်အတူ ဖမ်းဆီးရမိသူများကို တွေ့ရစဉ်။

### အသုံးပြုပစ္စည်းများ ဖမ်းဆီးရမိ

သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်းရှိ အိမ်အမှတ်(၅၃၀)၌ ဆူပူအကြမ်းဖက်သူ မျိုးမင်းလှိုင်အား လည်းကောင်း၊ ဇ/ တောင်ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ တိုက်(၀၀၅)၊ အခန်း (၁)၌ အာကာစိုးသွင် (ဘ) ဦးစိုးသွင်၊ ဝေယံစိုးသွင် (ဘ)ဦးစိုးသွင်၊ ထက်လင်းကို (ဘ)ဦးကျင်သန်းနှင့် နွယ်နီထွန်း(ဘ) ဦးအောင်ဌေးတို့ လေးဦးကို ဒူးလေး တစ်လက်၊ လက်လုပ်ဗုံး သုံးလုံး၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ပုသိမ်မြို့၊ ကင်မလင်းကျွန်းလမ်း၊ ချင်းမအဆောင်နေ ချစ်ခင်သူ(ခ)ဖိုးကစ်(ဘ) ဦးကြည်ဝင်း၊ အမှတ်(၁၃)ရပ်ကွက်၊ ခေတ္တာ(၁)လမ်းရှိ J-72 အဆောင်နေ မျိုးမင်းထက်၊ ပိုင်သူဟိန်းနှင့် ငုဝါ(၃)လမ်းရှိ J-72 အဆောင်နေ သဲမာတို့ လေးဦးကို လက်လုပ်သေနတ် တစ်လက်၊ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ မြိတ်မြို့၊ အလယ်ကျွန်းရပ်ကွက်၊ ဘုရားကိုင်လမ်းမကြီးရှိ အိမ်အမှတ်(၂၇၀)တွင် ဖွင့်လှစ်ထားသော ငုဝါကွန်ပျူတာဆိုင်အတွင်းမှ ပိုင်ရှင်ဖြစ်သူ ဦးနိုင်နိုင်ဦးနှင့် ဒေါ်ငုဝါဇင်တို့ နှစ်ဦးကို CDM လှုပ်ရှားမှုနှင့် ပတ်သက်သည့် ဆက်စပ်ပစ္စည်းများ၊ CRPH အဖွဲ့နှင့် ဆက်သွယ်ထားသည့် အထောက်အထားများ၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ကော့သောင်းမြို့၊ အေးမြကန်သာရပ်ကွက်၊ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ မီးပုလင်း ၂၂ လုံး၊ အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၀)ရပ်ကွက်၊ ၆၇ လမ်း၊ ၁၁၇ လမ်းနှင့် ၁၁၈ လမ်းရှိနေအိမ်အတွင်းမှ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် လားရှိုးမြို့၊ နားဖကျေးရွာအနီးရှိ စိန်ဝတ်မှုံရော်ဘာခြံအတွင်းရှိ ဦးအောင်မိုး (ဘ) ဦးထွန်းတင်ကို ၎င်းနေထိုင်သည့် တဲအတွင်းမှ လက်လုပ်သေနတ် သုံးလက်၊ ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ ဒိုင်းဝန်ကွင်းလမ်းရှိ ပြည့်စုံ(ခ)အောင်နိုင် (ဘ) ဦးထွန်းမောင် နေအိမ်၌ မင်းဇာနည်ထွန်း(ဘ) ဦးစံထွန်းကို မီးပုလင်း ၂၅ လုံး၊ လက်လုပ်မိုင်း သုံးလုံး၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်းနှင့် ကွင်းကျောင်းလမ်းအမှိုက်ပုံ၌ လက်လုပ်မိုင်း ငါးလုံးအား လည်းကောင်း၊ တွံတေးမြို့နယ်၊ တမံကြီးကျေးရွာအုပ်စု၊ တံခွန်တိုင်ကျေးရွာနေ ဦးကျင်စိုး(ဘ)ဦးအောင်ရှိန်နှင့် ငါးခုမ္ဘစမ်းကျေးရွာနေ စိုးယုနိုင် (ဘ) ဦးရွှေလဝင်းတို့ နှစ်ဦးကို လက်လုပ်သေနတ် တစ်လက်၊ ခဲအချောင်း ၂၀ နှင့် လည်းကောင်း၊ တံခွန်တိုင်ကျေးရွာနေ စည်သူလွင်(ဘ) ဦးဝင်းနိုင်ကို ၎င်း၏နေအိမ်၌ လက်လုပ်သေနတ် တစ်လက်ဖြင့် လည်းကောင်း၊ မော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာနေ အေးနိုင် (ဘ)ဦးယင်ထွေး၏နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် ပစ္စည်းများအားလည်းကောင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်နေ ထွန်းထွန်းနိုင်(ဘ) ဦးထွန်းဆိုင်ကို ၎င်း၏ နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့် လည်းကောင်း၊ ဒဂုံအရှေ့မြို့နယ်၊ (၁၃၃) ရပ်ကွက်၊ First Fortune သံထည်စက်ရုံဘေးရေမြောင်းအတွင်းမှ ဒူးလေးမျိုးစုံ ၈၁ လက်၊ အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ တာမွေမြို့နယ်၊ ကျားကွက်သစ်လမ်းနှင့် သတိပဋ္ဌာန်လမ်းထောင့်၌ သက်ထက်စိုး(ဘ)ဦးသက်အပါအဝင် အမျိုးသား သုံးဦးကို လက်လုပ်ဗုံး တစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်ရှိ မိတ်ကပ်နှင့်အလှဖန်တီးရှင် မေဦး၏ နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများအား လည်းကောင်း၊ ကန့်ဘလူမြို့နယ်၊ ကျောက်တိုင်ကျေးရွာရှိ ကျော်ဝင်းနိုင်(ဘ) ဦးခေတ်ကြည်ကို ၎င်းနေအိမ်၌ လက်လုပ်သေနတ် တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၉)၊ ခါတော်မီကွက်သစ်နေ ကျော် မင်းလတ်(ဘ)ဦးမောင်ညိုကို ၎င်း၏နေအိမ်၌ လေသေနတ် တစ်လက်နှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

### သတင်းဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်

အထက်ပါ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးမြို့ပေါ်ရပ်ကွက်များအတွင်း ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားစဉ် ဆူပူအကြမ်းဖက်သူများက ရန်ပြုတိုက်ခိုက်

**နေပြည်တော် မေ ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ပေါ်ရပ်ကွက်များအတွင်း ဆူပူအကြမ်းဖက်အဖွဲ့များအနေဖြင့် လမ်းများ၊ လမ်းသွယ်များ၊ လမ်းကြားများတွင် သဲအိတ်များ၊ တာယာကွင်းများ၊ သံပေါင်အတားအဆီးများကို လွန်ခဲ့သော ရက်ပိုင်းမှစတင်၍ အခိုင်အမာပြုလုပ်ပြီး အတားအဆီးများအနီးရှိ ပြည်သူလူထုများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ အကြောက်တရားဖြင့် ဖိအားပေးပြီး ညအချိန်အခါများတွင် ကင်းစောင့်သည်ဟု အကြောင်းပြကာ အရက်သေစာသောက်စားမူးယစ်ခြင်း၊ မူးယစ်ဆေးဝါး အသုံးပြုပြီး ဆူပူအော်ဟစ်ခြင်းများကြောင့် အေးချမ်းစွာနေထိုင်လိုသူပြည်သူလူထုအနေဖြင့် အလွန်အမင်း စိတ်မချမ်းမြေ့ခြင်း၊ မီးဘေးအန္တရာယ်များကို အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းများကို ခံစားနေရခြင်းကြောင့် ယခုကဲ့သို့ အဖျက်အမှောင့် ဆောင်ရွက်နေမှုများကို အမြန်ဆုံး ရှင်းလင်းဖယ်ရှားဆောင်ရွက်ပေးပါရန် အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်သို့ တယ်လီဖုန်း၊ စာများဖြင့် တင်ပြလာခဲ့သည်။

ထိုသို့ တင်ပြလာမှုများနှင့်အညီ မေ ၉ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးမြို့ပေါ် ရပ်ကွက်များအတွင်း ဆူပူအကြမ်းဖက်သူများက အများပြည်သူသွားလမ်းမ၊ လမ်းသွယ်များပေါ်တွင် ပြုလုပ်ထားရှိသော အတားအဆီးများအား လိုက်လံရှင်းလင်းဖယ်ရှားနေစဉ် နံနက် ၅ နာရီခန့်တွင် ရှင်စောပုရပ်ကွက်၊ မဂ္ဂတစ်လမ်းနှင့် ဆိုရှယ်လစ်(၁)လမ်းထောင့်ရှိ အတားအဆီးကို ဖယ်ရှားနေစဉ် ဆူပူအကြမ်းဖက်သူ အင်အား ၃၀ ခန့်က လက်လုပ်သေနတ်၊ လေးခွ၊ ဂျင်ကလိ၊ လက်ပစ်ဗုံးတို့ဖြင့် ပစ်ပေါက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၇ နာရီတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူများ ပစ်ပေါက်ခဲ့သည့် လက်ပစ်ဗုံး အမျိုးအစား (စိစစ်ဆဲ) နှစ်လုံးမှာ ပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၈ နာရီခန့်တွင် နန်းတော်ရာရပ်ကွက်၊ ဆံတော်တွင်း လမ်းမပေါ်ရှိ အတားအဆီးများကို ရှင်းလင်းဖယ်ရှားနေစဉ် ဆူပူအကြမ်းဖက်သူအင်အား ၈၀ ခန့်က လက်လုပ်သေနတ်၊ လေးခွ၊ ဂျင်ကလိများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၈ နာရီ မိနစ် ၂၀ တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူများက လက်လုပ်သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးတွင် ခဲသီးဖောက်ဝင်ဒဏ်ရာများ ရရှိခဲ့သည်။

အလားတူ နံနက် ၁၀ နာရီတွင် အတားအဆီးများကို ရှင်းလင်းစဉ် နန်းတော်ရာ ရပ်ကွက်၊ စက်ပိုင်း ၄ လမ်းရှိ "ခင်"အလှပြင်ဆိုင်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများ၊ ဂျင်ကလိများ၊ လေးကိုင်း၊ မြားတံများ၊ လက်လုပ်ဒိုင်းများနှင့် အခြားဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းဆိုင်အနီးရှိ အတားအဆီးကို ရှင်းလင်းစဉ် သဲအိတ်များအောက်တွင် လက်လုပ်မိုင်း နှစ်လုံးအား ဝိုင်ယာကြိုးဖြင့် တွဲဆက်၍ထောင်ထားသည်ကိုတွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်မဲ့ပြုလုပ် ဖယ်ရှားရှင်းလင်းခဲ့ရသည်။

အလားတူ နံနက် ၉ နာရီခွဲတွင် ပုဏ္ဏားစုရပ်ကွက်၊ မော်ကန် ၁၅ လမ်းထိပ်တွင် အတားအဆီးများကို ဆက်လက်ရှင်းလင်းနေစဉ် ဆူပူအကြမ်းဖက်သူအင်အား ၅၀ ခန့်က လက်လုပ်သေနတ်၊ မီးပုလင်း၊ လေးခွ၊ ဂျင်ကလိများဖြင့် အကြမ်းဖက်ရန်ပြု ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့သည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက အတားအဆီးများကို ဆက်လက်ရှင်းလင်းခဲ့ရာ နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် နန်းတော်ရာရပ်ကွက်၊ ဆံတော်တွင်းလမ်းမအရှေ့ ဓာတ်မီးတိုင်တစ်တိုင်အနီး သံပိုက်လုံးဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်မဲ့ပြုလုပ် ဖယ်ရှားရှင်းလင်းခဲ့ရသည်။

ဖော်ပြပါ အတားအဆီးများကို ဖယ်ရှားရှင်းလင်းရာတွင် အခိုင်အမာပြု လုပ်ထားမှုများကြောင့် လူအင်အားဖြင့် ဖယ်ရှားရှင်းလင်းခြင်းအပြင် ယာဉ်ကြီး/ ယန္တရားများ အသုံးပြုဖယ်ရှား ရှင်းလင်းခဲ့ရသည်။

ဆူပူအကြမ်းဖက်အဖွဲ့အနေဖြင့် လက်ပစ်ဗုံးအစစ်အမှန်များကို အသုံးပြုခဲ့ကြသည်ကို မပေါက်ကွဲသေးသည့် လက်ပစ်ဗုံးအစစ်အမှန် အထောက်အထားများနှင့် ကျည်ခွံများအရ လက်နက်ငယ်ကျည်စစ်ကျည်မှန်များ အသုံးပြုခဲ့သည့် အထောက်အထားများကို တွေ့ရှိရသည်။ ဆူပူအကြမ်းဖက်အဖွဲ့၏ ကျည်စစ်ကျည်မှန် အသုံးပြုတန်ပြန်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆူပူအကြမ်းဖက်အဖွဲ့မှ အမျိုးသား တစ်ဦးမှာ သေဆုံးကာ အမျိုးသား နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဆူပူအကြမ်းဖက်အဖွဲ့ထံမှ လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံး (အစစ်များ)၊ ဂျင်ကလိများ၊ ဓာတ်ဆီပုလင်းများ၊ ဒိုင်းများ၊ လောက်လွှဲစင်များနှင့် ဆက်စပ်ပစ္စည်း အများအပြား သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ စမတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ လယ်ဝေးမြို့နယ် စမတောင် ပရဟိတဂေဟာသို့ ၂၀၂၀-၂၀၂၁ ခု ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် စမတောင်ပရဟိတဂေဟာ၌ ကျင်းပသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် တာဝန်ရှိသူများက စမတောင် ပရဟိတဂေဟာ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒအား ဖူးမြော်ကန်တော့ပြီး ဆရာတော်အားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် စမတောင်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒ၏ ဩဝါဒခံယူကြသည်။

### ထောက်ပံ့ကြေးပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးရှိ ကာကွယ်စောင့်ရှောက်ရမည့် အုပ်စုများဖြစ်သည့် ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို၊ မသန်စွမ်းများအတွက် လူမှုကာကွယ် စောင့်ရှောက်ရေးမူဝါဒများချမှတ်ပြီး စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအနေဖြင့် ယခုကဲ့သို့ စေတနာ့ဝန်ထမ်းလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ ဖွင့်လှစ်ထားရှိသော လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများကို တည်ထောင်ခွင့်ပြုမိန့်များ ပေးအပ်ခြင်း၊ စောင့်ရှောက်ထားရှိသည့် လူဦးရေအပေါ်မူတည်၍ ဆန်၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာများ ပေးအပ်ခြင်းတို့ကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထောက်ပံ့ပေးအပ်လျက်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို ထောက်ပံ့ကြေးများ ပေးအပ်ရခြင်းမှာ နိုင်ငံတော်ကိုယ်စား ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ပေးသည့် အတွက်ကြောင့်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများကို ထောက်ပံ့ကြေးများ ပေးအပ်ခြင်းအပြင် နည်းစနစ်မှန်ကန်စွာဖြင့် လုပ်ငန်းများလည်ပတ်နိုင်စေရေးအတွက် နည်းပညာအကူအညီများလည်း ပေးအပ်လျက်ရှိပါကြောင်း၊ ကလေးသူငယ်များသည် နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သည့် ရတနာများဖြစ်ပြီး အနာဂတ် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုသွားကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သောကြောင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ကလေးသူငယ်များအားလုံး ဖွံ့ဖြိုးတိုးတက်မှုများ ဟန်ချက်ညီစွာဖြင့် ကျန်းမာပျော်ရွှင် တက်ကြွသော လူမှုဘဝအသီးသီးကို ရရှိခံစားနိုင်စေရေးမှာ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ တာဝန်များ ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် တိုးတက်လာသည့် နိုင်ငံ၏လူဦးရေနှင့် ပိုမိုများပြား ရှုပ်ထွေးလာသည့် လူမှုရေးပြဿနာများကြောင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများမှာ ယခင်ကထက် ပိုမိုပြီး ဆောင်ရွက်ပံ့ပိုးပေးရန် လိုအပ်လျက်ရှိပြီး မလိုလားအပ်သော လူမှုရေးပြဿနာများ၊ အခက်အခဲများကြောင့် ကလေးသူငယ်များမှာ သင်တန်းကျောင်း၊ ဂေဟာများ၌နေထိုင်ရမှု တိုးတက်လျက်ရှိပြီး ယင်းစိန်ခေါ်မှုများကို စနစ်တကျ ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာ ဆက်စပ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ ပါဝင်ပြီး ဖြေရှင်းဆောင်ရွက်နိုင်ရန် ချက်ချင်းချဉ်းကပ် ဆောင်ရွက်ခြင်းနှင့် အချိန်ယူ ချဉ်းကပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ပရဟိတဂေဟာများရှိ ပြုစုစောင့်ရှောက်ထားရှိသော ကလေးသူငယ်များအပါအဝင် တစ်နိုင်ငံလုံးရှိ ကလေးသူငယ်များအားလုံး ဖွံ့ဖြိုးတိုးတက်မှုများ ပုံမှန်ရရှိ၍ မြန်မာ့လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်၏ အသီးအပွင့်များကို ရရှိခံစားနိုင်ကြပါစေရန် ဆုတောင်းမေတ္တာများ ပို့သအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး စမတောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ဂေဟာမှူးက ဂေဟာ၏လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ထောက်ပံ့ကြေးများကို ဂေဟာမှူးထံသို့ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ထောက်ပံ့ကြေးများပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များက ဂေဟာအတွင်းရှိ ကလေးများ စားရိပ်သာနှင့်ချက်ပြုတ်ရန်အတွက် ပြင်ဆင်ထားရှိမှု ၊ ဂေဟာအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ တည်ထောင်ခွင့်ပြုမိန့်ရ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းရှိ ကလေးများ သင်ကြားလေ့ကျင့်ရေး ဆောင်ရွက်နေမှု၊ ရင်ခွင်ပိုက်ကလေးငယ်များအား ပြုစုစောင့်ရှောက်ထားရှိမှုများနှင့် ဂေဟာအတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှု၍ ကလေးများကို ရင်းနှီးချစ်ခင်စွာနှုတ်ဆက်ကာ အရုပ်နှင့် မုန့်များ လက်ဆောင်ပေးအပ်ကြသည်။

### နှစ်သစ်ကူးဆုတောင်း

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာန ၃ ခုမှ အရာထမ်း၊ အမှုထမ်းများက မြန်မာ့ရိုးရာ အတာသင်္ကြန် ကြိုဆိုပွဲအခမ်းအနားကို ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နှစ်သစ်ကူးဆုတောင်းစကား ပြောကြားခြင်း၊ ဝန်ထမ်းများက သင်္ကြန်ရိုးရာယိမ်းအကများဖြင့် ကပြဖျော်ဖြေခြင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဆုငွေချီးမြှင့်ခြင်းနှင့် နှစ်သစ်ကူးအတာရေဖြင့် ပက်ဖျန်းဆုတောင်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


# အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ(၈)တွင် ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် တိုင်းရင်းသား လူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကို သော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှုများကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းကို ဖြစ်စေနိုင်သည့် အကြောင်းအရာများကို သော်လည်းကောင်း ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရန် ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် ပုံနှိပ်စက်များ၊ ပုံနှိပ်တိုက်များ၊ **Digital Printing Machine** များဖြင့် လုပ်ငန်းဆောင်ရွက်သည့် **ဗီနိုင်းပုံနှိပ်လုပ်ငန်းများ၊** အင်တာနက်သတင်းဖြန့်ချိသောနည်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော သတင်းအေဂျင်စီများသည် အထက်ဖော်ပြပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာများကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**




# ပြည်ထောင်စုဝန်ကြီး ဦးကိုကို အနုပညာဦးစီးဌာနရှိ အနုပညာရှင်ဝန်ထမ်းများ လေ့ကျင့်ဇာတ်တိုက်မှု ကြည့်ရှုအားပေး၊ သိုလှောင်ရုံတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ရုံးအမှတ်(၃၅)ရှိလေ့ကျင့်ရေးဇာတ်ရုံတွင် အနုပညာရှင်ဝန်ထမ်းများ လေ့ကျင့်ဇာတ်တိုက်နေမှုနှင့် အနုပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် သိုလှောင်ရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**အနုပညာအရည်အသွေးတိုးတက်ရန်**

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီခွဲတွင် ရုံးအမှတ်(၃၅)ရှိ လေ့ကျင့်ရေးဇာတ်ရုံသို့ ရောက်ရှိပြီး အနုပညာဦးစီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ မပျောက်ပျက်စေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်စေရန်၊ အနုပညာအရည်အသွေးများ တိုးတက်မြင့်မားစေရန်၊ နိုင်ငံအချင်းချင်း ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်များ ဆောင်ရွက်နိုင်ရန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ထုတ်လုပ်ဌာနခွဲမှ အနုပညာရှင်များ၏ မြန်မာ့ဆိုင်းဝိုင်းကြီး တီးခတ်လေ့ကျင့်မှုနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက လေ့ကျင့်မှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက အနုပညာရှင်ဝန်ထမ်းများ လေ့ကျင့်နေမှုနှင့် စပ်လျဉ်း၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကနှင့် အတီးများ သမားစဉ်မပျက်စေရေး၊ ရိုးရာမူမှန် အနုပညာရပ်များ မတိမ်ကော မပပျောက်စေရေး၊ မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များ လူငယ်လူရွယ်များထံသို့ လက်ဆင့်ကမ်းဖြန့်ဝေနိုင်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်ဖြစ်သောကြောင့် ယဉ်ကျေးမှုကို ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်ကို တန်ဖိုးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

**အရည်အသွေးပြည့်မီစွာ တည်ဆောက်ရေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖျော်ဖြေရေးသုံးအဝတ်အစားများ၊ ဆိုင်းပစ္စည်းများ၊ ဇာတ်ရုံသုံးမီးပစ္စည်းများ၊ ဇာတ်ရုံသုံးအသံပစ္စည်းများ ထိန်းသိမ်းထားရှိမှုနှင့် အနုပညာရှင်ဝန်ထမ်းများ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ဆောင်ရွက်ရန် လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများ စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ အနုပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်လျက်ရှိသော သံကူကွန်ကရစ်နှစ်ထပ်သိုလှောင်ရုံ တည်ဆောက်နေမှု လုပ်ငန်းခွင်သို့ရောက်ရှိပြီး တင်ဒါအောင်မြင်သည့် မြန်မာပြည့်ဝ အောင်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက လိုက်လံရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်း၊ သတ်မှတ်နည်းပညာများနှင့်အညီ အရည်အသွေးပြည့်မီစွာ တည်ဆောက်ရေး၊ ရေ၊ မီး ပြည့်စုံကောင်းမွန်စွာ ထည့်သွင်းရေးနှင့် သိုလှောင်ရုံဖြစ်သည့်အတွက် ခြနှင့် ပိုးမွှားအန္တရာယ်များ ကာကွယ်နိုင်ရန် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် ထိခိုက်မှုမရှိစေရေးနှင့် အခြားလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့်သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေး အစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၁၁၄၅/၀၆၇-၃၄၁၁၆၃၆-လိုင်းခွဲ/၈၃၂သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

▼ ရှေ့ဖုံးမှ

မေ ၁၀ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်စိမ်းအတွဲများ ရောင်းချခဲ့ရမှုများ အနေဖြင့် ကျောက်စိမ်းအတွဲအမှတ် (၁) မှ အတွဲအမှတ် (၄၅၀) အထိ အတွဲပေါင်း (၄၅၀) တွင် ကျောက်စိမ်းအတွဲ ၃၂၆ တွဲကို မြန်မာငွေကျပ် ၃၉၂၂၆၉၇၃၁၁ ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် (၄၅၁) မှ အတွဲအမှတ် (၉၀၀) အထိ ကျောက်စိမ်းအတွဲပေါင်း ၄၅၀ တွင် အတွဲပေါင်း ၄၀၇ တွဲကို မြန်မာငွေကျပ် ၃၅၁၀၁၉၉၇၀၈ ဖြင့်လည်းကောင်း၊ ကျောက်စိမ်း အတွဲအမှတ် (၉၀၁) မှ အတွဲအမှတ် (၁၃၅၀) အထိ အတွဲပေါင်း ၄၅၀ တွင် ကျောက်စိမ်း အတွဲ ၄၃၂ တွဲကို မြန်မာငွေကျပ် ၉၂၀၃၉၄၅၇၀၇ ဖြင့်လည်းကောင်း ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီရွှေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၄) ရက်မှ (၁၁) ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည် -

(က) **လေ့ကျင့်ခန်းဧရိယာ(၁)**

(၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်
(၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်


(ခ) **လေ့ကျင့်ခန်းဧရိယာ(၂)**

(၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်
(၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်
(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

(ဂ) **လေ့ကျင့်ခန်းဧရိယာ(၃)**

(၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်
(၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်
(၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်
(၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။




## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ ဆူပူအကြမ်းဖက်သူ ၅၀ ခန့်က ဆီဘောက်ဆာယာဉ်မောင်းထံမှ ဖုန်းနှင့် ပိုက်ဆံများလုယူပြီး ဆီဘောက်ဆာယာဉ်ကို မီးရှို့ဖျက်ဆီး



**နေပြည်တော် ဧပြီ ၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ ဆူပူအကြမ်းဖက်သူ ၅၀ ခန့်က ဧပြီ ၈ ရက်တွင် ဆီဘောက်စာယာဉ်မောင်းထံမှ ဖုန်းနှင့်ပိုက်ဆံများလုယူပြီး ဆီဘောက်ဆာယာဉ်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဧပြီ ၈ ရက် ညနေ ၄ နာရီခွဲခန့်တွင် မြိုင်မြို့နယ် မြိုင်-ဂန့်ဂေါ သွားကားလမ်းပေါ် လက်ပံတိုရေနံမြေမှ မုံရွာမြို့နယ် ကျောက်ကာကျေးရွာသို့ မြိုင်မြို့နယ် သနပ်ရင်းကျေးရွာနေ သန်းကျော် (၃၃နှစ်) (ဘ) ဦးကျော်မင်း မောင်းနှင်ပြီး ဗဟင်းကျေးရွာနေ လှမင်းသူ (၂၃နှစ်) (ဘ) ဦးကျော်မင်း လိုက်ပါလာသည့် YGN 4K-xxxx နံပါတ်ပါ ၂၂ ဘီး ဆီဘောက်ဆာယာဉ်ကို တောင်ရိုးကျေးရွာနှင့် သံချောင်းကျေးရွာအကြား အရောက်တွင် မျက်နှာကို ပုဆိုးများဖြင့် စည်းထားသည့် ဆူပူအကြမ်းဖက်သူ အမျိုးသား ၅၀ ခန့် (စိစစ်ဆဲ)မှ ဆိုင်ကယ်အစီး ၃၀ ခန့်ဖြင့် လမ်းပိတ်ဆို့တားဆီးကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ၂ ဦးကို ယာဉ်ပေါ်မှ ဆင်းခိုင်းပြီး ယာဉ်မောင်းဖြစ်သူ သန်းကျော်ထံမှ ဖုန်း ၂လုံးနှင့် ငွေကျပ် ၃ သိန်းတို့ကို လုယူခဲ့ပြီး ယာဉ်ခေါင်းခန်းအား မီးရှို့၍ သံချောင်းကျေးရွာဘက်သို့ ဆိုင်ကယ်များဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များမှ သွားရောက် မီးငြှိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါယာဉ်၏ ယာဉ်ခေါင်းတွဲ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်တွင် ဆီဘောက်ဆာယာဉ်မောင်းထံမှ ဖုန်းနှင့် ပိုက်ဆံများလုယူပြီး ယာဉ်ကို မီးရှို့ဖျက်ဆီးကာ မင်းမဲ့စရိုက်ပုံစံဖြင့် အကြမ်းဖက်လုယက် ဖျက်ဆီးခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊မမှန်သတင်းများအား ဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ Social Pumishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက် ရှိသူများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူနိုင်ရေး သတင်းထုတ်ပြန် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်ထားသည့် ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့ ၂ ဦးအား တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ယနေ့ညနေ ၃ နာရီခွဲခန့်တွင် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းထားသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းများမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်တာနက်လူမှုကွန်ရက်များပေါ်တွင် လူပုဂ္ဂိုလ်ဆိုင်ရာစော်ကားအသရေဖျက်မှုများကို တရားစွဲတိုင်တန်းနိုင်ကြောင်း အသိပေးထုတ်ပြန်ခြင်း

လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ နစ်နာမှုကိုဖြစ်စေသည့် အင်တာနက်လူမှုကွန်ရက်ပေါ်မှ အသရေဖျက်သူ၊ ခြိမ်းခြောက်သူများကို ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် အရေးယူနိုင်ပြီး ပြစ်မှုကျူးလွန်သူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါသည်။ ထို့အပြင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၈-ခ အရ လည်းအရေးယူနိုင်ပါသည်။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၈-ခ တွင် "မည်သူမဆို သက်ဆိုင်ရာပုဂ္ဂိုလ်၏ ခွင့်ပြုချက်မရှိဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို ရယူခြင်း၊ ဖွင့်ချခြင်း၊ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဦးတစ်ယောက်ထံသို့ ပေးပို့ခြင်း သို့မဟုတ် အလွဲအသုံးပြုခြင်းဖြစ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၂၇-ဂ(၂)အရ အစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့က ပြစ်မှုဆိုင်ရာကိစ္စရပ်များအလိုက် စီမံဆောင်ရွက်ခွင့်အာဏာဖြင့် ဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူစုစည်းခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းနှင့် တရားရုံးတစ်ခုခုတွင် သက်သေခံအဖြစ် တင်သွင်းခြင်းကို ဆောင်ရွက်နိုင်ပါသည်။

သို့ပါ၍ အင်တာနက်လူမှုကွန်ရက်ကို အသုံးပြု၍ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ နစ်နာမှုကိုဖြစ်စေသည့် အင်တာနက်လူမှုကွန်ရက်ပေါ်မှ အနိုင်ကျင့်စော်ကား အသရေဖျက်မှု ပြုလုပ်သူများကို နစ်နာသူများအနေဖြင့် တရားစွဲဆိုတိုင်တန်းနိုင်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ် ဖမ်းဆီး

**နေပြည်တော် မေ ၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို ပြုလုပ်သူ၊ လက်ဝယ် ထားရှိသူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မေ ၉ ရက် နံနက် ၁ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မှော်ဘီမြို့နယ် ဘိုးဒေါနကျေးရွာနေ အေးနိုင် (၃၁နှစ်) (ဘ) ဦးယဉ်ထွေး၏နေအိမ်ကို သတင်းအရဝင်ရောက်ရှာဖွေခဲ့ရာ အေးနိုင်အား မတွေ့ရှိရဘဲ ယင်းနေအိမ်အတွင်းမှ ဓား ၂ လက်၊ ဂျင်ကလိ ၁၀ ချောင်း၊ သံပိုက်လုံး ၃ ချောင်း၊ လောက်စာလုံး ၃၀ နှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ နံနက် ၅ နာရီ ၄၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တွံတေးမြို့နယ် တံခွန်တိုင်ကျေးရွာနေ ကျင်စိုး (၄၉နှစ်) (ဘ) ဦးအောင်ရှိန်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ကျင်စိုးထံမှ လက်လုပ်ဂက်(စ်)သေနတ် ၁ လက်ကိုလည်းကောင်း၊ နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါကျေးရွာနေ စည်သူလွင် (၂၀နှစ်) (ဘ) ဦးဝင်းနိုင်၏ နေအိမ်ကို ဆက်လက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်မှ စည်သူလွင်နှင့်အတူ လက်လုပ်ဂက်(စ်)သေနတ် ၁ လက်နှင့် ဓားအလက် ၂၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။ **(ယာပုံ)**

**ဖမ်းဆီးရမိ**

ထို့အတူ နံနက် ၇ နာရီခွဲတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက်နေ ထွန်းထွန်းနိုင်(၅၄နှစ်) (ဘ) ဦးထွန်းဆိုင်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ထွန်းထွန်းနိုင်နှင့်အတူ ဓား ၃ လက်၊ သံတုတ် ၁ ချောင်း၊ သစ်သားတုတ် ၄ ချောင်း၊ ကင်မရာ ၁ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်နေစဉ် ဒဂုံ(အရှေ့ပိုင်း) မြို့နယ် (၁၃၃)ရပ်ကွက် First Fortune သံထည်စက်ရုံဘေး ရေမြောင်းအတွင်းမှ ပီနံအိတ်ဖြင့် ထုပ်ထားသော ဒူးလေး ၂ လက်၊ ပြုလုပ်ဆဲ ဒူးလေး ၇၉ လက်၊ မြားတံအချောင်း ၃၀၀၊ မြားတံပြုလုပ်မည့် သံချောင်း ၁၈၅ ချောင်း၊ ဒူးလေးတွင်တပ်ဆင်မည့် သားရေကြိုး ၁၆၀၊ လောက်စာအိမ် ၁၃၅ ခု တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

ထို့အတူ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၉) ခါတော်မီကွက်သစ်နေ ကျော်မင်းလတ် (၂၆နှစ်) (ဘ) ဦးမောင်ညို၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်အတွင်းမှ ကျော်မင်းလတ်နှင့်အတူ လေသေနတ် ၁ လက်ကို သိမ်းဆည်းရမိခဲ့ကြောင်း။

**လက်လုပ်ဗုံး ၅ လုံး သိမ်းဆည်းမိ**

အလားတူ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် အလုံမြို့နယ် ဂဠုန်ရပ်ကွက် ကွင်းကျောင်းလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အမှိုက်ပုံးအနီး၌ မသင်္ကာဖွယ်အထုပ် ၁ ထုပ်တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အမည်းရောင်ကြွပ်ကြွပ်အိတ်အတွင်းမှ အရှည် ၂ လက်မခွဲခန့်ရှိ လုံးပတ် ၁ လက်မခန့်ရှိ ကော်ပိုက်အတွင်း ယမ်းမှုန့်များထည့်၍ အပြင်ဘက်တွင် သံမှိုများကို တိပ်ဖြင့်ပတ်ထားသည့် စနက်တံပါ လက်လုပ်ဗုံး ၅ လုံးကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။



ထို့အတူ နံနက် ၁၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်နေစဉ် တာမွေမြို့နယ် ကျားကွက်သစ်လမ်းနှင့် သတိပဋ္ဌာန်လမ်းထောင့်အရောက်၌ ဒဂုံ(တောင်ပိုင်း)မြို့နယ် (၂၂) ရပ်ကွက်နေ သက်ထက်စိုး (၁၈နှစ်)(ဘ) ဦးသက်ပါ အမျိုးသား ၃ ဦးကို စစ်ဆေးခဲ့ရာ ၎င်းတို့ထံမှ စကားပြောစက် ၁ လုံး၊ လက်လုပ်ဗုံး ၁ လုံး၊ ကင်မရာ ၂ လုံးနှင့် ခေတ်ငွေ့ကာမျက်မှန် ၁ ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

**ဆန့်ကျင်ရေးလှုံ့ဆော်စာတွေ့ရှိ**

အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက်ရှိ မိတ်ကပ်နှင့် အလှဖန်တီးရှင် မေဦး၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ မေဦးအား မတွေ့ရှိရဘဲ ၎င်းနေအိမ်အတွင်းမှ ခဲသီး ၁၀၀၊ ကျင်စက် ၁ ချောင်း၊ မျက်နှာဖုံးစွပ် ၁၀ ခု၊ လက်အိတ် ၆ စုံ၊ ဒူးစွပ် ၃ ခု၊ ရောင်စုံခရာ ၁၀ ခု၊ သပိတ် ၉ လုံး၊ ခေတ်ငွေ့ကာမျက်မှန် ၃ ခု၊ ဖိုက်ဘာဦးထုပ် ၃ လုံး၊ နိုင်ငံတော်ဆန့်ကျင်ရေးလှုံ့ဆော်စာသားများပါ ဗီနိုင်းနှင့် ကတ္တူပြားများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် ဧပြီ ၉

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအား ဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှု ဖြစ်ပေါ်စေရန်နှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း၊ Social Pumishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

## ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | စိန်ဒူးဝါး မင်္ဂလာဆိုင်း https://www.facebook.com/seinduuwar | စိန်ဒူးဝါး  | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Thanthan Nwe https://www.facebook.com/thanthan.nwe.395 | သန်းသန်းနွယ်  | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | Shwe Witt Hmone https://www.facebook.com/shwewitt.hmone.75 | ရွှေဝတ်မှုံ  | ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Aung Kyaw Soe https://www.facebook.com/aung.kyawsoe.92754 | အောင်ကျော်စိုး  | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | Aye May https://www.facebook.com/aye.may.94849 | အေးမေ  | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | Chit Yi Hlaing https://www.facebook.com/chityi.hlaing | ချစ်ရီလှိုင်  | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | Tin Win Soe https://www.facebook.com/tin.w.soe | တင်ဝင်းစိုး  | စင်ကာပူနိုင်ငံ | ၅၀၅-က |  |
| ၈ | ဂွစာ https://www.facebook.com/gwasar.mdy | ပြည့်ဝထွန်း  | မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ညဏ် လှိုင် https://www.facebook.com/profile.php?id=100012041709179 | ညဏ်လှိုင်  | မေတ္တာမြိုင်ရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | အောင်ငြိမ်းကျော် https://www.facebook.com/desuukyaw29 | အောင်ငြိမ်းကျော်  | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၁ | U Paing https://www.facebook.com/yan.paingoo.1865 | ရန်ပိုင်ဦး  | ပေါင်းတလည်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | Aung Min https://www.facebook.com/profile.php?id=100011010541021 | အောင်မင်း  | တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | Thi Thi Aung https://www.facebook.com/profile.php?id=100013107032707 | သီသီအောင်  | ဇိုင်းကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၄ | Myo Htike Tan Thein https://www.facebook.com/myothein19 | မျိုးထိုက်တန်သိန်း  | အမှတ်(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၅ | Pyae Phyo Thu https://www.facebook.com/profile.php?id=100026729439850 | ပြည့်ဖြိုးသူ  | မြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၆ | Win Zaw Khaing https://www.facebook.com/winzaw.khaing.9 | ဝင်းဇော်  | ကျောင်းလမ်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၇ | ကိုဖေဇော် https://www.facebook.com/profile.php?id=100035178437722 | တင်ဖေ  | မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၈ | U Thet Htoon https://www.facebook.com/thet.htoon.3 | သက်ထွန်း  | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၉ | Zayar Phyo (ဇေယျာနွေဦး) https://www.facebook.com/sawzayyar.phyo | ဇေယျာ  | တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် | ၅၀၅-က |  |
| ၂၀ | Aung Ye Pyae https://www.facebook.com/aungye.pyae | အောင်ရဲပြည့်  | ကလောမြို့နယ်၊ ရှမ်းပြည်နယ် | ၅၀၅-က |  |

အထက်ပါပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဧပြီ ၉


မုတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၀ ဒသမ ၅၁ လက်မ၊ မိုးမိတ်မြို့တွင် ၀ ဒသမ ၂၈ လက်မ၊ သီပေါမြို့တွင် ၀ ဒသမ ၂၀ လက်မ၊ ကျောက်မဲမြို့၊ ကိုကိုးကျွန်းမြို့နှင့် လောင်းလုံမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီနှင့် ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅

(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၃၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ

ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း

ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၉-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၈-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၁,၉၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၁,၅၈၅) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၅၇၂) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၄၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

**** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေး အတွက် -**

- **နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊**
- **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ် အတွင်း ကတ္တရာလမ်းချဲ့ထွင်ခြင်း (၃၁၁၇ပေx၂၄ပေx၁၅လက်မ)မြေသားရေမြောင်းအပါနှင့် Box Culvert (ပေ ၄၀x၃ပေx၃ပေ) (၃)စင်းနှင့် Box Culvert (၁၈ပေx ၃ပေx၃ပေ) (၈)စင်း တည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ် ယူမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၂၀-၄-၂၀၂၁ရက်မှ ၂၉-၄-၂၀၂၁ရက်အထိ |
| (ခ) | **တင်ဒါပုံစံရောင်းချမည့်အချိန်** | - | နံနက် ၉:၀၀နာရီမှ ညနေ ၄:၀၀နာရီအထိ (ရုံးချိန်အတွင်း) |
| (ဂ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းဆတ်မြို့ |
| (ဃ) | **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** | - | ၃-၅-၂၀၂၁ရက် နံနက် ၁၀:၀၀နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - | ၄-၅-၂၀၂၁ရက် နံနက် ၁၀:၀၀နာရီ |
| (စ) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - | ခရိုင်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းဆတ်မြို့ |

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများသည် ကုမ္ပဏီတံဆိပ်နှင့် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာကိုယ်တိုင် (သို့မဟုတ်) ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဦးပါရှိမှသာ တင်ဒါလျှောက်လွှာဝယ်ယူခွင့်ပြုမည်။

၄။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းဆတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၆၀၂၁၁၊ ၀၈၄-၂၀၆၀၂၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး

ကြီးကြပ်မှုကော်မတီ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေနှင့်အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ မိုးမကျမီအချိန်မီပြီးစီးနိုင်ရေးအတွက် လိုအပ်သော လမ်းခင်းပစ္စည်း(ကတ္တရာနှင့် ကျောက်အရွယ်စုံ စသည့်)များအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်း အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | လျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၂၀-၄-၂၀၂၁ရက် (အင်္ဂါနေ့) |
| (ခ) | တင်ဒါလျှောက်လွှာပိတ်ရက် | - | ၂၃-၄-၂၀၂၁ရက်(သောကြာနေ့) ညနေ ၄:၃၀ နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - | ၂၆-၄-၂၀၂၁ရက်(တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော် (စီလမ်းဆုံး) |

**တင်ဒါစိစစ်ရေးကော်မတီ**

**ဖုန်း-၀၉-၂၅၀၉၀၂၀၀၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ဃ/၁၇၃၁၈ Kenbo-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဝေ ၉/ပဗသ(နိုင်)၀၁၆၀၆၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ် (၁၄)၊ ဧရိယာ ၀ဒသမ ၀၂၅ ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူ ဦးကြည်(ဘ) ဦးထွန်းလှ ၉/ ပမန(နိုင်)၀၁၀၅၈၄ မှ ဘိုးဘပိုင်မြေ အမည်ပြောင်းမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်သန်းသန်းကြည် ၉/ပမန(နိုင်)၀၁၀ ၅၈၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ၄/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဧပြီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၄/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲ မစတင်မီတက်ရောက်လာကြသူများအား COVID-19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

*စာမျက်နှာ ၂၀ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၄/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမိန့်အမှတ် ၅၅/ ၂၀၂၁ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၅၅/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုဖြစ်စဉ်များ ဆက်လက်ပေါ်ထွက်လျက် ရှိနေပါသည်။ ထို့အပြင် COVID-19 ရောဂါပိုး၏ သဘာဝအရ လူစုလူဝေးဖြစ်သော နေရာများတွင် ကူးစက်မှုနှုန်း ပိုမိုမြင့်မားနိုင်ပါသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲသည် သာမန်အားဖြင့် လူစုလူဝေးဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသဖြင့် လက်ရှိ COVID-19 ဖြစ်ပွားလျက်ရှိသည့် အခြေအနေအရ ကူးစက်ပြန့်ပွားမှုများ ပိုမိုများပြားလာနိုင်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလအတွင်း COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမှ ကာကွယ်နိုင်ရေးအတွက် အောက်ဖော်ပြပါအချက်များကို တိကျစွာလိုက်နာရန် လိုအပ်ပါသည်-

**အထွေထွေလိုက်နာရန် အချက်များ**

၂။ (က) ရေကစားရန် စုဝေးသည့်နေရာ၊ ရေကစားမည့်နေရာ၊ စတုဒိသာကျွေးမည့် နေရာများ ပြင်ဆင်ရာတွင် လိုလောက်သည့် Physical Distancing ရရှိစေရေးအတွက် နေရာပြင်ဆင်ရာတွင် အတတ်နိုင်ဆုံး သတ်မှတ်အကွာအဝေး (၆)ပေ ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ရန်၊

(ခ) မဏ္ဍပ်ပြုလုပ်၍ ရေကစားလိုပါက ပေ(၂၀)ပတ်လည် ထက်မပိုသော မဏ္ဍပ်ကိုသာ ပြုလုပ်ရန်၊ (ဥပမာ-မြန်မာ့ရိုးရာ အုန်းလက်ရေကစားမဏ္ဍပ်)

(ဂ) လူစုလူဝေးဖြစ်ပွားစေနိုင်သော ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းဆောင်ရွက်ခြင်း လုံးဝမပြုလုပ်ရန်၊ (လူစုလူဝေးဖြစ်ပွားမှုမရှိစေရန်နှင့် လိုအပ်သော Physical Distancing ရရှိစေရန်အတွက် ဖြစ်ပါသည်။)

(ဃ) ရေကစားရာတွင် လူစုလူဝေးမဖြစ်စေရန်နှင့် သတ်မှတ်ထားသော အကွာအဝေးမှ ရေကစားခြင်းပြုလုပ်ရန်၊

(င) ရေကစားမည့်နေရာသို့ လာရောက်သူများအားလုံးသည် ခွဲစိတ်ခန်းသုံးပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) နှင့် မျက်နှာအကာ(Face Shield)အား တွဲဖက်၍ မဖြစ်မနေ တပ်ဆင်ရန်၊ Surgical Mask ရေစိုပါက အသစ်လဲလှယ်တပ်ဆင်ရန်၊ Surgical Mask တပ်ဆင်ထားရန်ခက်ခဲသောအခြေအနေ (အထူးသဖြင့် ရေကစားချိန်)တွင် မျက်နှာအကာ (Face Shield) အား မဖြစ်မနေ စနစ်တကျ တပ်ဆင်ထားရှိရေး ကြီးကြပ်ဆောင်ရွက်ရန်၊

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍

## စက်ပိုင်းဆိုင်ရာ မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်ရန်အတွက် မြန်မာ့ပညာရေး ရုပ်သံလိုင်းထုတ်လွှင့်မှု ခေတ္တရပ်နားမည်

**နေပြည်တော် ဧပြီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်း၍ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနက စီစဉ်ထုတ်လွှင့်နေသည့် **မြန်မာ့ပညာရေး ရုပ်သံလိုင်း**ကို စက်ပိုင်းဆိုင်ရာ မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်ရန် လိုအပ်သောကြောင့် ဧပြီ ၉ ရက် မွန်းလွဲ ၂ နာရီမှ ဧပြီ ၁၇ ရက်အထိ ထုတ်လွှင့်နေမှုကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် စမ်းသပ်ထုတ်လွှင့်မှုများ ဆောင်ရွက်ပြီး ဧပြီ ၂၀ ရက်မှ စတင်၍ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ မြန်မာ့ပညာရေးရုပ်သံလိုင်းကို ပုံမှန်ပြန်လည်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယူရိုပါလိဂ်ကွာတားဖိုင်နယ် ပထမအကျော့တွင် ဂရန်နာဒါကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည့် မန်ယူ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် ဂရန်နာဒါအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို ဧပြီ ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းအတွက် ဂိုးများကို ရက်ဖို့ဒ်နှင့် ဖာနန်ဒက်ဇ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ဂရန်နာဒါအသင်းသည် ယူရိုပါလိဂ်ကွာတားဖိုင်နယ် ပထမအကျော့တွင် မန်ယူအသင်းကို အသာစီးရယူနိုင်ရန်အတွက် ကနေဒီ၊ ဟာရဲရား၊ ဆိုလ်ဒါဒိုစသည့် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ မန်ယူအသင်းကလည်း

*စာမျက်နှာ ၁၂ ကော်လံ ၅* ❈



## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

**နေပြည်တော် ဧပြီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ (၃) စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www.issuu.com/myanmarnewspaper တွင် လည်းကောင်း၊ Myanmar Digital News _ MDN ဖေ့စ်ဘွတ်စာမျက်နှာတွင် လည်းကောင်း ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

**ထွက်ပြေးတိမ်းရှောင်နေသည့် Open Society Myanmar ရုံးအဖွဲ့ဝင်များအား ဖမ်းဆီးနိုင်ရေး သတင်းထုတ်ပြန်ချက်**

စာ ၂၂